
www.burmeseclassic.com

# သက်ဖျောက်သစ်ပင်

ဒဿကျော်နွာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၀၀၄၁၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၀၃၄၀၁၁၀ |
| ထုတ်ဝေသူ | – | ဦးဝင်းယုရလွင် (အိပ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဦးဇော်မြင့်ဝင်း (ကာလာဂုဏ်ပုံနှိပ်တိုက်) ၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | – | Dai Tha Gira |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် ဩဂုတ်လ၊ ၂၀၁၀ ခုနှစ် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ဒဿကျော်စွာ

သက်ပျောက်သစ်ပင်/ ဒဿကျော်စွာ ။ – ရန်ကုန် ၊

အိပ်မက်အသစ် ၊ ၂၀၁၀။

၁၈၃ – စာ၊ ၁၂ × ၁၈ . ၅ စင်တီမီတာ။

(၁) သက်ပျောက်သစ်ပင်


| | | |
|---|---|---|
| [illegible] | [illegible] | ဝေမှူးသွင် |
| [illegible] | [illegible] | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ | အနေးသွားလွန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးဝေဇ |
| ၁၇။ | စောင့်နေသူ | သတိုးဝေဇ |
| ၁၈။ | ညဦးနက်သန်းခေါင်ခွေးတစ်ဖဟောင် | သတိုးဝေဇ |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိန္တာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | စွဲလမ်းခြင်းခရီးသည် | သတိုးဝေဇ |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဝေဇ၊ ဒေဝလကျော် |
| ၂၆။ | ညည်းတွားမြိုက်တဲ့ဗုံသံ | သတိုးဝေဇ |
| ၂၇။ | ဦးရှင်ကြီး | ဒိဗ္ဗကျော်စွာ |
| ၂၈။ | ပန်းဝင်စား | ဝေမှူးသွင် |
| ၂၉။ | ခေးရယ် | လူနေ |
| ၃၀။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၁။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒိဗ္ဗကျော်စွာ |
| ၃၂။ | ဘာဆိုလားပဲ | လူနေ |
| ၃၃။ | ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး | ဝေမှူးသွင် |
| ၃၄။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၅။ | စေညွှန်ရာကြမ္မာဆိုး | သတိုးဝေဇ |
| ၃၆။ | 25 | လူနေ |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဝေမှူးသွင် |
| ၃၈။ | အလင်းအမှောင်ကကြိုး | ဝေမှူးသွင် |
| ၃၉။ | မိုနိုပိုလီ | လူနေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒက္ခကျော်စွာ |
| ၄၁။ | လမိုက်ညမေးသံ | ဒဿကျော်စွာ |
| ၄၂။ | သွေးစက်ကွက်ရှင် | ဒက္ခကျော်စွာ |
| ၄၃။ | အချိုမြစ် | လူနေ |
| ၄၄။ | နတ်သမီးအဝေဆောင် | လူနေ |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿကျော်စွာ |
| ၄၆။ | ဘူတာကြီး | လူနေ |
| ၄၇။ | *သက်ပျောက်သစ်ပင်* | ဒဿကျော်စွာ |
| | **ဆက်လက်ထွက်ရှိမည့်စာအုပ်များ** | |
| ၄၈။ | စွယ်နီဆင်ရိုင်း | သတိုးဝေဇ |
| ၄၉။ | နဂါးခံတွင်းခရီးသည် | ဒဿကျော်စွာ |


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ဒဃကျော်စွာ

# သက်ပျောက်သစ်ပင်

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

စိမ်းစိုနေသော ပတ်ဝန်းကျင်သည် သူ၏စိတ်ကို ပို၍ကြည်လင်လန်းဆန်းသွားစေခဲ့၏။ သာယာလှပသော တောတောင်ပတ်ဝန်းကျင်များကြားမှ ထိုမြို့လေးသည် သူ့လို အစိုးရအရာရှိသစ်လေးအတွက် အပန်းဖြေ နေရာတစ်ခုလိုဖြစ်နေသည်ကို အံ့သြဖွယ် ခံစားလိုက်ရပေသည်။

မြို့နယ်စာရင်းစစ်ရုံးလေးမို့ ဝန်ထမ်းသိပ်မများပဲ ရှိသည့်ဝန်ထမ်းများမှာလည်း ကိုယ့်အလုပ်နှင့်ကိုယ် တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ရောက်စမို့ ပတ်ဝန်းကျင်ကို အကဲခတ်နေသော ကိုသိန်းဇော်မှာ ဘာရယ်မဟုတ် ထိုင်ခုံမှ အညောင်းပြေထရပ်ရင်း ရုံးခြံစည်းရိုးဘေးမှ မိန်းကလေး တစ်စုံထံသို့ အကြည့်ရောက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနကတည်းက ဆူဆူညံညံအသံကြားနေသည်မှာ သူတို့ပဲ ဖြစ်မည်ဟု မှတ်ချက်ချရင်း ပြတင်းပေါက်ဘောင်ပေါ် လက်ထောက်ရင်း ထိုနေရာသို့ လှမ်းကြည့်နေမိသည်။

ခဏအကြာတွင် မိန်းကလေးများမှာ ဒန့်သလွန်ပင်မှ ဒန့်သလွန်သီးများကို ခူးကာ ထိုနေရာမှ ထွက်သွားတော့၏။ ကစ်ယောက်သောမိန်းကလေးသာ မမှီမကမ်းကိုင်းမှ ဒန့်သလွန်သီးကို လှမ်းခူးရင်း ကျန်ခဲ့လေသည်။ သူမမှာ ဖော်ခန့် လှမ်းကြည့်နေသည်ကိုလည်း မြင်ပုံမရချေ။

ခြေဖျားထောက်လိုက် လက်မြှောက်ရင်း ခုန်လိုက်နှင့် တင်ပါးအောက်ထိရှည်သော သူမ၏ ဆံပင်ရှည်ကြီးမှာ ဝဲခနဲ ဝဲခနဲ လွင့်ဖြာသွားသည်မှာ အလွန်ကြည့်ကောင်းလေသည်။ ထို့ပြင် ရင်စေ့ခါးတို အင်္ကျီဝါအပွင့်နုပ်လေးနှင့် ယောထဘီနီညိုရောင်လေးကို ဝတ်ထားသောကြောင့် လက်မြှောက်လိုက်တိုင်း ဝင်းဝါဖြူနုသော သူမ၏ ခါးမှ အသားစိုင်တို့မှာ လှစ်ခနဲပေါ်လာတတ်၏။

တစ်ကြိမ်တွင် ဒန့်သလွန်ကိုင်းမှာ သူမလက်တွင်းသို့ မိမိရရပါလာလေတော့သည်။ သို့သော်-

"ဂျွပ် ဖြောက်"

ဟူသော မြည်သံနှင့်အတူ အရိုးဆတ်လှသော ဒန့်သလွန်ကိုင်းမှာ ကျိုးကျပြီး သူမလက်ထဲသို့ ပါလာတော့သည်။

သူမအလန့်တကြားပုံစံလေးနှင့် ဟိုဟိုသည်သည် ဝေ့ကြည့်



ရင်း ပြတင်းပေါက်တွင် လက်ထောက်ရပ်နေသော သူ့ကို မြင်သွားတော့သည်။

"ဟယ်"

သူမမှာ သူခိုးလူမိသွားသလို ရှက်ရွံ့ကြောက်လန့်သော အမူအရာနှင့် ဒန့်သလွန်ကိုင်းကိုကိုင်ကာ သူ့ဘက်သို့ လှည့်ကြည့်ပြန်လေသည်။ ကောင်းမလေးမှာ ရုံးခြံစည်းရိုးဘေးမှ ဒန့်သလွန်သီးနှင့် ကြောင်ချွာသီးများကို လာခူးနေကျဖြစ်နိုင်လေသည်။ သို့သော် ရုံးဝန်ထမ်းများမှာ ညအိပ်ညနေ မရှိသောကြောင့် မည်သူကမျှ ထိုအပင်များကို ရှုတစိုက် စောင့်ကြည့်ဟန်လည်း မတူချေ။ ယခုမူ သူမအား သေသေချာချာ စောင့်ကြည့်နေသူအား တွေ့ရသည့်အခါ အလွန်ရှက်သွားဟန်တူသည်။

ကိုသိန်းတန်မှာ အနေရခက်သွားသော ကောင်မလေးကို တစ်ချက် စိုက်ကြည့်ပြီး ထိုနေရာမှခွာကာ ခြံထဲသို့ ထွက်လာခဲ့၏။

ရုံးဘေးမှာ အသီးအရွက်များ ခူးခြင်းအတွက် မည်သို့မျှ သဘောမထားကြောင်းနှင့် သူဟာ ဒီမြို့သို့ရောက်လာသော ဝန်ထမ်းအသစ်ဖြစ်ကြောင်း မလိုအပ်ဘဲ သွားပြောချင်စိတ် ပေါက်လာသောကြောင့် ထိုမိန်းကလေးထွက်မသွားခင် ခြံထဲသို့ ခပ်သုပ်သုပ် ဆင်းလာခဲ့သည်။

သူ ထိုနေရာသို့ ရောက်သွားသောအခါ မိန်းကလေးမှာ သူ့အား ထိတ်လန့်တကြားကြည့်ရင်း ကိုင်ထားသော ဒန့်သလွန်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပင် လွှတ်ချလိုက်လေ၏။ သူမ၏မျက်လုံးအစုံမှာလည်း သူ့ကိုရှုစမ်းလိုခြင်းအပြင် လူစိမ်းတစ်ဦးအား မြင်လိုက်ရသော ကလေးငယ်ပမာ ကြောက်ရွံ့လျှက်ရှိသည်ကို တွေ့ရလေသည်။

သူမ၏ မျက်လုံးများမှာ သာမာန်ထက်ပို၍ နက်မှောင်ကာ မျက်တောင်ရှည်ကြီးများမှာလည်း အလွန်ကော့ပြီး ပန်းချီဆွဲထားသော အရုပ်နှင့်ပင် တူလှသည်။သွယ်စင်းဖြောင့်တန်းသော နှာတံလုံးလုံးလေးအောက်မှ မဟာတဟာပွင့်နေသော နှုတ်ခမ်းနှုတ်လွှာမှာလည်း နီရဲကာ စိတ်လှုပ်ရှားသလို အနည်းငယ် လှုပ်ရှားနေလေသည်။

သူမြင်ဖူးသမျှ မိန်းကလေးများထဲတွင် ထိုမိန်းကလေး၏ ဘဲဥပုံမျက်နှာလုံးလုံး ဝန်းဝန်းလေးမှာ ကြည့်လို့အကောင်းဆုံး မျက်နှာလေးပင် ဖြစ်သည်ကို သူတိတ်ဆိတ်စွာ ဝန်ခံလိုက်ရသည်။ ထိုထက်ပိုရလျှင် သူမအတော်လှပါသည်။

"ကိုယ့်ကို မကြောက်ပါနဲ့ ကိုယ်က တစ်နေ့ကမှ ဒီမြို့ကိုပြောင်းလာတဲ့ ရုံးဝန်ထမ်းအသစ်ပါ ဒါနဲ့ ညီမနာမည်က ဘယ်သူလဲ ဒီနားမှာဘဲ နေတာလား"

"ဟင့်အင်း"

ကောင်မလေးမှာ သူ့စကားဆုံးသောအခါ ခေါင်းကို ခပ်သွက်သွက်ခါရမ်းကာ ထိုနေရာမှ အပြေးကလေး ထွက်သွားတော့သည်။ သူမ၏ ဆံပင်များမှာ သူမပြေးအထွက် နောက်ကျောတွင် ဝေ့ဝဲကာ ကသုတ်ကရက် ပါသွားသည်ကို နှမြောတသစွာကြည့်ရင်း နေရာတွင်



ရုပ်ကျန်ခဲ့ရ၏။ တဆတ်ဆတ်တုန်နေသော နှင်းဆီဖူးရောင် နှုတ်ခမ်းများ ထိန့်လန့်စိုးရွံ့နေသော မျက်ဝန်းနက်များနှင့် မိန်းကလေး၏ အသွင်သည် သူ့ရင်ထဲတွင် ပဟေဠိတစ်ပုဒ်လို လှုပ်ခတ်ကျန်ခဲ့တော့သည်။ သူမ ဘာကို ထိတ်လန့်စိုး ရွံ့နေတာလဲဟု သူ့စိတ်ထဲတွင် ဘယ်မှ မေးနေမိ၏။ သို့သော် အဖြေသည်ကား ရေရေရာရာမရှိလှချေ။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရုံးခန်းထဲတွင် စာတမ်းများ၊ ဖိုင်တွဲများအား နေရာတကျစီရင်း နာရီကိုလှမ်းကြည့်လိုက်မိသည်။

ညနေခြောက်နာရီပင် ခွဲတော့မည်။ ရုံးတွင် မပြီးပြတ်သောစာရင်းဇယားများအား စစ်ဆေးရင်း အချိန်သည် ကုန်မှန်းမသိ ကုန်သွားသည်။ ရုံးခန်းသော့ကို သူ့ရှေ့စားပွဲတွင် မည်သူလာတင်သွားသည်ကိုပင် သူသတိမထားမိလိုက်။ သူ့စိတ်ထဲ မှတ်မှတ်ရရ သတိထားမိနေသည်မှာ နီဝါရောင်စုံ ရွက်လှပင်များကြားမှ သူ့အား ချောင်းကြည့်နေသော မျက်နှာဖူးဖူးလေးပင် ဖြစ်သည်။

မနက်က သူရုံးအလာတွင် မမျှော်လင့်ဘဲ သူမကို တစ်ခါပြန်တွေ့ရပြန်သည်။ သည်တစ်ကြိမ်တော့ သူမက ခြံထဲမှ သူ့ကိုချောင်းကြည့်နေတာဖြစ်၏။ သူ့မမြင်ဟန်ဆောင်၍ အိမ်ရှေ့မှ ဖျက်



လျှောက်လာခဲ့ရသော်လည်း ထိုမျက်နှာလေးအား စိတ်လွတ်လက်လွတ်တဝကြီး ထိုင်ကြည့်ချင်မိသည်။ သူ့လိုလူပင်မဟုတ် မည်သူမဆိုထိုမျက်နှာလေးကို မြင်လျှင် နောက်တစ်ကြိမ် ပြန်ကြည့်ချင်ကြမှာပင်ဖြစ်၏။

ရုံးတံခါးသော့ခတ်ပြီး ထွက်အလာတွင် အပြင်ပတ်ဝန်းကျင်တွင် မှောင်စပျိုးနေပြီဖြစ်၏။

ထိုကောင်မလေး၏ အိမ်နားအရောက်တွင် သူမအရိပ်အရောင်ကို တွေ့လိုတွေ့ငြား အိမ်ခြံစည်းရိုးထောင့် မန်ကျည်းပင်ကြီးနားတွင် ရပ်ရင်း အသာစောင့်ကြည့်နေမိသည်။

"ဝေါ ဝရော"

ရုတ်တရက် ပတ်ဝန်းကျင်သည် ချမ်းစိမ့်စိမ့်ဖြစ်လာသည်။ အနီးရှိ သစ်ပင်ကြီးမှာ တဝုန်းဝုန်း တဝေါဝေါနှင့် လှုပ်ခတ်လာသောကြောင့် သူပင်ကြက်သီးဖျန်းခနဲ ထသွားမိသည်။ ထိုစဉ် မှောင်မည်းမည်းထဲမှ လူတစ်ယောက် သီချင်းတအေးအေးနှင့် လျှောက်လာတော့သည်။

"သေချင်သေ ××× သေရင်မြေကြီးပါကွယ် ××× ရှင်ရင်လေ × ဟ နွားချေးပုံကြီး"

ထိုလူမှာ အတော်ရေချိန်ကိုက်လာပုံရသည်။ နွားချေးပုံကိုခလုတ်တိုက်မိဟန်တူသည်။ သီချင်းဆိုရင်း ကပေါက်တိကပေါက်ချာထအော်ပြန်၏။ ကိုသိန်းတန်မှာ မှောင်မည်းထဲမှ ဒယီးဒယိုင် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသူကို အသေအချာကြည့်လိုက်ရာ ရုံးမှ ရုံးလုလင် မောင်ချိုဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ထို့ကြောင့် အနီးရောက်မှ လှမ်းခေါ်ရန် အသာစောင့်နေလိုက်၏။

"ရွာအဝင်လမ်းဝယ် ××× အယ် ××× မောရင်း ပန်းရင်း ×××"

"မောင်ချို"

"ဗုဒ္ဓေါ၊ အောင်မလေး မဲလုံးရဲ့ … သံဗုဒ္ဓေ၊ အမျှ အမျှ"

အရက်သမားက အရေးထဲ အမျှဝေနေလိုက်သေးသည်။ ထို့နောက် မောင်ချိုမှာ သူ့အသံကြားလိုက်သည်နှင့် ကယောင်ကတမ်းအော်ကာ နောက်ကြောင်းလှည့်ပြေးမည်ပြုလေသည်။ ထို့ကြောင့် သူ့လက်ကို ကပျာကယာလှမ်းဆွဲထားရင်း

"မောင်ချို ငါပါကွ"

"အမလေး၊ ငါပါတဲ့ သရဲကမိတ်ဖွဲ့နေပြန်ပြီ လုပ်ကြပါဦးဗျ ဒီမှာသရဲက လက်အတင်းဆွဲထားလို့ပါဗျို့"

မောင်ချိုမှာ မူးမူးရူးရူး အသံပြဲကြီးနှင့် စွတ်အော်သောကြောင့် သူစိတ်တိုသွားသည်။

"မောင်ချို ဘယ်လိုဖြစ်နေတာလဲ၊ ငါပါဆို"

"အမေရဲ့ ဒုက္ခပါပဲ၊ အဲဒီ 'ငါ'ကို ကြောက်တာ၊ လွှတ်ပါဗျ"

"ဟာ၊ ဒီလောက်ဖြစ်လှတာ ကဲကွာ"



"ဖြောင်း"

"အင့်၊ အမလေး သူ့ရဲက နားရင်းတွေတီးကုန်ပြီဗျို့ ကယ်

မောင်ချိုမှာ သူ့အား သူရဲထင်ပြီး စွတ်ရွတ်အော်နေသောကြောင့် နားရင်းကို ခပ်ဆဆအုပ်ထည့်လိုက်ရာ ပိုပြီး အခြေအနေဆိုးလာတော့သည်။ ထို့ကြောင့် အသံကျယ်လှသော သူ့ပါးစပ်ကို အလျှင်အမြန်ပိတ်ကာ

"ဟိတ်ကောင်၊ ဘာသရဲလဲ ငါကွ သိန်းတန်"

"ဗျာ၊ ကို ကိုကိုသိန်းတန်"

"ဟုတ်တယ်၊ ငါ သိန်းတန် မင်းတို့ရုံးကအရာရှိ သိန်းတန်"

မောင်ချိုမှာ သောက်ပြီးသားအရှိန် အတော်လျော့သွားပုံရသည်။ ကွင်းသိုင်းလာသော ပုဆိုးကို ပြင်ဝတ်ကာ

"ဆရာကိုသိန်းတန်၊ ဒါနဲ့ ဒီမှာဘာလုပ်နေတာလဲဗျာ၊ တော်သေးတာပေါ့ဗျာ ကျုန်တော်က မဲလုံးထင်ပြီး လိပ်ပြာလွင့်မတတ်ကြောက်သွားတာ"

သူပြောသော မဲလုံးကို ကိုသိန်းတန်မသိပါချေ။ သို့သော် ထိုမဲလုံးကို မောင်ချို အတော်လေး ကြောက်နေပုံရသည်။

"ဘယ်ကမဲလုံးလဲကွ"

"မဲလုံးဆိုတာ ××× အမလေး ကြက်သီးတွေထလာပြီ ဒီနားမှာတော့ မပြောပါရစေနဲ့ဗျာ၊ လာ ကိုကိုသိန်းတန် လမ်းလျှောက်ရင်း ပြောမယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ချိုမှာ ယိုင်တိယိုင်တိုင်နှင့်ပင် သူ့ဘေးခွေကပ်ပါလာသည်။ နယ်မြို့ဆိုပေမယ့် တောကျကျမို့ လမ်းမီးရယ် ဘာရယ်လည်း နေရာအနှံ့မရှိချေ။ ထို့ကြောင့် မှောင်ရီပိုးတဝါးတွင်ပင် မောင်ချိုပြောသော တောင်စဉ်ရေမရ စကားကို အပြင်းပြေသဘောမျိုး နားထောင်ရင်း လျှောက်လာခဲ့၏။

"မဲလုံးဆိုတာ နှင်းနုနဲ့ ပတ်သက်နေတာဗျ"

နှင်းနုဆိုသည်မှာ သူရပ်နေသော ဟိုကောင်မလေးကို ဆိုလိုမှန်း သူအတတ်သိလိုက်သည်။

"မဲလုံးက နှင်းနုကိုစောင့်နေတာ ကိုကိုသိန်းတန်ရပ်နေတဲ့မှာက မန်ကျည်းပင်ကြီးမှာ ရှိတယ်ဗျ"

မောင်ချို့စကားအဆုံးတွင် သူမျက်မှောင်ကျုံ့လိုက်မိသည်။

"နှင်းနုကို စောင့်နေတယ်ဆိုတော့ အဲဒီသစ်ပင်ကြီးမှာ သူတို့နှစ်ယောက်ချိန်းထားလို့လား"

"အင်းပေါ့ ဟာ အစ်ကိုကလည်း ဘယ်ကချိန်းရမှာလဲ သရဲနဲ့လူနဲ့ ချိန်းတွေ့ပါ့မလား မကြံကောင်းမစည်ရာ"

"မင်းပဲ မဲလုံးကနှင်းနုကို သစ်ပင်ကြီးမှာ စောင့်နေတယ်ဆို"

"အင်းလေ ဟာ ရှုပ်ကုန်ပါပြီ အစ်ကိုရာ အရက်သောက်တာ ဒီလောက်မမူးဘူး အစ်ကိုပြောမှ ခေါင်းတွေတောင်မူးလာပြီ"

သူ ပြုံးလိုက်မိသည်။ အရက်သမားများ ကိုယ့်ဘာသာ



မူးတာကို တစ်ဖက်လူကို ရမယ်ရှာနိုင်ကြသေးသည်ဟု တွေးမိပြန်၏။

"ကျွန်တော်ပြောတာ မဲလုံးက နှင်းနုကိုစောင့်တာ၊ တွေ့ဖို့စောင့်တာ မဟုတ်ဘူး၊ နှင်းနုနားဘယ်ကောင်မှ မကပ်ရဲအောင် စောင့်နေတာ တစ်ခါက နှင်းနုကို ပိုးနေတဲ့ကောင်ကို သစ်ပင်ချိုးပြီး သတ်တာ အမလေး ပွဲချင်းပြီးပဲ"

မောင်ချိုကတော့ အတော်အမူးလွန်နေပြီထင်သည်။

"နှင်းနုက အဲဒီမဲလုံးနဲ့ ဘယ်လိုပတ်သတ်နေလို့လဲ"

"မဲလုံးနဲ့ နှင်းနုက ကြိုက်ခဲ့ကြတာပေါ့"

"အခု မဲလုံးက သေပြီပဲဟာ နှင်းနုလည်း သူကြိုက်ချင်တဲ့သူတွေ့ရင်"

"အမလေး တော် တော်ပါဗျာ၊ ရှိကြီးခိုးပါရဲ့ အဲဒါတော့ မပြောပါနဲ့ နှင်းနုနားကပ်တဲ့ကောင် ဘယ်သူမှ အသက်မရှည်ဘူး အသေဆိုးနဲ့ သေတာချည်းပဲ ပြောရင်း ကျောထဲက စိမ့်လာပြီ"

"ဒါ သက်သက် အယူသည်းပြီး အကြောက်လွန်နေတာပါကွာ"

"အစ်ကိုတို့ကလည်း အယုံအကြည်နည်းတယ်ထင်ပါ့"

မောင်ချိုက သူ့ကိုပင် ပြောင်ပြော တင်းတင်းဝေဖန်နေလိုက်သေးသည်။

"နှင်းနုက လှလည်းလှတယ် ပြီးတော့ အသက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ယ်သေးတာပဲ သူ့ တစ်နေ့ချစ်တဲ့သူတွေ့လာရင် အိမ်ထောင်ပြုမှာဘဲ တစ်နေ့မဟုတ် တစ်နေ့"

"အာ အစ်ကိုကလည်း တိုးတိုးပြောပါဗျာ၊ တော်ကြာ မဲလုံးကြားလို့"

"မင်းကွာ ကြောက်စရာမရှိ ကြံကြံဖန်ဖန် မမြင် ရတဲ့ဟာကို ကြောက်နေတယ်"

"မမြင်ရလို့ ကြောက်တာဆရာရဲ့ လူလူချင်းဆို ကျွန်တော်ဘယ်ကြောက်လိမ့်မလဲ ခုဟာက တော်ပါပြီဗျာ အနားမှာတောင် ရောက်နေပြီလားမသိဘူး ကြက်သီးတွေတဖျန်းဖျန်းထလာပြီ"

"မင်းကိုက အကြောက်လွန်နေတာ အဲဒီမဲလုံးသရဲကို ဘယ်သူမြင်ဖူးလို့လဲ၊ မင်းရောမြင်ဘူးလို့လား"

"ကျွန်တော်တော့ တစ်ခါမှ မမြင်ဖူးဘူးပေါ့ ဒါပေမယ့် ည,ည မဲလုံးသစ်ပင်ပေါ်က ဆင်းလာတာ မြင်ဖူးတဲ့လူတွေမြင်ဖူးတယ် ဆရာရဲ့ ဟိုဖက်ရပ်ကွက်က ညဆိုင်းဆင်းတဲ့ အလုပ်သမားတွေဆို ခဏ ခဏ အချောက်ခံရတာ"

သူဘာမှ ပြန်မပြောဘဲ မဲလုံးစကားကိုသာ နားထောင်နေလိုက်သည်။ သူနေသော အိမ်ရှေ့သို့ရောက်သောအခါ မဲလုံးက

"ဒါ ဒါနဲ့ အစ်ကို ကျွန်တော် အစ်ကိုနဲ့ရောယောင်လိုက်လာပြီး အိမ်ကိုမပြန်ရဲတော့ဘူး အဲဒါ"



သူ မောင်ချိုကိုကြည့်ပြီး သနားလည်းသနား ရယ်လည်းရယ်ချင်သွားသည်။

"ကဲ ဒါဆို ငါ့မှာ လက်နှိပ်ဓာတ်မီးရှိတယ် ယူသွားမလား"

မောင်ချိုက ခေါင်းကိုသွက်သွက်ခါရမ်းရင်း

"ဓာတ်မီးကရှေ့ပဲမြင်ရတာ နောက်လိုက်လာရင် ဘာ**ဆို**တာမှတ်လို့"

"ကဲကွာ၊ ဒါဆို ဒီည ငါနဲ့ပဲ အိပ်လိုက်ပါတော့ **ကြော်** ဒုက္ခ ဒုက္ခ၊ မဲလုံးကိုကြောက်တဲ့ ဒုက္ခ၊ မောင်ချို ကိုယ့်**အိမ်**တောင်ကိုယ် မပြန်ရဲတဲ့အဖြစ်ပါလား"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ထိုညက မောင်ချိုသည် သူ့အိမ်သို့ မပြန်ရဲတော့သဖြင့် ကိုသိန်းတန်၏အိမ်တွင်ပင် အိပ်လိုက်ရလေရာ မနက်မိုးလင်း၍ ထမင်းဟင်း လာပို့သော ဒေါ်နုရွှေကြီးလာမှပင် အိပ်ရာမှနိုးရလေတော့သည်။

"ဟဲ့ မောင်ချို၊ နင်ကပါ ဒီကဆရာနဲ့ လာအိပ်တာလား၊ ကောင်းတယ် ကောင်းတယ်၊ ဆရာအဖော် ရတာပေါ့"

ဟင်းချိုင့်ထဲမှ ဟင်းများကို ပန်းကန်ထဲသို့လှယ်ထည့်ရင်း ပြောလိုက်သော ဒေါ်နုရွှေ၏စကားအဆုံးတွင် မျက်နှာသစ်ပြီး အခန်းထဲသို့ဝင်လာသော ကိုသိန်းတန်က

"ဘယ်က အဖော်လာအိပ်ရမှာလဲ အဒေါ်ရယ်၊ ညက ဒီ



ကောင် သရဲကြောက်လို့ အိမ်မပြန်ရဲတာနဲ့ ဒီမှာဘဲ အိပ်နေတာ"

ထိုအခါမှ ဒေါ်နုရွှေသည် တဟားဟား အော်ရယ်လေတော့၏။

"မသိပါဘူး ဆရာရယ်၊ ကျွန်မက ဒီကောင်လေး ဆရာနဲ့ အဖော်လာအိပ်တယ်မှတ်လို့ လက်စသတ်တော့ ငမူးက သရဲကြောက်ပြီး ဆရာနဲ့ အိပ်ရတာကိုး"

မောင်ချိုမှာ ကောင်းစွာအိပ်ရေးဝပြီး အမူးပြေပြီဖြစ်သောကြောင့် ဒေါ်နုရွှေကို တစ်စုံတစ်ရာခွန်းတုန့်မပြောဘဲ ရှက်ကိုးရှက်ကန်းနှင့် ပြုံးရုံသာ ပြုံးနေလေတော့သည်။ ခဏအကြာ မောင်ချိုမှာ သူနှင့် ဒေါ်နုရွှေအား နှုတ်ဆက်ကာ ပြန်သွား၏။ ထိုအခါမှ

"ဒါနဲ့ ညက မောင်ချိုက ဘာကိုကြောက်ပြီး အိမ်မပြန်ရဲတာလဲ ဆရာ လှန့်လိုက်လို့လား"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ သူ့ဘာသာသူ ပြောပြီး လန့်နေတာ၊ ဒါနဲ့ အဒေါ်ကို မေးရဦးမယ်၊ ညက သူပြောတာ သိပ်ပြီးနားမလည်တာနဲ့ ပြီးတော့ သိပ်ပြီးယုတ္တိ မရှိဘူးထင်လို့"

"ဘာအကြောင်းမို့လဲကွဲ့"

"ဟို မဲလုံးအကြောင်းလေ"

"ဟင် မဲလုံး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းမွှေးသည် သူ့စကားကိုကြားရသောအခါ မျက်စိမျက်နှာ ပျက်သွားလေတော့သည်။

"မောင်ချိုက ဘာတွေပြောလိုက်လို့လဲ ဆရာ"

"သူပြောတာတော့ စုံနေတာပါပဲ မဲလုံးက နှင်းနုကိုစောင့်တယ်ဆိုလား"

ဒေါ်နှင်းမွှေးသည် ခေါင်းကို ဖြည်းညင်းစွာခါရမ်းလေသည်။

"ဒါတွေသိလို့ ဘာမှအကျိုးမရှိပါဘူး ဆရာရယ် မသိချင်ပါနဲ့ ဘာမှ မဟုတ်ပါဘူး"

ကိုသိန်းတန်မှာ ထူးခြားလှသော ဒေါ်နှင်းမွှေး၏မျက်နှာအမူအရာကို ကြည့်ကာ သိချင်စိတ်ကပို၍ပင် ပြင်းထန်လာတော့၏။

"အကြောင်းတစ်ခုခုတော့ ရှိခဲ့တယ်မဟုတ်လား အဒေါ် စိတ်ဝင်စားလို့ ပြောပြပါလား"

ဒေါ်နှင်းမွှေးသည် မျက်စိမျက်နှာပျက်လျက် ခေါင်းကိုသာ တွင်တွင်ရမ်းပြလေ၏။ အတန်ကြာမှ သက်ပြင်းတစ်ခုကို လေးတွဲ့စွာချပြီး

"ဒီအဖြစ်အပျက်တွေကို ပြန်ပြောရရင် စိတ်ထဲမကောင်းလွန်းလို့ပါ၊ ဒါတွေဟာ လွန်ခဲ့တဲ့ နှစ်,နှစ်လောက်ကမှ ဖြစ်ပျက်သွားခဲ့တာ အဒေါ်ကတော့ ခုပြောရင် မနေ့တနေ့ကလိုပါပဲ ဆရာအရမ်းသိချင်နေရင်တော့ ပြောပြပါ့မယ်၊ ဖြစ်ပုံက ဒီလို ဆရာရေ"

* * *

## အခန်း (၄)

သေချာပြန်တွေးကြည့်မည်ဆိုလျှင်တော့ နှစ်အတန်ငယ်ကြာခဲ့ပါလေပြီ။ ဒေါ်နှင်းမွှေး၏ စိတ်ထဲတွင် တစ်ခုသောနေ့တစ်နေ့မှစတင်၍ စီစီရီရီ သတိရနေမိ၏။

ထိုစဉ်က

တစ်မြို့လုံးရှိ လူများမှာ ရှင်ပြုရဟန်းခံအလှူပွဲကြီးသို့ ရောက်နေကြလေသည်။ ထိုအထဲတွင် မြို့မျက်နှာဖုံး သူဌေးသားသမီးများ ပြင် ချောမောလှပမှုဆိုသည့် ကွမ်းတောင်ကိုင် ပန်းတောင်းကိုင်တစ်ယောက်ဖြစ်သော နှင်းနုတစ်ယောက်လည်း အပါအဝင် ဖြစ်လေသည်။

အပျိုများမှာ ကိုယ့်ရပ်ကွက်သား၊ အပိုင်းသားခြင်းစုကာ ..ပ်စရာရှိသည်များကို ဝိုင်းဝန်းလုပ်ကိုင်နေကြ၏။ ထိုအထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



အနောက်စုရပ်ကွက်ဟုခေါ်သော သူဌေးသမီး မမကြီးတို့အုပ်စုလည်း ပါ၏။

မမကြီးသည် ရုပ်ချောသော်လည်း မိခင်မှာ လွန်ခဲ့သော လေးငါးနှစ်ကတည်းက ကွယ်လွန်သွားခဲ့ပြီဖြစ်ရာ ကွမ်းတောင်ပန်း တောင်မကိုင်ရချေ။ ထို့ကြောင့် ကွမ်းတောင်ကိုင်မလေးနှင်းနုအား အလွန် မနာလိုဖြစ်နေလေသည်။ သူ့အုပ်စုထဲမှ အပျိုလေးများသည် မမကြီးအား မြှောက်ပင့်ပြောဆိုကြရာ မမကြီးမှာ သူ့ ပင်ကိုယ်ရုပ်ရည် က ချောပါရက်နှင့် မိစုံဖစုံမရှိသောကြောင့် ကွမ်းတောင်ကိုင် မဖြစ် သည်ကို မကျေမနပ်ဖြစ်နေ၏။

"တကယ်တော့ အဝတ်အစား အပြင်အဆင်အားလုံး မမကြီး က နှင်းနုထက် အများကြီးသာတာ၊ နှင်းနုက ဘာများ ဝတ်နိုင်စားနိုင်လို့လဲ ကောင်မက မိစုံဘစုံရှိတယ် ဆိုပြီး မျက်နှာပွင့်နေတာ"

အပျိုခေါင်း မမြင့်စန်းသည် မမကြီးရှေ့တွင် ထိုကဲ့သို့မြှောက် ပင့်ပြောဆိုသော်လည်း နောက်ကွယ်တွင်မူ

"မမကြီးက သူ့ကိုယ်သူ အသားဖြူပြီး ကိုယ်လုံးကိုယ်ပေါက် ကလေး တောင့်တောင့်ဖြောင့်ဖြောင့်ရှိတာနဲ့ ချောလှပြီ ထင်နေ တာ သေသေချာချာကြည့်ရင် မျက်လုံးက စွေတောတောနဲ့ ပါတော်"

ဟု နှင်းနုတို့အုပ်စုရှေ့တွင် အတင်းလာပြောလေသည်။ သို့



သော် နှင်းနုတို့က ဘာမှလိုက်လျှော ပြန်မပြောသောကြောင့် နှုတ်ခမ်း ထို ဟန်ပါပါမဲ့ရွဲ့ကာ နေရာမှ ထွက်သွားလေတော့သည်။ နှင်းနု သူငယ်ချင်း မိထိုက်က

"ဟဲ့ နှင်းနု၊ ဟိုမှာ ကိုမဲလုံးကနင့်ကို ကြည့်နေလိုက် တာ"

"ငါသိပါတယ် ဟိုနေ့ကလည်း ကန်ဝိုင်းဘက် ကြွေးသွား တောင်းတာ အတင်းစကားလိုက်ပြောလို့"

"ဟယ် ဟုတ်လား ကြောက်စရာကြီးနော် နှင်းနု နင် သတိနဲ့လည်းနေဦး၊ ကိုမဲလုံးက လူမိုက်၊ တော်ကြာ ဆွဲသွား ရင် ဒုက္ခ"

ထိုစဉ် ကာလသားအုပ်စုမှာ သူတို့အလုပ်ပြီးသွား၍ မဏ္ဍာပ် တွင်းရှိ အပျိုများနေရာသို့ ရောက်လာကာ အလုပ်ဝိုင်းကူသလိုလိုနှင့် ဦးပန်းကြတော့သည်။

ထိုအထဲတွင် မဲလုံးလည်းပါလေသည်။ မဲလုံးသည် အရက် သောက် ဖဲရိုက်နှင့် မိုက်မိုက်ကန်းကန်းနေသော်လည်း အချစ်ရေးတွင် တော့ အမြင်ရှိသည်။ ချောပေ့လှပေ့ဆိုသည့် ကွမ်းတိုင်ကိုင် အပျိုချော သို့မှ ရွေးကြိုက်၏။ မဲလုံး၏အမည်ရင်းမှာ မောင်ဝိုင်းဖြစ်သော်လည်း သူ့ကို မဲမဲလုံးလုံး လူကြမ်းပုံမို့ မဲလုံးဟုသာ အမည်တွင်တော့သည်။ နှင်းနုမှာ လွန်ခဲ့သည့်နှစ်ကမှ ဆယ်တန်းအောင်ထားသော နုနုထွတ် ထွတ် အပျိုဖြန်းကလေးပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မဲလုံးသည် နှင်းနုအား သိသိသာသာပင် ပိုးပန်းသော်လည်း နှင်းနုကတော့ မဲလုံးအား သိသိသာသာ မငြင်းရဲဘဲ ခပ်ရှောင်ရှောင် သာနေရလေသည်။ ထိုမြို့ရှိ ကာလသားများမှာလည်း နှင်းနုအား မဲလုံးပိုးပန်းနေသည်ကို သိကတည်းက နှင်းနုအား မကြိုက်ရဲတော့ဘဲ လက်ရှော့နေကြတော့၏။

* * *

## အခန်း (၅)

"ဟဲ့ နှင်းနု ဘယ်က လှည့်လာတာလဲ"

ဒေါ်နုရွှေက မီးဖိုချောင်ထဲမှ ထွက်လာရင်း နှင်းနုအား နှုတ်ဆက်လိုက်၏။

"ဒီကိုပဲ ဒေါ်ကြီး၊ ဒါနဲ့ မိထိုက်ရော"

"ရှိပါတော် ရှိပါ၊ မိထိုက်ရေ ဟော့ မိထိုက်၊ ဒီမှာ နှင်းနု ရောက်နေတယ်"

ဒေါ်နုရွှေသည် အိမ်နောက်ဖေးဘက်သို့လှည့်ကာ မိထိုက်အား ခေါ်ပြီးလျှင်

"ဒါနဲ့ ကိုတင်ဝင်းတို့ မစိန်မြင့်တို့ရော နေကောင်းလား ကျုပ်တောင်အဲဒီ အပိုင်းမရောက်တာကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ခဏအကြာတွင် အိမ်နောက်ဖေးဘက်မှ မိထိုက်တစ်ယောက် ထွက်လာသည်။

"နှင်းနု စောစောစီးစီးကြီးပါလား ဘာကိစ္စရှိလို့လဲ"

"အံ့မယ် ငါက ကိစ္စရှိမှ လာရမှာလား ဒါနဲ့ နင်က နောက်ဖေးမှာ ဘာလုပ်နေတာလဲ"

"ငါလား ဝတ္ထုစာအုပ်ဖတ်နေတာ"

မိထိုက်က ပြုံးစိစိနှင့်ပြောလိုက်ရာ ဒေါ်နုရွှေက မျက်စောင်းဝင့်ကြည့်လိုက်လေ၏။

"ဒါနဲ့များ ခေါ်လိုက်ရတာ၊ တကတည်း ဘာတွေလုပ်နေမှန်းကို မသိဘူး"

မိထိုက်မှာ အဒေါ်ဖြစ်သူ၏စကားကို မကြားယောင်ပြုရင်း နှင်းနုဘက်သို့လှည့်ကာ

"ဟဲ့ နင်တစ်ယောက်တည်းလား အဖော်မပါဘူးလား၊ ဟိ ဟိ ကိုမဲလုံးကြီး လိုက်မပို့ဘူးလား"

ဟု စလိုက်ရာ နှင်းနုမှာ မျက်နှာလေးညိုးသွားတော့သည်။

"နင်ကလည်း ငါ့ကို အဲဒီလူကြီးနဲ့ မစစမ်းပါနဲ့ ကြောက်လွန်းလို့ အလျူမှာကတည်းက ငါသူ့ကို တော်တော်မျက်မုန်းကျိုးနေတာ လူတွေက ငါ့ပဲကွက်ကြည့် ကွက်ကြည့်နဲ့ စိတ်ညစ်တယ်"

"ကိုမဲလုံးကြီးက နင့်ကို တကယ်ကြိုက်နေတာတော့ ကျိန်း



သေတယ်နော်"

မိထိုက်စကားအဆုံးတွင် သူမခေါင်းကိုတွင်တွင် ခါရမ်းလိုက်မိသည်။

"မဖြစ်နိုင်ပါဘူးဟာ ငါတော့ သူ့မြင်တာနဲ့ အလိုလို ရွံတယ်"

"သူကတော့ ဆက်တိုးဦးမှာဘဲဟဲ့"

"ဒီတစ်ခါဆို ငါပြတ်ပြတ်သားသား ငြင်းလိုက်တော့မယ်"

တစ်ချိန်လုံး အပျိုကြီးပီပီ စပ်စပ်စုစု ငြိမ်နားထောင်နေသော ဒေါ်နုရွှေမှာ မိန်းကလေးနှစ်ယောက်၏ စကားဝိုင်းတွင် ဝင်ပါလာတော့သည်။

"ဟဲ့ ယောကျ်ားလေးကို ညည်းတို့က ဘာမှတ်နေသ လဲ၊ နှင်းနု မဲလုံးကို မကြိုက်ရင် သွားပြီး ပစ်ပစ်ခါခါမပြောလိုက်နဲ့ အချိုသတ်ပြီး ဟိုဒီအကြောင်းပြ ဆင်ခြေ ပေးရတယ်"

"ဟုတ်တယ်၊ အဒေါ်ကြီးပြောတာ မှန်တယ် နှင်းနုလည်း သူ့ကို ကြမ်းကြမ်းတမ်းတမ်းကြီးတော့ သွားမပြောရဲဘူး တစ်ခုခုအကြောင်းပြရမှာဘဲ"

နှင်းနု၏စကားအဆုံးတွင် သူမနှင့်ထိုက်ထိုက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးလိုက်မိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နှင်းနုမှာ ရင်ထဲတဒိတ်ဒိတ် ခုန်နေရသည်။ ဤလမ်းမှ လာလျှင် မဲလုံးလွှဆွဲသော ဝိုင်းစက်နားမှဖြတ်ရမည်ကို သိသောကြောင့် တမင်ရွေးလာခဲ့ခြင်းပင်ဖြစ်၏။

"နှင်းနု"

"အမလေးတော့"

ရုတ်တရက် နောက်ကျောမှထွက်လာသော ကိုမဲလုံး၏အသံကြောင့် သူမကိုယ်လေး ဆက်ခနဲတုန်သွားရသည်။ ကြိုပြီးစဉ်းစားထားသော စကားများပင် ကစဉ့်ကလျား ဖြစ်ကုန်၏။ မနေ့ကမှ သနပ်ခါးလိမ်းရင်းရခဲ့သော အကြံအစည်ကြောင့် တစ်ညလုံးအိပ်လို့



မပျော်ခဲ့ချေ။ ထို့ကြောင့် မနက်စောစောစီးစီး အိမ်မှထွက်လာကာ မဲလုံးမြင်နိုင်မည့် လမ်းသို့ရွေးကာ လျှောက်လာခဲ့ခြင်းဖြစ်သည်။

"လန့်သွားလား နှင်းနု ငါတော့ မနက်စောစောစီး စီး နှင့်မျက်နှာမြင်လိုက်ရတာ ရင်ထဲကို အေးသွားတာပဲ"

သူ့အတွက်တော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့ နှင်းနုတစ်ယောက်တည်း ရင်ပူနေရသည်ကို သူမှမသိဘဲဟု စိတ်ထဲမှ ပြောလိုက်မိသည်။

"ဒါနဲ့ ဘယ်သွားမလို့လဲ ငါ လိုက်ခဲ့မယ်နော်"

"အို ဘာကိစ္စလိုက်မှာလဲ"

"နင်ကတော့ အဲဒီလိုပြောရက်တာပေါ့ဟာ ငါကချစ်မိတဲ့ လူဆိုတော့ နင်ဘယ်သွားသွား အရိပ်လို လိုက်ချင်တာ နင့်ကို ငါစိတ်မချဘူး"

ဒီမြို့မှာ သူတစ်ယောက်ကလွဲပြီး တခြားစိတ်မချစရာ ဘာအကြောင်းမှ မရှိတာကို သူသိမည်မဟုတ်ချေ။

"ကိုမဲလုံးကို နှင်းနု ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေတော့ နှင်းနုကို မချစ်ပါနဲ့လားရှင်"

"ဟာ ဘယ်လိုပြောလိုက်တာလဲ နှင်းနုရယ် ငါ နင်ကလွဲရင် ဘယ်သူ့မှ ချစ်လို့မရဘူး"

"နှင်းနု ကိုမဲလုံးကို မချစ်နိုင်ဘူး"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားသည်မဟုတ်သော်လည်း သူ မကြားချင်သော စကားမို့ မဲလုံး၏ အာမေဋိတ်မှာ အတော်လေး အသံကျယ်သွားခဲ့ပါသည်။ နှင်းနုပင် ဆတ်ခနဲ တုန်ကာလန့်ဖျပ်သွား၏။

"ဟုတ်တယ် နှင်းနု ကိုမဲလုံးကိုမချစ်နိုင်ဘူး အို ကိုမဲလုံးမှ မဟုတ်ဘူး ဘယ်ယောကျ်ားကိုမှ နှင်းနု မချစ်ဘူး"

ဆယ့်ခုနှစ်၊နှစ်သာရှိသေးသည့် နှင်းနုသည် ဒေါ်ကြီးနရွှေနှင့် မိထိုက်တို့ သင်ပေးလိုက်သည့်အတိုင်း လေယူလေသိမ်းပါမလွဲအောင် အပျိုကြီးဟန်နှင့် ပြောချလိုက်သည်တွင် မဲလုံးမှာ မျက်လုံးပြူးရုံမက ပါးစပ်ပင် ဟသွားရတော့သည်။

"ဘာ ဘာဖြစ်လို့လဲ နှင်းနုရယ်"

"ဒီမှာ ကြည့်ပါဦး ကိုမဲလုံး ကျွန်မ ညာဘက်အောက်မျက်ခမ်းစပ်က မှဲ့ကိုတွေ့မှာပေါ့ အဲဒါ မျက်ရည်ခံမှဲ့ အင်မတန်ခိုက်တယ် နှင်းနုချစ်မိတဲ့လူဟာ ဒီမှဲ့ကြောင့် ဒုက္ခရောက်မှာတဲ့ ဒါကြောင့် နှင်းနု ဘယ်သူ့ကိုမှ မချစ်ရဲတာပါ"

မဲလုံးမှာ နှင်းနုညွှန်ပြသော ညာဘက်မျက်ခမ်းမှ မှဲ့ကလေးကိုကြည့်ကာ တွေဝေငြိမ်သက်နေတော့၏။ နှင်းနုမှာ ပြောင်းလဲသွားသော မဲလုံး၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ကြိတ်ပြီး ဝမ်းမြောက်သွားလေသည်။

"နှင်းနု သွားမယ်နော်"

မဲလုံးမှာ နှင်းနုနှုတ်ဆက်သွားသည်ကိုပင် ပြန်မပြောနိုင်ဘဲ



နေရာတွင် ခေါင်းတခါခါနှင့် ကျန်ခဲ့လေသည်။ သူ့မျက်လုံးတွင် စိတ်မကောင်း ဝမ်းနည်းသည့် အရိပ်အရောင်များ ဖြည့်လျှံနေသည်ကိုတော့ နှင်းနု တစ်ယောက် မြင်မသွားတော့ချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ပြောစရာရှိတယ်ဆိုပြီး တွေးလိုက် ငေးလိုက်နဲ့ ဘာအကြောင်းလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ နှင်းနုရယ် အမေ ရင်တွေပူလွန်းလို့ပါ"

ဒေါ်စိန်မြက သမီးဖြစ်သူ နှင်းနုအား စိုးရိမ်တကြီး ပြောလိုက်ပုံကြောင့် နှင်းနုမှာ သက်ပြင်းကိုသာ တွင်တွင်ချနေမိတော့သည်။

"ဒီလိုအမေရဲ့ ကိုမဲလုံးကို အမေသိတယ်မဟုတ်လား ဦးတင်ဆောင် သစ်စက်မှာ လွှဆွဲတဲ့ လူလေ"

"အမလေး နှင်းနုရယ် ဒီလောက်နိဒါန်းတွေ ချီမနေပါနဲ့ မဲလုံးဆို ပြီးတာပါဘဲ ဒီလောက် နာမည်ကြီးလှတဲ့ဟာ သိတယ် သိတယ် ဘာဖြစ်လို့လဲ သင်းက"

ဒေါ်စိန်မြမှာ ချက်ဆို နားခွက်ကငါးတောက်သော ခပ်လည်



လည်မိန်းမကြီးဖြစ်ရာ သမီးပါးစပ်ဟလိုက်သည်နှင့် ဘာဆိုတာ တပ်အပ်သိပြီးသားပင် ဖြစ်နေ၏။

"သူက သမီးကို ကြိုက်လို့တဲ့ အမေ"

"အမလေးတော် ရာရာစစ သင်းလို မှေးကများငါ့သမီးလေးကို မဖြစ်ပါဘူး ညည်းအဖေ ကိုတင်ဝင်းကို အကျိုးအကြောင်း ပြောပြီး ဒီကိစ္စ လက်စတုံးအောင် စီစဉ်ရမယ်"

ဒေါ်စိန်မြ၏ စကားကြောင့် နှင်းနုမှာ မျက်လုံးပြူးသွားရလေတော့သည်။

"ဟာ အမေကလည်း အဖေ့ကို အဲဒီလိုကြီး သွားပြောမလို့လား ရှက်စရာ"

"နှင်းနုရယ် ငါက ညည်းကိုမွေးထားတဲ့ မအေပါအေ့ ဒီလောက်တော့ အထူအပါး နားလည်ပါတယ် ရှင့်သမီးကို မဲလုံးက လိုက်ကြိုက်နေတယ်လို့တော့ သွားပြောပါ့မလား အမိက,က မဲလုံးရန်ကဝေးဖို့"

"အခု မဲလုံးကသမီးကို ဘာမှရန်မလုပ်သေးတာဘဲ"

"ဟဲ့ အခုရန်မလုပ်ပေမယ့် နောက်လုပ်လာလိမ့်မယ် လူ့စိတ်က မျောက်စိတ်ထက်တောင် အပြောင်းအလဲ မြန်ဦးမယ် ဟိုက အရက်ကလေး တမြမြနဲ့ လှရှင်ကျယ်တော်ကြာ ညည်းဆွဲပြေးရင် ဘယ့်နှယ်လှမ်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းနုမှာ မိခင်ဖြစ်သူ၏ စကားကြောင့် ကြောက်သလို လန့်သလိုရှိသွားကာ ငြိမ်ကုပ်နေလိုက်ရတော့သည်။ ထို့နောက် ဒေါ်စိန်မြသည် နှင်းနုကိစ္စအား နေ့ချင်းပင် အကောင်အထည်ဖော်တော့၏။ နှင်းနုဖခင် ဦးတင်ဝင်း အလုပ်မှ ပြန်လာသောအခါ ဒေါ်စိန်မြက သူမအား ညည်းအသာနေ ငါပြောမယ် ဟူသော သဘောနှင့် မျက်ရိပ်ပြကာ တစ်နေရာသို့ ရှောင်နိုင်းလိုက်လေတော့၏။

"ကိုတင်ဝင်း ကျုပ်လည်း ပြောမယ် ပြောမယ်နဲ့ မေ့နေတာ၊ ကမ်းနားပိုင်းက စက်ကလေး ကိုအောင်ငွေ့သား ဟာလေ သမီးနဲ့ နေရာချပေးဖို့ တော့်ကို ကမ်းလှမ်းတယ်ဆို"

"အဲဒါ ဘာဖြစ်တုံး ငါလည်း သမီးကငယ်သေးတယ်လို့ဘဲ ပြောထားတာ ဘာမှခေါင်းညိတ် ခေါင်းခါလုပ်ရသေးတာမဟုတ်ဘူး"

ဦးတင်ဝင်းက ပြောပြီး ဆေးလိပ်ကို အငွေ့ထောင်းထောင်းထအောင် ဖွာရှိုက်နေလေ၏။ ဒေါ်စိန်မြက ခင်ပွန်းသည်အား မျက်စောင်းလှမ်းထိုးရင်း

"ငယ်တယ်ဆိုပေမယ့် သမီးက ဆယ်တန်းလည်းအောင်ပြီးပြီ အရွယ်ရောက်နေပြီရှင့် နေရာချပေးမယ်ဆို ချပေးလို့ရနေပြီ။ ကျုပ်တို့မွေးထားတာ ဒီတစ်ယောက်တည်း မတော်တာနဲ့တွေ့သွားရင် တစ်သက်လုံး ပြီးပါလေရော"

ဟု ကိုယ်လိုရာဘက်သို့ မပါပါအောင် ဆွဲပြောလိုက်ရာ



ဦးတင်ဝင်းမှာ ငိုင်သွားလေတော့သည်။

"အဲဒီတော့ မင်းကဘယ်လို ဖြစ်စေချင်လို့လဲ"

"ဘယ်လိုဖြစ်စေချင်ရမှာလဲ အဲဒီကောင်းလေးဟာ သမီးလိုဘဲ ဆယ်တန်းအောင်ပြီးလို့ ဘွဲ့တောင်ရတော့မယ် မိဘအသိုင်းအဝိုင်းဟာလည်း ငြင်းစရာမှမရှိဘဲ ကျုပ်တော့ သမီးနဲ့ သင့်တော်တယ် ထင်တာဘဲ"

"ကဲပါလေ ဒါဆိုလည်း မင်းသဘောပဲပေါ့ သမီးမိန်းကလေးဆိုတာ မင်းတို့မအေတွေနဲ့ဘဲ အနေနီးစပ်တာ မင်းသင့်မယ်ထင်ရင် ငါက ဘာကန့်ကွက်စရာတုံး"

"ဒီလိုဆိုရင်တော့ ရှင့်မိတ်ဆွေ ကိုအောင်ငွေ ဒီတစ်ခါကလေးတွေကိစ္စ လာပြောရင် ခေါင်းသာညိတ်ခဲ့ပေတော့"

ဒေါ်စိန်မြတို့ လင်မယားမှာ မဲလုံးကိစ္စကို အကြောင်းပြုကာ စက်ကလေး ဦးအောင်ငွေသား ကျော်ဆွေဝင်းနှင့် နှင်းနုအား လက်ထပ်ပေးရန် ဆုံးဖြတ်လိုက်ကြလေသည်။

ယင်းသို့ ဆုံးဖြတ်လိုက်ခြင်းမှာ သူတို့၏ ပထမဦးဆုံး အမှားပင် ဖြစ်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ရပ်ကွက်အစွန်ရှိ အရက်ဆိုင်ထဲတွင် မဲလုံးတို့ လူစုမှာ အတော်လေးအမူးလွန်နေကြလေသည်။ ဆိုင်ထဲတွင် ကျယ်လောင်သော စကားပြောသံ၊ ရယ်မောသံတို့မှာ သူတို့တစ်ဝိုင်းတည်းကပင် ဆူညံပွက်လောရိုက်နေတော့၏။

"ကိုမဲလုံးကြီး ခင်ဗျားနဲ့ ကွမ်းတောင်ကိုင် မင်းသမီးဇာတ်လမ်းက ဘယ်လိုလဲဗျ စားရဖို့ နီးစပ်ပြီလား"

"ဟုတ်တယ်နော် မဲလုံး အရက်ဖြူနဲ့ ပဲကြီးလှော် စားပြီး မင်းရင်ဖွင့်သမျှတွေ နားထောင်ရတာ နားတူး လာပြီ ဒီတော့ ဘယ်တော့ အချစ်ဇာတ်လမ်းလေး ကို မုဒိတာပွားရမှာလဲ လုပ်လေကွာ"



အရက်သမားတစ်ဦးနှစ်ဦးက စကားစပေးလိုက်သည်နှင့် မဲလုံးမှာ ခေါင်းငိုက်စိုက် ကျနေရာမှ တဖြည်းဖြည်း ခေါင်းထောင်လာပြီး

"ဒီလိုလောလို့ မရဘူးလေကွာ ဒါက အချစ်ကိစ္စ အေနလုံးသားရေးရာဆိုတာ အများကြီး သိမ်မွေ့နူးညံ့တယ် စိတ်ရှည်လက်ရှည် သည်းခံပြီးတော့ မေတ္တာတရားကို ယူရတယ်"

မဲလုံးက သူကြားဖူးထားသော စကားလုံးများနှင့် ကြီးကြီးကျယ်ကျယ် ပြန်ပြောလိုက်၏။

"ဟကောင်ရ ဒီခေတ်ကြီးထဲမှာ စိတ်ရှည်တာတွေ သည်းခံတာတွေလုပ်နေရင် သူများသုတ်သွားလိမ့်မယ် ဒီတော့ ကိုယ်က လက်ဦးအောင် ခပ်သွက်သွက်လေး လှုပ်ရှားထားရတယ်ကွ"

မှန်ကြီးက မဲလုံးအား သွေးဆူလာအောင် တမင်မြောက်ပေးသလို တခြားလူများကလည်း အမျိုးမျိုး ဘေးတီးပေးကြတော့၏။

"ဟုတ်တယ် ကိုမဲလုံးရေ ပြီးတော့ နှင်းနုဆိုတာ မြင်တဲ့လူတိုင်းကြိုက်တဲ့ ပန်းတစ်ပွင့် သူများနောက်ပါသွားမှ ခင်ဗျား အသည်းကို အရက်နဲ့ စိမ်နေရမယ်"

မည်သို့ပင် ဝိုင်းပြောစေကာမူ မဲလုံးကတော့ ခေါင်းငိုက်သာ တွင်တွင်ရမ်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းနု ဘယ်သူ့နောက်မှ မပါဘူး အဲဒါစိတ်ချ"

အရက်သမားများမှာ မဲလုံးစကားကြောင့် မျက်လုံးများပြူး ကျယ်သွားကြ၏။

"သွားပြီ မဲလုံးတော့ အရက်မမူးဘဲ အချစ်မူးနေပြီ ထင်တယ် နှင်းနု ဘယ်သူ့နောက်မှ မပါဘူးလို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

မဲလုံးက သူ့ရှေ့တွင်ရှိနေသော အရက်ခွက်ထဲမှ လက်ကျန် အရက်ကို ကောက်မော့လိုက်ပြီး

"တကယ်တော့ နှင်းနုက ငါ့ကိုချစ်တယ်ကွ"

"ဟော ဒါဆို မင်းတို့ သမီးရည်းစားတွေ ဖြစ်နေကြ ပြီပေါ့"

"အာ အဲဒီလိုလည်း မဟုတ်သေးဘူးဗျ နှင်းနုက ငါ့ကို ချစ်တယ်လို့ မပြောသေးဘူး ဘယ်တော့မှလည်း ပြောမှာ မဟုတ်ဘူး"

သူ့စကားကြောင့် အားလုံးနားမလည်နိုင်သလို ကြောင်တောင် တောင် ဖြစ်ကုန်ကြပြီး မဲလုံးမှာလည်း သူ့ခံစားချက်နှင့် သူ့မျက်လုံးအစုံ က ရီဝေဝေဆွေးမြေ့လာတော့သည်။

"မင်းဟာက ရှင်းရှင်းပြောစမ်းပါ မဲလုံးရာ မင်းတို့ကြိုက် နေပြီလား မကြိုက်သေးဘူးလား ဒါပဲပေါ့ ချစ်တယ် ဆိုတာရော မပြောသေးတာ ရောရှုပ်နေတာပဲ"

"ဒီလို ကိုမြတ်စံရ နှင်းနုက ကျွန်တော့်ကိုပြောတယ်



သူဘယ်သူ့ကိုမှ မချစ်နိုင်ဘူးတဲ့ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ မျက်ရည်ခံမှဲ့ရှိတယ်လေ အဲဒါ သူနဲ့ယူတဲ့လူ ဒုက္ခရောက် တတ်တယ်တဲ့ ဒါကြောင့် ကျွန်တော့်ကို အဖြေမပေးတာ"

"ဟင် ဟုတ်လား ဒါဆို နှင်းနုက မင်းကို အဖြေမ ပေးတာ မင်းဒုက္ခရောက်မှာ စိုးရိမ်လို့ကွ"

"အဲဒါကြောင့်ပြောတာပေါ့ သူ ကျွန်တော့်ကို ဘာဖြစ်လို့ စိုးရိမ်လဲ ချစ်လို့ပေါ့ ဒါ ရှင်းနေတဲ့ကိစ္စဘဲဟာ"

"ဟာ ဒီလိုဆိုတော့ ကိုယ့်လူက ဘယ်ဆိုးလို့တုန်း ဒါပေမယ့် မင်းဥစ္စာက မြင်သာမြင်ရ မကြင်ရပါကွာ"

"ဟုတ်ပါ့ဗျာ ဒါပေမယ့် ကိုမဲလုံး ခင်ဗျားအဲဒါတွေ အယူသည်းမနေနဲ့ လက်သွက်တဲ့ကောင်နဲ့ တွေ့ရင် ခံရလိမ့် မယ် ရအောင်ကြံဗျာ"

"ငါ နှင်းနုကို တကယ်ချစ်တာကွ သူ့စိတ်မပါဘဲနဲ့တော့ ငါ ဖွတ်အတင်း မကြံစည်ချင်ဘူး သူလည်း ငါ့ကို သံယော ဇဉ်ရှိနေတာပဲကွာ သူ့ သဘောအတိုင်း နေတာပဲ ကောင်း ပါတယ်"

အရက်သမား အပေါင်းအသင်းများမှာ ဘဝတူချင်းဖြစ်သော မဲလုံးကို ဂရုဏာသတ်စွာ ငေးကြည့်နေကြတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အရက်ဆိုင်မှ အပေါင်းအသင်းများနှင့် လမ်းခွဲလာသော မဲလုံးမှာ သူနေသော ရပ်ကွက်လေးထဲသို့ ခပ်မှန်မှန်လျှောက်၍ ပြန်လာခဲ့၏။ အရက်ကလေး ခပ်ထွေထွေနှင့် သီချင်းတအေးအေး ညည်းလာသော မဲလုံး၏ရင်ထဲတွင် နှင်းနုအား အထူးပင် သတိရတမ်းတမိနေတော့သည်။

ကြည့်လေရာရာ မြင်လေရာရာ ပတ်ဝန်းကျင်တွင် နှင်းနု၏ အရိပ်တို့ဖြင့်သာ ပြည့်နှက်နေလေ၏။

သူ နှင်းနုကို တစ်ဖက်သက် ချစ်ရသူမဟုတ်တော့ပြီ။ နှင်းနုလည်း သူ့ကို စိတ်ဝင်စားနေပါလားဟူသော အသိက သူ့ကိုအတော်လေးကြည်နူးပီတိ ဖြစ်စေခဲ့၏။



ခုလိုအချိန်မျိုးတွင် သူ့ဘေးတွင် နှင်းနုသာပါလာပါက ဘယ်လိုစကား အနုအလှလေးတွေ ရှာဖွေပြောရပါ့မလဲဟု တစ်ယောက်တည်း စဉ်းစားရင်း ပြုံးလိုက်မိပြန်သည်။

ထိုစဉ် ကန်ဘောင်ပေါ်မှ ဆင်းလာသော လူရိပ်နှစ်ရိပ်ကို ရုပ်ခန့် လှမ်းတွေ့လိုက်ရ၏။

နှင်းနုနှင့် လူတစ်ယောက် ကန်ဘောင်ပေါ်မှ အတူတွဲလျှောက်လာခြင်းပင် သူမျက်စိ မှားလေသလားထင်ပြီး မျက်စိကို ပွတ်သပ်ကာ အသေအချာ ပြန်ကြည့်မိလေသည်။

သူမျက်လုံးမမှားပါချေ။ နှင်းနုမှ နှင်းနုအစစ်ပင်။ သူမနံဘေးတွင် လူရွယ်တစ်ယောက်ပါသေးသည်။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် လူရည်သန့်တစ်ယောက်ပင်။

"တောက်"

သူခံပြင်းစွာ တောက်တစ်ချက်ခေါက်ပစ်ရင်း သူမတို့နှစ်ယောက်နောက်မှ မယောင်မလည် လိုက်သွားမိသည်။ သူတို့ ပုံစံမှာ ချစ်သူရည်းစား ချိန်းတွေ့နေပုံလည်းမဟုတ် မိတ်ဆွေသူငယ်ချင်းလိုလည်း မဟုတ်ဘဲ တရင်းတနှီး အတူတွဲလျှောက်သွားကြပုံမှာ ထူးတော့ ထူးဆန်းနေသည်။ သူတို့သွားနေသော နေရာမှာ ကန်ဘောင်စောင်းနှင့် လှမ်းမကမ်း ညောင်ပင်ကြီးအောက်မှ သစ်သား ခုံတန်းလျားလေးဆီပင်ဖြစ်၏။

ရွယ်တူယောကျ်ားနှင့် မိန်းမတစ်ယောက်တို့သည် ထိုနေရာ

www.burmeseclassic.com

www.burmeseclassic.com



သို့ အကြောင်းမဲ့တော့ လာကြမည်မဟုတ်ချေ။ အထူးသဖြင့် သူချစ်နေသော မိန်းကလေးဖြစ်နေသောကြောင့် မဲလုံးမှာ သာ၍ပင်စိတ်ဝင်စားမိလေတော့သည်။

ထို့ကြောင့် သောက်လာသော အရက်ရှိန်ပျော့က်ကာ ထိုနှစ်ယောက်နောက်သို့ မယောင်မလည်ကပ်၍ လိုက်သွား၏။ နှင်းနုနှင့် ထိုလူရွယ်သည် ညောင်ပင်အောက် ခုံတန်းလျားပေါ်တွင် ထိုင်လိုက်သောအခါ မဲလုံးမှာ ညောင်ပင်အကွယ်တွင် အသာဝင်ကပ် နေလိုက်လေတော့သည်။

* * *

## အခန်း (၁၀)

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ မော်တော်ကားသံ စက်သံများ မကြားရသော မြို့စွန်ကန်ဘောင်ဘေးမှ သီးခြား ကမ္ဘာတစ်ခုလိုဖြစ်ကာ ညောင်ပင်ကြီးပေါ်မှ ဆက်ရက်သံများအပြင် လေတိုးသံသဲ့သဲ့ကိုပါ စီးဝါးကျကျ ကြားနေရလေသည်။

မဲလုံး တဒိတ်ဒိတ်ခုန်တိုးနေသော မိမိနှလုံးခုန်သံကိုပင် ပြန်ကြားနေရ၏။ ညောင်ပင်အောက်မှ နှင်းနုနှင့် လူရွယ်တို့မှာကား သက်ပြင်းကိုယ်စီချရင်း ပကတိတိတ်ဆိတ်နေကြလေသည်။ အတော်လေးကြာမှ လူရွယ်က စကားစလာသည်။

"အစ်ကိုက နှင်းနုကို မေတ္တာရှိပြီးသားပါ ချစ်လို့လည်း မိဘတွေကို တင့်တင့်တယ်တယ် တောင်းရမ်းဖို့ပါတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မဲလုံး အံကိုတင်းခနဲကြိတ်လိုက်သည်။ ထိုအသံကို သူကောင်းစွာ ကျက်မိနေပြီဖြစ်၏။ ၎င်းမှာ တခြားလူမဟုတ်ဘဲ စက်ကလေးအောင်ငွေသား ကျော်ဆွေဝင်းဖြစ်ကြောင်း သူကောင်းစွာ သိလိုက်သည်။

နှင်းနုမှာ ရှက်ရွံ့စွာ ခေါင်းငုံ့ထားဆဲပင်။

"လက်သာထပ်လိုက်ရတယ် နှင်းနုအစ်ကို့အပေါ်ကို မိတ်ဆွေကောင်းတစ်ယောက်လို ခင်မင်အားကိုးကမပိုဘူးဆိုရင် ဘာလုပ်မှာလဲ အစ်ကိုက နှင်းနုသဘောထားကို သိချင်တာ"

"ဒီကိစ္စကို နှင်းနု မိဘတွေကတစ်ဆင့် အကြောင်းပြန်ပြီးပြီပဲ နှင်းနုအသံက လေတိုက်သံကြားတွင် တိုးတိုးညင်ညင် ထွက်ပေါ်လာသည်။

"မိဘတွေသဘောကျလို့ သင့်တော်လို့ခေါင်းညိတ်လိုက်ရမှာမျိုးတော့ မလုပ်ပါနဲ့ နှင်းနုရယ် နှင်းနု အစ်ကို့ကို ချစ်လားမချစ်ဘူးလား"

ဆွဲငင်ညို့ယူသလို ပြောလိုက်သော တိုးရှိုက်လွန်းသည့် ကျော်ဆွေဝင်း စကားအဆုံး မဲလုံးမှာ ဘယ်လိုမှထိန်းမရတော့ ညောင်ပင်နောက်မှ ဘွားခနဲ ထွက်လာပြီး

"မချစ်ဘူးကွ မချစ်ဘူး နှင်းနုချစ်တာ ငါ့ကိုဘဲ"

ဟု အသံနက်ကြီးနှင့် အော်ပြောလိုက်သော မဲလုံး၏စကား



အဆုံးတွင် ကျော်ဆွေဝင်းနှင့် နှင်းနုမှာ ထိုင်ရာမှ အလန့်တကြား ထရပ်လိုက်မိလေသည်။ ကျော်ဆွေဝင်းမှာ မဲလုံးကိုတစ်လှည့် နှင်းနုမျက်နှာကိုတစ်လှည့် ကြည့်ကာ အံ့အားသင့်နေလေတော့၏။ မဲလုံးမှာ အရက်ရှိန်နှင့် ရည်းစားလုလု အူနုကျဲခတ်ဖြစ်ကာ သွေးဆူနေလေပြီ။

"ဒီမှာ ဟေ့ကောင် နှင်းနုက ငါ့ချစ်သူ ငါ့ရည်းစား ချစ်လားမချစ်ဘူးလား ဘာမှမင်းမေးစရာ အကြောင်း မရှိဘူးနားလည်းလား"

မဲလုံးကိုယ်မှ အရက်နံ့မှာ တထောင်းထောင်းထနေသည်။ မဲလုံးက နှင်းနုလက်ကို ရုတ်တရက်ဆွဲရင်း

"နှင်းနု နင်ပြောလိုက်လေ မဲလုံးက ကျွန်မချစ်သူပါလို့"

"အို လွှတ်စမ်း လူယုတ်မာ"

နှင်းနုက မဲလုံးလက်တွင်းမှ သူမလက်ကိုဆွဲထုတ် ရုန်းဖယ်ရင်း အော်ပစ်လိုက်သည်။

"နှင်း နှင်းနု"

မဲလုံး မျက်နှာက မည်းကနဲဖြစ်သွားသည်။ မျက်နှာငယ်ကလေးနှင့် နှင်းနုကို ခေါ်လိုက်သည်။ ထို့နောက် နှင်းနုလက်ကို ဒုတိယအကြိမ် ဖမ်းဆွဲကာ

"နင် ပြောလိုက်လေ ဒီကောင်သိအောင် ပြောလိုက် နင်ငါ့ကို ချစ်တယ်မဟုတ်လား"

ကျော်ဆွေဝင်းမှာ အာစေးထည့်ထားသလို ဘာမှမပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ တောင့်မတ်စွာရပ်ရင်း နှင်းနုမျက်နှာကိုပင် အံ့သြတကြီး ငေးကြည့်နေတော့၏။ နှင်းနုမှာ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်သောကြောင့် မျက်နှာတပြင်လုံး နီရဲနေတော့သည်။

"နှင်းနု"

"ငါ့လက်ကိုလွှတ် ခွေးတိရစ္ဆာန် နင့်ကို ဘယ်သူက ကြိုက်တယ် ပြောလို့လဲ"

မဲလုံး၏ မျက်ဝန်းအစုံမှာ မီးများဖြာထွက်သွားသလို ခံစားလိုက်ရ၏။

"မလွှတ်ဘူးဟာ ခုတစ်ခါတည်း နင့်ကို ခေါ်သွားမယ်"

"ကဲ မလွှတ်အုံးဟယ်"

"ဖြန်း"

နှင်းနုမှာ မဲလုံး၏ပါးအား အရှိန်နှင့် လွှဲရိုက်လိုက်ရာ မဲလုံး၏ မျက်နှာမှာ တစ်ဖက်သို့ လည်ထွက်သွားသလို ဆွဲထားသော နှင်းနုလက်မှာလည်း လွှတ်ထွက်သွားရတော့သည်။

"မှတ်ထား နင့်လိုကောင်ကို ငါက ကြိုက်စရာလား ဒီတစ်သက်မဟုတ်ဘူး နောက်ဆယ်သက်တောင် မကြိုက်ဘူးမှတ်"

"တောက်"

မဲလုံးမှာ တောက်တစ်ချက်ကို နာနာကြည်းကြည်း ခေါက်ပစ်ရင်း ညာဘက်လက်က အရှိန်အဟုန်နဲ့ မြောက်တတ်သွားရသည်။



နှင်းနုကလည်းအာဂ။ အံ့ကလေးကြိတ်က ရင်ကိုကော့၍ တည့်တည့် ပြန်ကြည့်နေလေ၏။ ရိုက်ဝံ့ရိုက်လေဆိုသော သဘော။

"တောက် နှင် ဟာ နှင် ငါလုပ်ရရင် နှင်သေ တော့မယ်"

မဲလုံးမှာ နှင်းနုအား တကယ်တမ်းကျတော့ လက်များနှင့်ပင် မထိရက် မတို့ရက်ဘဲ မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့်သာ တစ်ချက်စူးစိုက်ကြည့်ပြီး

"အား "

ကနဲ အသံနက်ကြီးနှင့် အော်ကာ သူတို့ရှေ့မှ ပြေးထွက်သွားလေတော့သည်။ နှင်းနုမှာ အိပ်မက်မှ လန့်နိုးသွားသူလို ဝမ်းနည်းကြောက်ရွံ့ကာ ကျော်ဆွေဝင်း၏ ပုခုံးတွင် ခေါင်းမှီရင်း ငိုရှိုက်နေမိလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နောက်တစ်နေ့ မနက်ခင်းတွင် မဲလုံး၏သတင်းကို ကြားလိုက်ရတော့၏။

"မဲလုံး သေပြီတဲ့"

တစ်ရွာလုံး သတင်းတွေပျံ့သွားသည်။

လူအများမှာ ထိုသ တင်းကြောင့် အုတ်အော်သောင်းနင်းဖြစ်သွားလေ၏။ အများအားဖြင့် သူနှင့် မနေ့ကမှ အရက်အတူထိုင်သောက်ခဲ့သော အပေါင်းအသင်းများမှာ မဲလုံးရုတ်တရက် သေဆုံးသွားခြင်းအပေါ် ယူကျုံးမရ အံ့သြကြလေတော့၏။

"နှင်းနု နင်ကြားပြီးပြီလား"

အပြေးအလွှားရောက်လာသော မိထိုက်က မဲလုံးသတင်းကို



ခရီးရောက်မဆိုက် ပြောချလိုက်၏။ နှင်းနုမှာ စိတ်ပင်ပန်းနွမ်းနယ်စွာဖြင့် ခေါင်းကိုသာ ဖြည်းလေးစွာ ညိတ်ပြလိုက်မိသည်။

"ကိုမဲလုံးကြီး ဆုံးသွားတာ နင်တော့ ဘယ်လိုနေလဲမသိဘူး ငါတော့ စိတ်မကောင်းလိုက်တာဟာ၊ သူ့အလောင်းကို သယ်သွားတာ ငါကိုယ်တိုင်တွေ့လိုက်ရတာဟဲ့ သူသေတာ နင်ဘယ်လိုထင်တုန်း ငါတော့ မူးမူးရူးရူးနဲ့ ရေထဲပြုတ်ကျတယ်ထင်တာဘဲ၊ တချို့ကလည်းပြောတယ် မဲလုံးက ရေထဲ တမင်ဆင်းသေတာဖြစ်မှာ၊ ပြုတ်ကျတာဆို သူ့ရေကူးတတ်တာပဲတဲ့"

နှင်းနုမှာ မိမိပယောဂ မကင်းသလို ခံစားရလေသည်။ သို့သော် မနေ့က ကိစ္စကို သူပြောမထွက်နိုင်ချေ။ စိတ်မကောင်းရုံကလွဲပြီး သူမဘာမျှ မတတ်နိုင်တော့။

"ငါလည်း ဘယ်စိတ်ကောင်းမလဲဟာ မျက်စိရှေ့တွင် မြင်တွေ့နေရတာ ပြီးတော့ ချစ်ချစ် မုန်းမုန်း တစ်ရပ်ထဲသားချင်းတွေဘဲ"

သူမမှာ ထိုစကားတစ်ခွန်းသာ ဆိုနိုင်တော့သည်။

"ဟဲ့ နောက်ပြီး ရွာထဲမှာ သတင်းတွေ ပျံ့နေသေး တယ် နင် စိတ်မကောင်း မဖြစ်နဲ့နော် ကိုယ်မ ဟုတ်ပြီးတော့"

မိထိုက်စကားကြောင့် နှင်းနုမျက်လုံးလေးပြူးရင်း အံ့တသြ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘာ ဘာသတင်းလဲ မိထိုက်ရယ်”

“နှင် နှင်က ကိုမဲလုံးကြီးကို ကြိုက်တယ်တဲ့ နှင့်မှာ မျက်ရည်ခံမှဲ့ရှိလို့ အဖြေမပေးဘဲ ထားတာတဲ့ ခုအဲဒီမှဲ့ခိုက်လို့ ကိုမဲလုံးသေရတာတဲ့ ကိုမဲလုံးမသေခင် နှင်တို့နှစ်ယောက် သမီးရည်းစား ဖြစ်သွားတယ်ဆိုပြီး ပြောနေကြတယ်”

မိထိုက်စကားအဆုံး သူမတစ်ကိုယ်လုံး မိုးကြိုးလျှပ်စီးတို့ ပစ်ခွင်းခံလိုက်ရသူလို ဖြစ်သွားတော့၏။ ထုံကျင်ကာ ဘာမှပြန်မပြောနိုင်တော့ချေ။

“ဘယ်သူတွေ ပြောတာလဲ သူတို့က အဲဒီလိုပဲ ပြောကြတယ်လား”

မိထိုက်မှာ ပျက်ယွင်းသွားသော နှင်းနုမျက်နှာ အမူအရာကို ဂရုဏာသတ်စွာကြည့်ရင်း တဖွဖွ နှစ်သိမ့်ပေးလေသည်။

“စိတ်ထဲမထားပါနဲ့ နှင်းနုရယ် လူဆိုတာ ချီးမွမ်းခုနှစ်ရက် ကဲ့ရဲ့ခုနှစ်ရက်ပါ အဲဒီသတင်းကလည်း သူ့အပေါင်းအသင်းတွေနဲ့ သူအရက်သောက်ရင်း ပြောသွားတဲ့ ကိစ္စတဲ့ အလကားပါဟာ မူးမူးရူးရူးနဲ့ သူထင်ရာတွေ လျှောက်ပြောနေတာကို ယုံတဲ့လူတွေက ယုံတော့ခက်တာပဲ”

“ဒါပေမယ့် ဒါတကယ်မဟုတ်ဘူးလို့ ခုချိန်မှာ ငါ ဘယ်သူ့သက်သေထားပြီး ငြင်းရမလဲ စိတ်ညစ်တယ်ဟာ သူ သေတဲ့



အထိ ငါ့ကို ဒုက္ခပေးသွားသေးတယ်”

“အဲဒါအရေးမကြီးပါဘူးဟာ ကြာရင် မေ့သွားကြမှာပါ ဒါနဲ့ နှင့်နဲ့ကျော်ဆွေဝင်းကိစ္စ ငါတို့ရပ်ကွက်ထဲကလူတွေ တောင်သိတယ် ဈေးပိုင်းမှာဆို သတင်းတွေပျံ့လို့ အဲဒါလည်း လူတွေက သတိထားပြီး စောင့်ကြည့်နေတာ ကျော်ဆွေဝင်းကို ဒီရက်ထဲ အိမ်ကို အဝင်အထွက်မလုပ်စေနဲ့ဦး”

“အေးပါဟယ် ငါတော့ သေချင်တော့တာပဲ တစ်ပူ ပြီး တစ်ပူ”

“သြော် နှင့်ကိုပြောမလို့ ကိုမဲလုံးအသုဘ နှင်သွားသင့်တယ်နော် သူ့ခဗျာ သေပြီးပြီပဲ အသုဘတော့ သွားလိုက်ပါဟာ”

နှင်းနုမှာ မိထိုက်၏စကားကိုကြားသော်လည်း ခေါင်းမညိတ်ခေါင်းမခါဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေမိတော့သည်။ ထိုအချိန်တွင် နှင်းနု၏ မိခင် ဒေါ်စိန်မြရောက်လာပြီး သမီးဖြစ်သူအား နှစ်သိမ့်ဖျောင်းဖျပြန်သည်။

“ပြီးခဲ့တာတွေ ပြီးပြီကွယ် သေတဲ့လူလည်း သေသွားပြီပဲ တစ်ရပ်တည်းသားတွေ နာရေးဆိုတော့ မကောင်းပါဘူးကွယ် သွားလိုက်ပါ”

မိခင်ဖြစ်သူကပါ တိုက်တွန်းနေတော့လည်း နှင်းနုမှာ မနေသာတော့ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိထိုက်နှင့်အတူ မဲလုံးအသုဘသို့ သွားပါမည်ဟု ကတိပေးလိုက်ရလေသည်။

* * *

## အခန်း (၁၂)

နှင်းနုခများ အစကတည်းက အသုဘကို လာဖို့ ခပ်ရွံ့ရွံ့တွန့်တွန့်ရှိနေသူဖြစ်သူ မဟုတ်လား။

အသုဘအိမ်ရောက်လို့

လူအများ၏ စူးစမ်းနေသော မျက်လုံးအကြည့်များနှင့် ရင်ဆိုင်လိုက်ရသည့်အခါ အလွန် စိတ်အားငယ်သွား လေတော့သည်။ မိထိုက်က နှင်းနု၏လက်ကို တံတောင်နှင့်တွက်ရင်း ဟန်မပျက်နေရန် ကြာခဏ သတိပေးသည်။

အရပ်ထဲမှ အတင်းပြောသန်သော မိန်းမကြီးများမှာ နှင်းနုအား မြင်လိုက်သည်နှင့် ခေါင်းချင်းဆိုင်ကာ အတင်းပြောကြပြန်သည်။ မဲလုံး၏အလောင်းမှာ အမြင်မတင့်တယ်တော့သည်မို့ ခေါင်းသွင်းထားပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှသည် အိမ်ရှေ့၌ တစ်ဖက်ရပ် ကနားဖျင်းထိုးထားသော တဲထဲသို့ဝင်လိုက်ပြီး အိမ်ပေါ်သို့ ဝေ့အကြည့်တွင် အိမ်ခေါင်းရင်းပိုင်းမှာ ထောင်ထားသော မဲလုံးဓာတ်ပုံကို တွေ့လိုက်ရလေသည်။

စိတ်ထဲ ဝမ်းနည်းသလိုလို၊ ကြောက်ရွံ့သလိုလို ရှိလာသောကြောင့် တစ်ဖက်သို့ မျက်နှာအလွှဲတွင် ဓာတ်ပုံမှ အကြောင်းမရှိပါဘဲ ခွပ်ခနဲပြုတ်ကျကွဲသွားတော့၏။ ရောက်နေသောလူများမှာ အလွန်ထိတ်လန့်သွားလေတော့၏။

"ဟင်"

"ဟာ"

"အို"

အားလုံး၏အကြည့်များမှာ နှင်းနှထံသို့ စုပြုံရောက်ရှိလာလေတော့သည်။

"ဟယ် ကြည့်ပါဦး ဒီဓာတ်ပုံက လေမတိုက် ဘာမ တိုက်နဲ့ ခုမှပြုတ်ကျရတယ်လို့"

"ထူးတော့ထူးပြီအေ့ မဟုတ်မှလွဲရော ဒါမဲလုံးလက်ချက်ပဲ"

မိန်းမကြီးများမှာ နှင်းနှဘက်သို့ မသိမသာ မျက်စရိုပြုရင်း ပြောလိုက်ကြလေသည်။ နှင်းနှမှာ စိတ်မကောင်းဖြစ်မိသော်လည်း မျက်နှာပျက်ပျက်နှင့်ပင် ဆက်ထိုင်နေရလေ၏။

"ကောင်လေးက အစိမ်းသေဟဲ့ ကျွတ်မှာမဟုတ်ဘူး



နောက်ပြီး အနှောင်အဖွဲ့ သံယောဇဉ်တာလည်း တစ်ဒုက္ခ ခွဲလန်းနေမှာလေ"

ဟု ဆိုကာ စောင်းသလိုလို ချိတ်သလိုလိုနှင့် နှင်းနှအား ှောင်ပင် ထွေကြ ငေါ့ကြလေတော့သည်။

"အင်း သေတဲ့လူတော့ သေရှာပြီ ကျန်တဲ့လူများတော့ ဘယ့်နှယ်ရှိမယ် မသိဘူး"

"အို တော် မကြူကလည်း တစ်ယောက်ကောင်းစား ဖို့ တစ်ယောက်က ပျက်စီးပေးရတယ်ဆိုတာကို သစ်စေးထဲအ လုပ်သမားသေတော့လည်း စက်သူဌေးသားနဲ့ ဆုံမှာပေါ့"

"သေတဲ့လူခမျာမှာတော့ သနားစရာပါတော် အင်း ဒုက္ခ ဒုက္ခ"

ဟု ဆိုကာ တရားသံလေး မတောက်တစ်ခေါက်နှောကာ င်းနှအတင်းကို မြိန်ရေယှက်ရေ ပြောကြပြန်လေသည်။ နှင်းနှမှာ ည်သို့မျှ ပြန်မပြောရဲရှာဘဲ ကိုယ်မဟုတ်ရပါဘဲနှင့် အသာခေါင်း ငြိသာ နေရလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူတို့မြို့လေးတွင် သာရေးနာရေး အလှူကိစ္စရှိပါက တစ်မြို့လုံး လာရောက်ကူညီလုပ်ကိုင်လေ့ရှိကြ၏။ သို့သော် အသုဘကိစ္စတွင်မူ ရှေးခေတ်သဘာဝအတိုင်း နယ်ဘက်ဒေသဖြစ်သည့်အလျောက် ဖဲဝိုင်း မဖြစ်မနေလုပ်ရလေသည်။ ထိုသို့ မလုပ်ပြန်လျှင်လည်း ဆင်းရဲချို့တဲ့သော မသာအိမ်မှာ နေ့ခင်းသာလူစည်းပြီး ညရောက်သည့်အခါ အိပ်ဖန်စောင့်မရှိတတ်ချေ။

ထို့ကြောင့် နယ်သဘာဝအတိုင်း မဲလုံး၏ အသုဘတွင် ကာလသားများမှာ အပျင်းပြေ ဝိုင်းဖွဲ့ကြလေတော့သည်။ အစပိုင်းတော့ ကံစမ်းသည့်သဘောနှင့် အပျင်းပြေကစားကြခြင်းဖြစ်သည်။ သို့သော် ညည့်နက်လာသည်နှင့် သူတို့ဝိုင်းမှာ တဖြည်းဖြည်း အရှိန်ရလာတော့၏။



"ဘယ်လိုလဲကွ မှုန်ကြီး ဒီည မင်းအခြေအနေမကောင်းပါလား"

"အင်းဗျာ တစ်လက်ကောင်းနိုး တစ်လက်ကောင်း နိုးနဲ့ ပါသမျှလည်း ပြောင်နေပြီ နာရီတောင် ချွတ်ရတော့မယ်"

မှုန်ကြီးက စိတ်ပျက်လက်ပျက်နှင့် ပြောပြီးဘာရယ်မဟုတ် အသုဘအလောင်းစင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်မိ၏။ ရှုံးမဲမဲ အသူမို့ သင့်၏ မသင့်၏ မစဉ်းစားနိုင်တော့။

"ကဲ မဲလုံးရေ သူငယ်ချင်း ငါတော့ တော်တော် ပြာနေပြီ ကွာ မင်းကူညီနိုင်ရင် ကူပါဦး"

ဟု တ,လိုက်ရာ ကျန်လူများမှာ မျက်လုံးပြူးသွားတော့၏။ တစ်ချို့ကလည်း အယုံအကြည်မရှိကြချေ။

"အခြေအနေမကောင်းရင်လည်း ပြန်အိပ်ပါ မှုန်ကြီးရာ ဘာမှ မတတ်နိုင်တဲ့ မသာကိုတမနေပါနဲ့ ဟား ဟား ဟိုက သူတောင် ဝင်မကစားရလို့ ညစ်နေမှာ"

အားလုံးသဘောကျစွာ ထရယ်လိုက်ကြလေတော့သည်။ ညသို့ပင် ဆိုစေကာမူ ထိုနောက်ပိုင်းမှ စတင်ကာ

မှုန်ကြီးတစ်ယောက် သိသိသာသာ နိုင်လာလေတော့၏။ ရှုံးကြီးရှုံးနေရာမှ ပွဲတိုင်းလိုလို မှုန်ကြီးနိုင်လာသောအခါ အားလုံးအံ့သြသလို ကြောက်ရွံ့သလိုပင် ဖြစ်လာရလေသည်။

ဖဲဝိုင်းသိမ်းပြီး အိပ်ကြသောအခါတွင် ထူးဆန်းသောအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်များမှာ ဆက်တိုက်ဖြစ်ပွားလေတော့၏။ လူခြေတိတ်ချိန်ဖြစ်ပြီး အားလုံးအိပ်မောကျနေခိုက်တွင်

"အား ဂူး ဂူး အား"

ဟူသော အော်သံကြီးကြောင့် အားလုံးအိပ်ပျော်နေရာမှ အလန့်တကြား နိုးလာကြတော့သည်။ ကယောင်ကတမ်းအော်နေ သူမှာ တခြားလူမဟုတ် မှုန်ကြီးပင်။

"အား အီး"

"မှုန်ကြီး မှုန်ကြီး ဟော့ကောင် ဘာဖြစ်တာလဲ"

အားလုံးလူငယ်များချည်းမို့ အကြောက်အလန့်တော့ သိပ်မရှိကြချေ။ ဘတ္တရီမီးချောင်းရောင် မှိန်မှိန်အောက်တွင် မှုန်ကြီးမျက်နှာမှာ ဖြူလျော်ကာ ချွေးသီးချွေးပေါက်များ ကျနေ၏။

"ငါ ငါ ဘီလူးစီးခံရသလိုဖြစ်တာ အမယ်လေး၊ လူကို သေရောမှတ်တယ်"

"တော်သေးတာပေါ့ကွာ ငါတို့က မဲလုံးများ"

"ချွင် ခလွမ်း"

"ဟာ"

"အမလေးဗျ"

ပုလင်းများ ခွက်များကျကွဲသံနှင့်အတူ အလွန်ကြောက်တတ်သော ဇော်ဝင်းမှာ လူအုပ်ကြားသို့ အတင်းတိုးဝင်လေသည်။

ထို့စဉ် နောက်ဖေးခန်းမှ သံကွာနေသော ပျဉ်ပေါ်သို့



ခြေထောက်နင်းသံ တချွပ်ချွပ်ကို ကြားလိုက်ရလေသည်။ သတ္တိကောင်းသော မြတ်စံက

"ဟေ့ နောက်ဖေးက ဘယ်သူလဲကွ"

ဟု အော်မေးလိုက်ရာ ခြေသံများပြုန်းဆို ပျောက်သွားတော့သည်။ထိုအခါ မြတ်စံမှာ တောက်တစ်ချက်ခေါက်၍ လက်နှိပ်ဓာတ်မီးဆွဲ၍ နောက်ဖေးခန်းသို့ ဝင်သွားရာ ခုန ကျကွဲသံကြားသော ပုလင်း၊ ခွက်စသည်တို့ကိုလည်း ဘာမျှမတွေ့ခဲ့ရချေ။

"ဘာမှမဟုတ်ပါဘူးကွာ"

"ဘာမှမဟုတ်ဘူးသာဆိုတယ် ကိုမြတ်စံရယ် ကျွန် တော့ ကြက်သီးတွေကို ဖျန်းခနဲထွသွားတော့တာပဲ"

"မင်းကလည်း ယောကျ်ားတန်မဲ့ ဟာ ဘာနံ့ကြီးလဲ"

မြတ်စံ စကားမဆုံးခင် ထောင်းခနဲထလာသော ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ကြီးကြောင့် အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ဇော်ဝင်းမှာ အသားများပင် တဆတ်ဆတ် တုန်နေချေပြီ။ မကြောက်တတ်သော မြတ်စံပင်လျှင် မျက်စိမျက်နှာပျက်သွားလေတော့ သည်။ မှုန်ကြီးက မီးသီးဝါဝါလေး ထွန်းထားသော မဲလုံး၏ အသုဘ အလောင်းစင်ဘက်သို့ မရဲတရဲ လှမ်းကြည့်ရင်း

"သူငယ်ချင်း မဲလုံးရေ ငါတို့ကိုတော့ မချောက်ပါနဲ့ကွာ အမျှ အမျှ အမျှ ကောင်းရာမွန်ရာသာသွား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံသေးအသံကြောင်နှင့် ဆိုလိုက်၏ ထိုအခါ ဝင်းနိုင်က

"အသာနေစမ်းပါ မှန်ကြီးရာ ဘုမသိ ဘမသိနဲ့ ဖဲသမား အရက်သမားက ထပြီး အမျှပေးနေတယ် မင်းမှာ ဘာ ကုသိုလ်ရှိလို့ မဲလုံးသွား မျှနေတာလဲ"

ဟု ဝင်ငေါက်လိုက်ရာ အားလုံးမှာ ကြောက်စိတ်ပျောက်ပြီး ဝါးခနဲ ရယ်ချလိုက်လေတော့သည်။

ထိုညက သူတို့အားလုံး ထွေရာလေးပါး ထိုင်ပြောရင်း အချိန်ကုန်လွန်စေခဲ့သည်။ မိုးလင်းသည်အထိ တစ်ရေးမျှ မအိပ်ရ တော့ချေ။

* * *

## အခန်း (၁၄)

ဘာလိုလိုနှင့် မဲလုံးဆုံးသွားတာ တစ်လပင်ပြည့်ချေပြီ။ သူ၏ သောက်ဖော်စားဖက် သူငယ်ချင်းများကတော့ မဲလုံးအကြောင်းကို မနေ့တစ်နေ့က အဖြစ်အပျက်ပမာ ပြန်ပြောင်းပြောကြရင်း မမေ့နိုင်ဘဲ လွမ်းတသသ ရှိနေကြသေးသည်။

ထို့အတူ မည်သူမှလည်း ချက်ချင်းမေ့နိုင်မည်မဟုတ်ချေ။ မဲလုံးမှာ သေမယ့်သာသေသွားတာ လူတိုင်းပါးစပ်များမှာ နာမည်တွင် ကျန်ခဲ့သည်။ ယခုလည်း အရက်ဆိုင်တွင် သူ့အပေါင်းအသင်း တစ်သိုက်ဆုံကြရင်း မဲလုံးအကြောင်းကို ပြောနေကြ၏။ မှန်ကြီးကပင် စ၍

"မဲလုံးကွာ ဒီကောင်ကြီးတော့ ဘယ်ဘဝရောက်နေပြီလဲ မသိဘူး ငါတော့ တစ်နေ့မှ မမေ့ဘူး ဟိုနေ့က (၂)ရပ်ကွက်

www.burmeseclassic.com



ကကောင်တွေနဲ့ ဘောလုံးကန်တော့ မဲလုံးကို သတိရသေး တယ်"

ဟု ပြောလိုက်လေသည်။ ထိုအခါတွင် ဝင်းခိုင်က

"ဒါနဲ့ ခုတစ်လော ငါတော့ စက်ကလေးအောင်ငွေ သား တော်တော်များများစိနောက်နေပြီ နှင်းနုတို့အိမ် မှာချည်း တွေ့တွေ့နေရတယ်"

"ဒီကောင်က နှင်းနုနဲ့ စေ့စပ်ပြီးသားတဲ့ကွ ဒါကြောင့် ချောင်းပေါက်မတတ် လာနေတာပဲဖြစ်မယ်"

"ဒါ နှင်းနုက သက်သက်သစ္စာမဲ့တာကွ မဲလုံးသေ တာဖြ မကြာသေးဘူး နောက်တစ်ယောက်နဲ့တွဲနေပြီ မဲလုံး သေရတာလည်း သူ့ကြောင့်ပဲ သူ့မျက်ရည်ခံမှုကြောင့် ငါတို့ သူငယ်ချင်း မသေသင့်ဘဲ သေရတာ"

"မဲလုံး၏သူငယ်ချင်း အပေါင်းအသင်းများမှာ သူတို့ထင်မြင် ရာကို ပြောပြီး နှင်းနုနှင့် ကျော်ဆွေဝင်းအား မကျေမနပ် ဖြစ်ကြလေသည်။

"အင်း ဒီကောင်လည်း စောင့်ကြည့်ပါဦးကွာ နှင်း တကယ်ချစ်မိသွားရင်တော့ မဲလုံးလမ်းအတိုင်း လိုက် မှာဘဲ"

ဟု တစ်စုံတစ်ယောက်က ထ၍ ပြောလိုက်လျှင် အားလုံး မှာ အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြတော့သည်။ သူတို့၏ရင်ထဲ



တွင် မဲလုံးနှင့် ပတ်သတ်ပြီး အတော်လေး အခဲမကျေ ဖြစ်နေကြဟန် တူ၏။

နှင်းနုအား မဲလုံး၏ ချစ်သူရည်းစား ဖြစ်ခဲ့ဖူးသည်ဟူ၍ပင် ထင်မှတ်ကာ နှင်းနုသစ္စာမရှိကြောင်းကို ထပ်ကာတာလဲလဲ ပြောဆို နေလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟဲ့ အရပ်ထဲမှာ အခုကြားနေရတဲ့ သတင်းက အမှန်ဘဲလား မိထိုက်"

အပျိုကြီး ဒေါ်နုရွှေက တူမဖြစ်သူအား အိမ်ပြန်ရောက်ရောက်ချင်း လှမ်းပြောလိုက်တာကြောင့် မိထိုက်မှာ ဆန်ရွေးနေရာမှ မော့ကြည့်လိုက်မိလေသည်။

"ဘာကြားလာလို့လဲ ဒေါ်ကြီးရဲ့"

ဒေါ်နုရွှေမှာ ချိုင်းကြားတွင် ညှပ်လာသော ဒေါက်ထီးကို အိမ်ပေါ်သို့လှမ်းတင်ရင်း

"ဘာကြားရမှာလဲ မိထိုက်ရဲ့ ဈေးထဲမှာ ပြောနေကြတာ ဟိုကောင်လေးလေ စက်ကလေးကိုအောင်ရွှေသားပေါ့ နှင်းနု



နဲ့စေ့စပ်ထားတယ်ဆိုတာ ဟိုနေ့က အဲဒီအိမ်ရှေ့မှာ ခုတ်လိုက်ပြီး သေတော့မလို့တဲ့ ကံကောင်းပေလို့ဆိုပဲ ညည်းမသိဘူးလား"

ဟု ပြောလိုက်လေ၏။ ထိုအခါမှ မိထိုက်သည် သဘောပေါက်နားလည်သော သိပြီးသားကိစ္စတစ်ခုကို ကြားရသည့်ပမာ မျက်ခုံးပင့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ

"သိသားပဲ ဒေါ်ကြီးရဲ့ အဲဒါဘာဖြစ်လို့လဲ"

ဟု အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေသည်။ ဒေါ်နုရွှေသည် သောက်ခါနီးဆဲဆဲ ရေနွေးခွက်ကိုပင် မသောက်သေးဘဲ အသာပြန်ချကာ မိထိုက်အား အံ့သြတကြီး စိုက်ကြည့်လိုက်၏။

"ညည်းနှယ်အေ ဒါများ ဘာဖြစ်လို့လဲတဲ့ လူတစ်ယောက်သေရေး ရှင်ရေးကိစ္စကြီးကိုများ မပြောဘူး နေနိုင်ပါ့ ဒါနဲ့ အဲဒီကောင်လေးဖြစ်တာ မရိုးဘူးဆို အဲဒီမန်ကျည်းပင်မှာလည်း မဲလုံးကမကျွတ်ဘဲ သရဲဖြစ်နေတာတဲ့ အခုကျော်ရွှေဝင်းက နှင်းနုကို လာလာပိုးတာ မကျေနပ်လို့ သစ်ကိုင်းချိုးပြီး ခုတ်ကြိုးနဲ့ ရိုက်မိအောင် လုပ်လိုက်တာဆိုပဲ ဈေးထဲမှာပြောနေလိုက်တာ ကြောက်စရာပါတော်"

ဒေါ်နုရွှေ တူမဖြစ်သူအား ခပ်ကျယ်ကျယ်အော်ပြောရင်းမှ အသံကို နှိမ့်၍ မျက်လုံးပြူးလိုက် နှုတ်ခမ်းကိုမဲ့လိုက်နှင့် ပြန်ပါပါ ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ ဒေါ်လေးရာ လူတွေက နည်းနည်းဆို များများချဲ့ပြောကြတာ သူတို့မြင်တာကျနေတာပဲ"

"နေပါဦး သူတို့ပြောသလို ဖြစ်တာပဲမဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ် ဒါပေမယ့် အဲဒီအချိန်မှာ လေတွေ မိုးတွေတိုက်နေတာ မဲလုံးချိုးပါတယ်လို့ ပြောလို့ရမလား လေတိုက်လို့ သစ်ကိုင်းကျိုးတာ ဒါမတော်တ ဆပါ"

ဒေါ်နုရွှေသည် မိထိုက်စကားအဆုံးတွင် နှုတ်ခမ်းကို မဲ့လိုက်ပြီး

"ကြံ့ ကြံ့ဖူးပေါင်တော် မန်ကျည်းကိုင်းက တော်ရုံ လေမိုးကြီးလို့ ကျိုးတာမှတ်လို့ ခုကျမှ"

ဟု မကျေနပ်သလို တဗျစ်တောက်တောက် ရေရွတ်နေလေသည်။

"အဲဒါတော့ မပြောတတ်ဘူး ဒေါ်ကြီးရေ ဟုတ်,မဟုတ် မဲလုံးကို ကိုယ်တိုင်သာ သွားမေးပေတော့ ဒါလောက် သိချင်လှတာ"

မိထိုက်စကားကြောင့် ဒေါ်နုရွှေမှာ စိတ်ဆိုးသွားကာ

"အလိုတော် ကျုပ်ကများ သေပြီးတဲ့သူသွားပြီး အကျိုးအကြောင်းမေးရဦးမယ်လို့၊ ညည်းလင်ကို ညည်းပဲ သွားမေး"

ဟု ပြန်ပြီးငေါ့လိုက်လေ၏။ ထိုစဉ်ခြံထဲသို့ နှင်းနုလှမ်းဝင်လာသည်ကို မြင်လိုက်သောကြောင့် မိထိုက်က ...



"ကဲ ဟိုမှာ နှင်းနုလာပြီ အဒေါ်ကြီးမေးချင်တာ မေးပေတော့"

"အို ညည်းကလဲ နှင်းနုအားနာစရာ ငါ့ကို လူကြီးတန်မဲ့ ချောက်ချနေပြန်ပါပြီ"

ထိုအခိုက်တွင် နှင်းနုမှာ သူတို့တူဝရီးအနီးသို့ ရောက်လာလေတော့သည်။

"အဒေါ်ကြီး ကေန္တ မိထိုက်နဲ့ ငြင်းခုံနေတာမဟုတ် လား"

နှင်းနုစကားကြောင့် ဒေါ်နုရွှေမှာ အားတုံ့အားနာဖြစ်သွားပြီး မည်သို့မျှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေ၏။

"ဒါနဲ့ ဘာကိစ္စတုံး နှင်းနုရဲ့ အခုပဲ အဒေါ်ကြီးက နင်တို့အကြောင်းပြောနေတာ"

ဒေါ်နုရွှေသည် မိထိုက်အား မျက်စောင်းလှည့်ထိုးလိုက်ပြန်သည်။

"ဟုတ်လား နှင်းနုလည်း အဲဒါပဲပြောမလို့ လာခဲ့တာပဲ ကိုကျော်ခွေဝင်းက ဘုရားလေးသွားဖို့တဲ့ နှင်းနုကိုလာခေါ်တယ် နှင်းနုလည်း ဘယ်မှသွားချင်တာ မဟုတ်ပါဘူး ဒါပေမယ့် အဖေနဲ့ အမေကပါ ဘုရားဖူးချင်တယ်ဆိုတော့ မိထိုက်ကိုလည်း လာခေါ်တာ"

"ဘုရားလေးက တောင်ပေါ်က ဘုရားလေးလား"

"ဟုတ်တယ် အဒေါ်ကြီး ဟိုနေ့ကလည်း ကိုကျော် ခွေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို အဲဒီကိစ္စလာပြောတာ လေတွေတိုက်လို့ အိမ်ရှေ့ မန်ကျည်းကိုင်းကြီး ကျိုးကျတာ ကံကောင်းလို့ပေါ့ နို့မို့ဆို ခေတ်ကြိုးနဲ့ ရိုက်မိတော့မှာ သိသိကလေး လွတ်သွား တယ် အဲဒါ အခု မြို့ထဲမှာ သတင်းကိုပွဲ့လို့တဲ့ အဒေါ်ကြီးကြားမှာ ပေါ့ နှင်းနုတော့ အပြောခံရလွန်းလို့ နေသားကျနေပါပြီ အဒေါ်ကြီးရယ်”

ဒေါ်နုရွှေမှာ နှင်းနုစကားအား ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေတော့သည်။

“ဒါနဲ့ အဒေါ်ကြီး မိထိုက်ကိုထည့်မယ် မဟုတ်လား ဟင်”

ဒေါ်နုရွှေသည် တူမဖြစ်သူဘက်သို့ လှည့်ကြည့်ကာ

“ဘယ့်နှယ်လဲ ညည်းရောလိုက်ချင်လား”

ဟု မေးလိုက်ရာ မိထိုက်က ဟီးခနဲတစ်ချက် ရယ်ရင်း ခေါင်းညိတ်ပြလေသည်။

“အင်း တို့အိမ်က မိထိုက်တို့များ သွားဖို့လာဖို့ဆိုရင် အောင်းထဲကမြင်း လွတ်လိုက်တဲ့အတိုင်း တဟီးဟီးထနေတာ၊ အေး ဒါပေမယ့် ဈေးထဲက မလှကြည်ဆိုင်က လက်ချုပ်လိုက်ဖို့ ယူလာတဲ့ အထည်တွေတော့ ဒီညအပြီး လုပ်သွား မနက်စောစောသွားမှာ မဟုတ်လား တောင်ပေါ်ဆိုတော့ တစ်နေကုန်မှာဘဲ”

“အင်းပါ ဒေါ်ကြီးရဲ့”



မိထိုက်သည် ဒေါ်နုရွှေအား ပြုံးပြုံးရောခြေလိုက်ကာ နှင်းနုဘက်သို့လှည့်၍ ပြုံးပြလိုက်လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

လူကြီးများ ပါသဖြင့် တောင်ပေါ်သို့ရောက်ရန် တစ်နာရီ ကျော်ခန့်ပင် လျှောက်ခဲ့ရလေသည်။ နှင်းနုမှာ နဖူးတွင် ချွေးကလေး များစိုကာ နေရောင်အောက်တွင် မျက်နှာကလေးမှာ နီရဲနေလေတော့ သည်။

တောင်ပေါ်သို့ ရောက်သောအခါ အလွန်သပ္ပါယ်လှသော တောဘုရားလေးကို ကြည်နူးစွာ ဖူးမြော်လိုက်ရသည့်အတွက် အားလုံး မှာ ရွှင်ရွှင်လန်းလန်း ဖြစ်သွားလေ၏။ ဘုရားပေါ်တွင် ဇရပ်အိုလေး တစ်ဆောင်မှလွဲ အခြားသာသနိက အဆောက်အအုံဟူ၍ ဘာမျှထည် ထည်ဝါဝါ မရှိချေ။

နှင်းနုတို့မှာ ဇရပ်ပေါ်မှာထိုင်ရင်း တောတောင်ရှုခင်းများကို ကြည့်နေမိကြသည်။ ကျော်ဆွေဝင်းက ခပ်လှမ်းလှမ်းမှ တောင်ထွတ် ဘက်ကို လက်ညှိုးထိုးပြကာ

"အဲဒီတောင် တော်တော်သာယာတာနော် အဲဒီကိုသွား ကြရင် မကောင်းဘူးလား"

ဟု ပြောလိုက်လေသည်။ ထိုအခါ နှင်းနုအမေ ဒေါ်စိန်မြက

"သွားချင်ရင်လည်း မင်းတို့လူငယ်တွေဘဲ သွားကြပါကွယ် တို့တွေတော့ မလိုက်နိုင်တော့ပါဘူး"

ဟု ပြန်ပြောလိုက်လေသည်။

"ဟင့်အင်း နှင်းနုလည်း မသွားချင်ဘူး ကိုကျော်ဆွေ က သွားချင်လို့လား"

နှင်းနုစကားကြောင့် ကျော်ဆွေဝင်းမှာ မျက်နှာပျက်သွားပြီး သူမ၏ သူငယ်ချင်းဖြစ်သော မိထိုက်ဘက်သို့ လှည့်ကြည့်လေသည်။ အရိပ်အကဲ နားလည်းသော မိထိုက်က ကျော်ဆွေဝင်းမှာ နှင်းနုနှင့် လွတ်လွတ်လပ်လပ် စကားပြောရန် ခေါ်ထုတ်နေကြောင်း သိလိုက်၏။ သူမအား အကူအညီတောင်းသလို ကြည့်လာသော ကျော်ဆွေဝင်းအား ပြုံးပြလိုက်ရင်း နှင်းနုဘက်သို့လှည့်ကာ

"ရောက်တုန်း ရောက်ခိုက် သွားရအောင်နှင်းနုရယ် ငါလည်း အဲဒီကိုမရောက်တာကြာပြီ အရမ်းသာယာတာ ပန်းပင်တွေ လည်း ပေါမှပေါ အိမ်မှာစိုက်ဖို့ နှုတ်လာရဦးမယ်"

ဟု ပြောလိုက်၏။ ထိုအခါ ဒေါ်စိန်မြက နှင်းနုအား လိုက် သွားရန် တိုက်တွန်းပြန်သည်။

"ဟုတ်သားဘဲ သမီးရယ် ရောက်တုန်းရောက်ခိုက် သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ အမေတို့က တောင်ပေါ်သိပ်မတတ်နိုင်တော့ လို့သာ နေခဲ့ရမှာ လိုက်သွားလိုက်သွား''

''ဟုတ်တယ် သမီးရဲ့ ဒီတောင်ကို ခဏခဏလာဖို့ လွယ်တာ မဟုတ်ဘူး ရောက်လာမှတော့ စုံအောင်သွားကြည့်ပေါ့၊ မောင်ကျော်ခွေဝင်းလည်း ပါနေတာဘဲ အဖေတို့ ဒီကပဲစောင့်နေမယ်''

နှင်းနုအဖေ ဦးတင်ဝင်းကပါ လိုလိုလားလား ခွင့်ပြုလိုက်သောကြောင့် မိထိုက်မှာ အားတက်၍သွားပြီး

''လိုက်ခဲ့ပါ နှင်းနုရယ် နော်·· နော်၊ ဒီမှာ ကိုကျော်ခွေဝင်းကို အားနာစရာ''

ဟု ခပ်တိုးတိုး ကပ်ပြောလိုက်လေတော့သည်။ နှင်းနုမှာ ဘယ်လိုမှ မငြင်းသာသည့်အဆုံး မိထိုက်အား မျက်စောင်းလေးရွယ်ရင်း

''မိထိုက်နော် မပြောချင်ဘူး'' ဟု ခပ်တိုးတိုး မာန်မဲကာ လိုက်ပါလာရတော့သည်။

တကယ်တမ်းတောင်ထွတ်ပေါ် ရောက်သောအခါ နှင်းနုမှာ စိမ်းညို့နေသော ရှုခင်းနှင့် အမျိုးစုံလင်လှသော တောပန်းများနှင့် သစ်ခွပန်းများကို တွေ့ရသောအခါ ကလေးငယ်တစ်ဦးပမာ ပျော်ရွှင်သွားရလေတော့၏။

''ဘယ်လိုလဲ နှင်းနု ပျော်ရဲ့လား ခုနတော့ မလိုက်ချင်ဘူးဆို''

ကျော်ခွေဝင်းစကားကြောင့် နှင်းနုမှာ ရှက်ပြုံးလေးပြုံးရင်း ...မှပြန်မပြောမိချေ။

''ဟား ဟား ကိုယ်သိပါတယ် နှင်းနုဘာကြောင့် မလိုက်ချင်လဲဆိုတာ ဘယ့်နှယ့် သေသူကို ရှင်သူက ကြောက်ရပါ့ ဖြစ်နေပါလား နှင်းနုရဲ့''

''အို ကိုကျော်ခွေဝင်းကလည်း အဲဒါတွေမပြောစမ်း ပါနဲ့ နှင်းနုစိတ်ထဲ တစ်မျိုးကြီးပဲ''

ဟု ပြောလိုက်ရာ ကျော်ခွေဝင်းမှာ သဘောကျပြီး ဟက် ...ဟ်ပက်ပက် ရယ်မောပြန်လေသည်။ နှင်းနုမှာ တခြားကိစ္စနှင့် ...နောက်လျှင်သာ နေမြဲအတိုင်း နေတတ်သော်လည်း မဲလုံးကိစ္စ ...တွက် စောင်းပါးရိပ်ခြည် ပြောခြင်းကိုပင် မျက်စိမျက်နှာ ပျက် ...ာက်အောင် ကြောက်ရွံ့တုန်လှုပ်နေလေသည်။

''ဒီသစ်ခွပင်က အပွင့်လေးတွေက အစိမ်းနုလေးတွေနော်၊ မဆိုးဘူးလှတယ်၊ အိမ်မှာစိုက်ဖို့ ယူသွားဦးမှပဲ''

နှင်းနုမှာ မိထိုက်စကားအား စိတ်မဝင်စားနိုင်၊ တရိပ်ရိပ် ...လိပ်လိပ် ညိုမည်းတတ်လာသော မိုးသားမည်းမည်းများကိုကြည့် ...ာ အိမ်ပြန်ရန် စိတ်စောနေမိ၏။

''ကိုကျော်ခွေ အဖေတို့ အမေတို့စောင့်နေရတာ အတော် တောင်ကြာသွားပြီ ပြန်ကြစို့လေ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်လို ဖြစ်တာလဲ နှင်းနုရဲ့ ခုမှရောက်တာ ပြန်တော့မလို့လား မဲလုံးကြီးက ဒီအထိတော့ မလိုက်နိုင်ပါဘူးကွာ ဟား ဟား ဟား ဟား"

ဘာရယ်မဟုတ် စနောက်ရင်း အော်ရယ်လိုက်သော ကျော် ဆွေဝင်းအသံကြောင့် နှင်းနုမှာ ကျောရိုးထဲက စိမ့်ခနဲ ဖြစ်သွား ကာ ကြက်သီးများပင် တဖျန်းဖျန်းထလာလေတော့သည်။

"မိုးတွေညိုနေပြီ ကိုကျော်ဆွေ ပြန်ကြစို့လား"

စိမ်းညို့ညို့ မှိုင်းပြာပြာရှုခင်းတွေကိုလည်း ကြည့်ရှုခံ လိုစိတ်မရှိတော့ချေ။ တောင်စောင်းတစ်လျှောက်အပေါ်မှ စီးမိုးမြင် သော မြင်ကွင်းကြောင့်ပင် ရင်ထဲမူးသလိုလို မောသလိုလို ပင် နွမ်းဟိုက်လာ၏။

နှင်းနု၏ ပျက်ယွင်းနေသော မျက်နှာအမူအရာကို မြင်ရသော ကျော်ဆွေဝင်းမှာ တဟားဟားရယ်ရင်း မဲလုံးသရဲအကြောင်း နော ပြောင်နေရာမှ မျက်နှာပိုးသတ်ကာ

"နှင်းနု နေမကောင်းဘူးလား အဲဒါဆိုလည်း ပြန်ကြ စို့လေ"

ဟု ပြောတော့သည်။ ထို့နောက် ကျော်ဆွေဝင်းသည် မြက် ရှည်များပေါက်နေသော တောင်စောင်းမှ ကျောက်တုံးလမ်းကလေး တိုင်း ရှေ့ဆုံးမှဦးဆောင် ဆင်းလေတော့သည်။

"ကဲ လမ်းက အဆင်းဆိုတော့ မတ်ပြီးခြေချော်တတ်တ ကိုယ့်လက်ကို ဆွဲထားနှင်းနု"

ဟုဆိုကာ ရှေ့မှနေ၍ နှင်းနုဘက်သို့လှည့်ကာ လက်ကမ်းပေး လိုက်လေ၏။ နှင်းနုမှာ ရှက်ရွံ့သော အမူအရာနှင့် ကျော်ဆွေဝင်း၏ လက်ကိုလှမ်းဆွဲရန် ပြင်လိုက်စဉ် လျှပ်စီးလက်သွားသလို ဝင်းခနဲ လက်သွားသည်မို့ အားလုံးလန့်သွားမိလေသည်။

နှင်းနုမှာ ကမ်းပေးထားသောလက်ကို ကယောင်ကတမ်း ဖြစ်ရုတ်လိုက်မိသည်။ သူမနောက်မှ မိထိုက်မှာလည်း ဟယ်ဟု အာမေဍိတ်ပြုကာ ကြောင်တောင်ကြီးရပ်နေ၏။

လျှပ်ရောင်သည် စိတ်မှထင်ခြင်းမဟုတ်။ သူတို့အားလုံး မြင်လိုက်ရခြင်းပင်။ သို့ဖြင့် ကောင်းကင်သို့ သူမတုန်လှုပ်စွာ သည်ပြန်မော့ကြည့်လိုက်မိသည်။ ထိုစဉ်မှာပင်

"အမလေးဗျ" ဟူသော ကျော်ဆွေဝင်း၏ အော်သံနက်ကြီး ကို အနီးကပ် ကပ်ကြားလိုက်ရလေ၏။

"ဟယ် နှင်း နှင်းနု ကိုကျော်ဆွေ ခြေချော်ကျပြီ"

မိထိုက်၏ အထိတ်တလန့်အော်သံအဆုံးတွင် နှင်းနုမှာ သတိ ဝင်လာပြီး တောင်စောင်းရှိ သစ်ပင်ကိုလက်တစ်ဖက်နှင့် အားပြုခို ရင်း တန်းလန်းကြီးဖြစ်နေသော ကျော်ဆွေဝင်းဘက်သို့ **လှည့်ကြည့်** လိုက်မိလေတော့သည်။

"နှင်းနု လုပ်ပါဦး ကိုယ် ဒီမှာ"

"နေ နေ သစ်ကိုင်းကို မြဲမြဲကိုင်ထား ကျွန်မတို့လာ ခဲ့မယ်"

နှင်းနုလောက် တုန်လှုပ်မှုမရှိသော မိထိုက်က ရှေ့မှ ပျာပျာသ

www.burmeseclassic.com

www.burmeseclassic.com



လဲပင် ကျော်ဆွေဝင်းအား ဆွဲတင်ဖို့သွာ၏။ နှင်းနုမှာ ထိတ်လန့်လှ
၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။

ထို့စဉ် လေများမှာ ပြင်းပြင်းထန်ထန် တိုက်ခတ်လာ
သူမတို့အားလုံး အသည်းတအေးအေးနှင့် ရှိနေရလေသည်။

"ကိုကျော်ဆွေဝင်း ဒီဘက် ဒီဘက်ကိုင်းကို လှမ်း
အဲဒီဘက်အထိ တိုးလာလို့မရတော့ဘူး"

မိထိုက်စကားသံအဆုံးတွင် "ဂျိမ်း"ခနဲ မိုးခြိမ်းသံကြ
ထွက်ပေါ်လာရာ နှင်းနုမှာ ယောင်ယမ်း၍ မျက်စိအမိုတ်

"အား"

ဟူသော ကျော်ဆွေဝင်း၏အော်သံကို တောင်စောင်းအတို
ပဲ့တင်ထပ်ကာ ကြားလိုက်ရလေတော့သည်။

"လက် လက်မည်းမည်းကြီး လက်မည်းမည်း ကြ
ကိုကျော်ဆွေကို ဆွဲချသွားတယ်"

"ဟင် မိ မိထိုက် ကိုကျော်ဆွေ ကိုကျော်ဆွေရော ဟင်"

မိထိုက်မှာ မျက်လုံးကြီးပြူးလျှက် တောင်စောင်းသို့ လက်ည
ထိုးရင်း

"လက်မည်းမည်းကြီး လက်မည်းမည်းကြီး ဆွဲသွားတ
ကိုကျော်ဆွေကို လက်မည်းမည်းကြီး ဆွဲသွား တယ်"

ဟုသာ စိတ်ဖောက်ပြန်သွားသလို အော်ဟစ်နေတော့သည
ထိုအချိန်တွင် အနောက်တောင်ဆီမှ တရိပ်ရိပ်မည်းညို့လာသော မိုးသ
များမှာ တဖြည်းဖြည်း နိမ့်ဆင်းပြိုကျလာပြီး သည်းသည်းထန်ထန်
ရွာချလိုက်လေတော့၏။

မိထိုက်မှာတော့

"လက်မည်းမည်းကြီး ဆွဲသွားတယ်"

ဟု မိုးရေထဲတွင် တပ်ခါတလဲလဲ အော်နေဆဲပင်တည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အဖြစ်ကတော့ အဲဒါပါဘဲ ဆရာရယ် တစ်လလောက် အတွင်းမှာ နှစ်ယောက်လုံးသေတော့ ဟုတ်တာ မဟုတ်တာ အပထား ပတ်ဝန်းကျင်က ထင်ကြပြီပေါ့"

ကိုသိန်းတန်မှာ ဒေါ်နုရွှေပြောသောစကားကို ငြိမ်သက်စွာ နားထောင်နေရင်းက သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"ဒါတွေဟာ သက်သက်မဲ့,လူတွေအယူသီးနေကြတာပါ အဒေါ်ရာ"

"အင်း တိုက်ဆိုင်မှု တစ်ခုဆိုရင်တော့ အကောင်းဆုံးပဲပေါ့ ဆရာ၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်သွားတာပါလို့ ပြောရအောင်လည်း"



ဒေါ်နုရွှေ၏စကားမဆုံးခင် ကိုသိန်းတန်က လက်ကာ ပြကာ

"ဒါဆို ဒီအဖြစ်အပျက်တွေဟာ တစ်စုံတစ်ခုရဲ့ ပယောဂ လို့ ပြောချင်တာလား အဒေါ်ကိုယ်တိုင်ရော အဲဒီလိုဖြစ်တာ ယုံကြည်လက်ခံထားသလား"

ဟု ဖြတ်မေးလိုက်လေ၏။ ဒေါ်နုရွှေမှာ ကိုသိန်းတန် စကားကြောင့် ဘာပြန်ပြောရမှန်းမသိဘဲ အတန်ကြာ ငြိမ်သက်သွားတော့သည်။ အတော်လေးကြာမှ သက်ပြင်းတစ်ချက်ချရင်း

"အဖြစ်အပျက်က အဲဒီမှာတင် ဆုံးသွားတာမဟုတ်ဘူး ဆရာ"

"ဘယ်လို"

သူနားမလည်သလို တစ်ခေါက်ပြန်မေးလိုက်၏။

"အဲဒီကိစ္စကို မယုံကြည်တဲ့ လူတွေအများကြီးပါပဲ ဆရာ သိပ်မကြာခင်မှာပဲ နှင်းနုကို ချစ်ရေးဆိုသူတစ်ယောက် ထပ်ပြီး ထွက်ပေါ်လာပြန်တယ်၊ အင်း သတ္တိရှိတယ်လို့ ပြောရမှာပေါ့လေ၊ နှစ်ဖက်မိဘတွေကလည်း ကြည်ကြည်ဖြူဖြူရှိကြပါလေရဲ့၊ ဒါပေမယ့် နှင်းနုတစ်ယောက်အပေါ် ရှေ့က နှစ်ယောက်လို ကြေကွဲစရာတွေ ဖြစ်လာမှာစိုးဆိုပြီး ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေခဲ့တာ အဒေါ်တို့အောင် နှင်းနုကို

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လွန်းလှချည်းလားလို့ ဝိုင်းဖျောင်းဖျမိသေးတယ်”

ကိုသိန်းတန်က မျက်မှောင်ကျုံ့ရင်း ဒေါ်နှစ္စေစကားအား အာရုံ ဝင်စားကာ စိတ်လွတ်သွားမိသည်။

“အဲဒီနောက်ဆုံးကောင်လေးရော ဘာဖြစ်သွားသေးလို့လဲ”

ရုတ်တရက်မေးလိုက်မိရင်းက သူ့မျက်လုံးအစုံကို ရိပ်ခနဲမြင်တတ်သွားရသည်။ အာခေါင်တွေခြောက်ကာ လည်ချောင်းဆီမှ တစ်စုံတစ်ခု တစ်ဆို့ဆို့ဖြစ်လာသလို ခံရခက်ပြီး ချောင်းတစ်ချက်ဟန့်လိုက်၏။ ဒေါ်နှစ္စေပြောလာမည့် စကားကိုလည်း စိတ်လှုပ်ရှားစွာ စောင့်မျှော်နေမိသည်။

“သူသေသွားတယ် ဆရာ အဲဒီအိမ်ရှေ့က မန်ကျည်း
ပင်အောက်မှာဘဲ ခတ်လိုက်ပြီး သေတာ”

“အဲဒီနေ့က လေတွေမိုးတွေသည်းနေတယ် မဟုတ်လား
အခေါ် မန်ကျည်းကိုင်း ကျိုးကျတော့ ခတ်ကြိုးကို ရိုက်မိပြီး
ခတ်လိုက်ခံရတယ် ဒီလို မဟုတ်လား”

ကိုသိန်းတန်စကားကြောင့် ဒေါ်နှစ္စေမှာ ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်ရင်း တအံ့တသြကြည့်ကာ

“ဆရာ ဆရာ ဘယ်လိုလုပ်သိသလဲ”

ဟု ပြန်မေးလေသည်။ ကိုသိန်းတန်က ပိုင်နိုင်စွာပြုံးရင်း



“ဖြစ်နိုင်ချေက ဒီတစ်နည်းပဲရှိတာ အခေါ်ရယ် ဒီလိုပဲ
ဖြစ်မယ်လို့ တွေးမိတာပေါ့”

ဟု ပြောလိုက်ရာ ဒေါ်နှစ္စေမှာ ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ တွင်တွင်ညိတ်နေလေတော့၏။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

လယ်ယာစိုက်ပျိုးရေးရုံမှာ နဂိုက ကုလားသူဌေးတစ်ဦး၏ ခြံပင်ဖြစ်သည်။ ပုဂ္ဂလိကပိုင် ပန်းခြံဆန်ဆန် ခြံကျယ်ကြီးထဲတွင် ကုလားသူဌေး၏ အိမ်နေရာမှာ ယခု လယ်ယာစိုက်ပျိုးရေးရုံးဖြစ်နေပေပြီ။

ကုလားသူဌေးပြန်သွားသောအခါ ထိုခြံအား ဆက်ခံမည့်သူ မရှိသောကြောင့် အစိုးရပိုင်သိမ်းကာ လယ်ယာစိုက်ပျိုးရေးရုံးအဖြစ် အသုံးပြုလိုက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ရုံးဟုဆိုသော်လည်း သီးပင်စားပင်၊ သစ်ပင်ပန်းမန်တို့နှင့် ဥယျာဉ်ဆန်ဆန် သာယာလှပနေခြင်း ဖြစ်ကြောင်း မောင်ချိုကသူ့အား ရှင်းပြဖူးလေသည်။

ရုံးထဲမှ ပန်းပင်များမှာ တစ်မြို့လုံးတွင်ရှိသမျှ ပန်းပင်များထက် အဆပေါင်းမြောက်များစွာ ရှိနေသောကြောင့် မိန်းကလေးအများ



စု၏ စိတ်ဝင်စားခြင်းခံရသော နေရာလည်းဖြစ်၏။

သူရောက်လာပြီးမှ ပိုပြီး လူကြည့်များလာသည်ဟု မောင်ချိုက နောက်သလို ရွတ်သလိုပြောသဖြင့် ပြုံးရသေးသည်။ မောင်ချိုပြောသည်မှာ သူ့ကို မိန်းကလေးတွေ စိတ်ဝင်စားသောကြောင့် ရုံးဆောင်သည်ရိုးမှ အပင်တွေကို လာခူးရင်း အကြောင်းမရှိအကြောင်း ရှာကာ ရစ်သီရစ်သီလုပ်သည်ဟူ၍ပင်။ မည်သို့ဆိုစေ မြို့ခံလူများအနေနှင့် အစိုးရဝန်ထမ်းသစ်မို့ စိတ်ဝင်စားကြခြင်းလည်း ဖြစ်နိုင်ပါသည်။

ရောက်တတ်ရာရာ တွေးရင်းနံ့ရုံမှ ပြက္ခဒိန်ကိုလှမ်းကြည့်မိပြန်သည်။ သူဒီမြို့ကိုပြောင်းလာတာ တစ်လပင်ကျော်သွားပြီဖြစ်၏။ ကုလားထိုင်မှ အညောင်းပြေထရပ်ကာ ဘာရယ်မဟုတ် ပြတင်းဝမှာ သွားရပ်မိသောအခါ မြင်ကွင်းထဲသို့ တိုးဝင်လာသော ကြည်ပြာ ရောင် အရိပ်ကလေးတရိပ်ကို တွေ့လိုက်ရတော့သည်။

နှင်းနုဟူသော မိန်းမချောလေးပင်ဖြစ်၏။ သူမသည် ချောသည်ဆိုရုံထက်ပိုကာ ယဉ်လည်းယဉ်၏။ ဖြူစင်သော အသား အရည်က ဝင်းနှစ်ကာ အဝါဘက်သို့ ခပ်လုလုမို့ ကြည်ပြာရောင် လက်စက အင်္ကျီလေးနှင့် ထင်းထင်းရှင်းရှင်း လှနေပြန်သည်။

သူမ၏လက်တွင် ဝါးတံချူလေးတစ်ခု ကိုင်ထားသည်။

ဘာလုပ်မလို့ပါလိမ့်ဟူသော သိချင်စိတ်နှင့် မျက်တောင်မခတ်စတမ်း ငြိမ်ပြီးကြည့်နေချိန်တွင် သူမသည် ဖောင်းဖို့နေသော ခြေဖမိုးပေါ်မှ ကတ္တီပါသည်းကြိုး နီညိုရောင်လေးပေါ်သွားအောင်

www.burmeseclassic.com

www.burmeseclassic.com



ထဘီကို မ,ပြီး ဖျပ်ခနဲခုန်လိုက်သည်ကို တွေ့ရလေသည်။ သူမခုန်လိုက်သည့်အခါ ရင်ဘက်ရှေ့တွင် ဘယ်ညာစုံချထားသော ကျစ်ဆံမြီးနှစ်ဖက်သည် ခုန်မြောက်သွားပြီး လေးပင်ရှည်လျားသောကြောင့် သူ့နေရာအတိုင်း ပြန်ကျလေ၏။

ကြည့်ကောင်းကောင်းနှင့် ကြည့်နေပြီးမှ သူမတစ်ယောက်တည်း ပန်းခူးနေတာပါလားဆိုတာ အသိဝင်လာသည်။

ဘာရယ်မဟုတ် ခြံထဲအထိ ဆင်းလျှောက်လာပြီးမှ သူ့မနောက်ကျောပြည့်ပြည့်လေးကို မြင်ရသောအခါ နေရာတွင်ခြေစုံရပ်လိုစိတ်မရှိတော့။ ကုက္ကိုပင်ခွကြားလောက်မှာ ပေါက်နေသည့် ဖယောင်းပန်း ဝါဝါလေးဆီသို့သာ စိတ်ရောက်နေသော နှင်းနုမှာ သူ့အနီးသို့ ကပ်သွားသည်ကို မမြင်ရှာချေ။

"နှင်းနု"

"ရှင်"

ဆတ်ခနဲတုန်သွားသော ပုခုံးလေးနှစ်ဖက် ပြန်အကျတွင် သူမခေါင်းက သူ့ဘက်ချာခနဲ လှည့်လာသည်။ "ရှင်" ဟု သူမထူးလိုက်ခြင်းတော့ မဟုတ်တန်ရာ။ လန့်ဖျပ်ပြီး အာမေဋိတ်သံပြုခြင်းသာ ဖြစ်လိမ့်မည်။ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများ ကြောက်ရွံ့ထိတ်လန့်ခြင်းကြောင့် ပြူးကျယ်ဝိုင်းစက်နေသော မျက်လုံးများမှ အပြစ်ကင်းစင်လှသော ကလေးငယ်တစ်ယောက်လို ဂရုဏာသက်ဖွယ်ကောင်းနေပြန်သည်။



"ဘာဖြစ်လို့ ဒီလောက်တောင် လန့်သွားရတာလဲ ကိုယ့်ပုံစံက ကြောက်စရာကောင်းနေလို့လား"

သူ့စကားအဆုံးတွင် ကောင်မလေးက ရှက်ရွံ့အားနာဟန်နှင့် ခေါင်းကို သွက်သွက်ခါယမ်းပြလေသည်။

"နောက်ကိုဘာဖြစ်လို့ အတင်းဆုတ်သွားတာလဲ ကိုယ်မင်းကို တစ်ခုခု လုပ်မှာစိုးရိမ်နေတဲ့အတိုင်းပဲ"

"အို"

သူမမျက်နှာလေးက ပန်းသွေးရောင်ဖြာသွားတော့မှ သူ့စကားသူပြန်ပြီး အားနာမိတော့၏။

နောက်မှာ သစ်ပင်နှဲ့ခြံစည်းရိုးသာ ရှိမနေလျှင် သူ့ရှေ့ကသုတ်ခနဲပြေးသွားမှာ အမှန်ပင်။ သို့သော် သူကတော့ ဂရုမစိုက်ပါချေ။ သူမ၏မျက်နှာကိုသာ တရှိုက်မက်မက် ငေးကြည့်နေမိသည်။

"ကိုယ့်နာမည် ကိုသိန်းတန်ပါ ဒီရုံးကိုပြောင်းလာတဲ့ ဝန်ထမ်းအသစ်လေ နှင်းနု သိတယ်မဟုတ်လား"

"ဟို ဟင့်အင်း"

ဒါတော့ သူသက်သက် ညာနေတာပင် ဖြစ်ရမည်။

"နှင်း နှင်းနု သွားရပါစေ"

ဆည်းလည်းခပ်သံလို သာယာလှသော သူမ၏စကားသံအဆုံးတွင် သူခေါင်းညိတ်ပြလိုက်သည်။ သို့သော် သူမအားမျက်စိရှေ့မှ ချက်ချင်းပျောက်မသွားစေလိုပေ။ နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း သတိလက်လွှတ် ငေးမောရင်း ကျန်ခဲ့ရလေသည်။ နှင်းနုမှာ သူ့ဘေးမှ ပြေးထွက်သွားသော်လည်း သူမ၏ကိုယ်သင်းရနံ့မှာ သူ့ဘေးတွင် စွဲ၍ ကျန်ခဲ့တော့၏။

* * *

## အခန်း (၁၉)

"နှင်းနုကို သွားပေးရမယ်"

မောင်ချို့အသံကြောင့် သူမျက်လုံးပြူးရင်း နှုတ်ခမ်းနားမှာ လက်ညှိုးကပ်ထောင်ကာ

"ဟော့ကောင် တိုးတိုးပြောစမ်းပါကွ နှင်းနုကို ပန်းပင် သွားပေးနိုင်းတာ မြွေပို့ခိုင်းတာကျနေတာပဲ"

ဟု ခပ်တိုးတိုးမာန်မဲပစ်လိုက်သည်။ မောင်ချိုက မျက်နှာကိုရှုံ့မဲ့ပြီး သစ်ခွပန်းပင်ကလေးကို ကြောက်စရာသတ္တဝါ တစ်ကောင်လို ကြည့်နေတော့၏။

အစိမ်းနုရောင် ရိုးတံကလေးမှာ လှေကားလက်ရန်းမှ ပွတ်လုံးတိုင်လို အဆစ်ဖုဖုကလေးတွေနှင့် သနပ်ခါးရောင် ဖျော့ဖျော့

www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ကလေးမှာ အရိုးတံတစ်ခုတွင် တစ်ပွင့်တည်းသာ ပွင့်တတ်သော သစ်ပင်ကပ်ပန်းတစ်မျိုးပင်။

ပန်းပင်များ၏အမည်ကို သူမသိသော်လည်း နှင်းနုတော့ဖြင့် သိပေလိမ့်မည်။ ထိုပန်းကလေးအား ခုနစ်ဆစ်ပန်းဟု အလွယ်ခေါ်သော်လည်း ထိုပန်းကလေးတွင် နာမည်ရင်းရှိလိမ့်မည် ဖြစ်သည်။

"ဒီ ပန်းပင်ကို နှင်းနုကိုသွားပေးရမယ် ဟုတ်လား၊ ကျွန်တော်သွားမပေးရဲဘူး အစ်ကို"

မောင်ချိုဘာကို ဆိုလိုမှန်း သူသဘောပေါက်လိုက်သည်။ ထို့ကြောင့် မျက်နှာကို ခပ်တင်းတင်း တည်တည်လုပ်ပြီး

"ဘာဖြစ်လို့ မပေးရဲတာလဲ နှင်းနုက မင်းကိုဘာလုပ်မှာမို့လဲ"

ဟု ပောက်ပစ်လိုက်တော့ မောင်ချိုက မျက်နှာငယ်လေးနှင့်

"နှင်းနုကတော့ ဘာမှမလုပ်ဘူးပေါ့ အစ်ကိုရာ ဒါပေမယ့် မဲလုံးကိုကြောက်တယ် တော်ကြာ ကျွန်တော့်ပါ ကြံရာပါဆိုပြီး ဒုက္ခပေးနေရင် မခက်ဘူးလား"

မောင်ချို့စကားကြောင့် သူ့မှာ ရယ်ရအခက် ဒေါသထွက်ရအခက်ဖြစ်သွားပြီး ဘာပြောရမှန်း မသိသလို အကြံအိုက်သွားရလေသည်။

"မင်းက ဘာကိစ္စကြံရာပါ ဖြစ်ရမှာလဲ နှင်းနုက ဒီပန်းပင်လေး လိုချင်တယ်ဆိုလို့ တကူးတက ရှာထားရတာ"



သူ့စကားအဆုံး မောင်ချို့မျက်နှာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။

"ဟင် ဟုတ်လား မသိပါဘူး အစ်ကိုရာ ကျွန်တော်က အစ်ကို နှင်းနုကို"

"ဟော့ကောင် တော် တော် ဘာတွေလျှောက်ပြော နေတာလဲ"

ဟု ဟန့်လိုက်သောအခါမှ မောင်ချိုမှာ ပြုံးဖြီးဖြီးနှင့် သူ့ကိုကြည့်ကာ သစ်ခွပန်းအိုးကို ကောက်မရင်း သူ့ရှေ့မှ ထွက်သွားတော့သည်။

"မောင်ချို ဘယ်သွားတာလဲ ကိုကိုသိန်းတန်"

"အခန်းထဲမှ လှမ်းဝင်လာရင်း မေးလိုက်သော ကိုဇော်မျိုး၏ စကားကြောင့် သူဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟိုဗျာ ပန်း ပန်း အဲ ကိစ္စတစ်ခုရှိလို့ မြို့ထဲခဏခိုင်းလိုက်တာ"

"ဘော် ပန်းဆိုတာ ဘာလဲ ကိုကိုသိန်းတန် ဘာပန်းလဲ"

ကိုဇော်မျိုး၏ စကားအဆုံး သူ့မျက်နှာ ရှိန်းခနဲနွေးသွားရသည်။

"ဘာပန်းမှ မဟုတ်ပါဘူးဗျာ မိတ်ဆွေတစ်ယောက်ဆီ ပန်းမျိုးတစ်မျိုး လှူကြံ့ပို့ခိုင်းလိုက်တာကို ပြောတာပါ"

"ပန်းပင်မျိုးပေးတယ်ဆိုတော့ အမျိုးသမီးမိတ်ဆွေလား

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိန်းတန်''

''ဆိုပါတော့ဗျာ''

ကိုဇော်မျိုးကလည်း မေးပဲမေးနိုင်လွန်းသည်ဟု သူစိတ်ရှုပ်စွာ တွေးလိုက်မိသည်။ အရင်က ဒီလူ သိပ်ပြီး မစပ်စုတတ်ပါဘူး ခုမှ ဘယ်လိုဖြစ်ရတာပါလိမ့်ဟု တွေးကာ မိမိကိစ္စပေါ်တော့မည်ကို စိတ်ညစ်နေမိသည်။

''ဟဲ ဟဲ တယ်ဟုတ်နေပါလား ကိုကိုသိန်းတန် ရောက်လာမှ မကြာသေးဘူး ပန်းတွေဘာတွေ လက်ဆောင်ပေး မယ့်သူရှိ နေပြီကိုး ပန်းတောင်မဟုတ်ဘူး အပင်ပါပေးလိုက် တာနော် သီချင်းထဲကလို တစ်ပွင့်ကြွေရင် တစ်ပင်လုံး မောင် ယူလာခဲ့မယ် ဆိုတာမျိုးပေါ့''

''လက်ဆောင်ရယ်လည်း မဟုတ်ပါဘူးဗျာ ဒီလို ပါပဲ''

သူ ကိုဇော်မျိုးနှင့် စကားကို ဖြတ်ကာ သူရုံးခန်းထဲမှ ကဗျာကယာ ထွက်မည်ပြုတော့

''ဟာ ဟေ့ ကိုကိုသိန်းတန် နေပါဦးဗျ ဒီမှာ စာရင်းတွေပြ မလို့''

''နောက်မှပြဗျာ ဒီမှာ အရေးကြီးလို့''

ဟု ရှက်ကိုးရှက်ကန့် အော်ပြောထွက်လာတော့ ကိုဇော်မျိုးမှာ တဟားဟား အော်ရယ်ရင်း ကျန်ခဲ့တော့သည်။ ကိုသိန်းတန်မှာ ကိုယ့်ကိုယ်ကို ဒီလောက်အိနြွေပျက်ရသလားဟု မကျေမနပ်အပြစ်တင်



ရင်း ပြုံးလိုက်မိ၏။ သူ့ကိုယ်သူ ဘာဖြစ်မှန်းပင် မသိလောက်အောင် ခင်းနှ ဆိုသည့် ပန်းရိုင်းပွင့်လေးက ပြုစားလိုက်ချေပြီဘည်း

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အိမ်မှ စောစီးစွာ ထွက်လာပြီးမှ ကိုယ့်ကိုယ်ကို ထူးဆန်း နေသလို ခံစားရလေသည်။ သူမ၏ မျက်နှာကို မြင်ချင်စိတ်ကြောင့် တစ်ညလုံးလည်း အိပ်လို့မပျော်နိုင်ခဲ့ချေ။

နှင်းနုအိမ်တွင် မနက်ပိုင်းဆိုလျှင် သူမ၏မိဘ နှစ်ပါးလုံး မနေတတ်သောကြောင့် သူ့အတွက်အတော်လေး အဆင်ပြေလေသည်။ နှင်းနုတို့အိမ်ရှေ့ရောက်တော့ သူဆုတောင်းပြည့်သွားသည်။ ရုံး သွားလာခါနီး ဘုရားရှိခိုးခဲ့သော အကျိုးပေလားမပြောတတ်။

နှင်းနုအား သူပေးထားသော ခုနှစ်ဆစ်သစ်ခွပန်းကလေး ပန်သျှက် အိမ်ရှေ့ရှိ သောက်ရေအိုးစင်တွင် ရေဖြည့်နေသည်ကို တွေ့ လိုက်ရလေသည်။



နှင်းနုသည် ခြေသံကြားသောကြောင့် ရုတ်တရက် လှည့် အကြည့်တွင် သူ့အား မြင်သွားတော့သည်။

နီညိုရောင် ပုဆိုးကွက်စိပ်နှင့် အင်္ကျီအဖြူကော်လာကတုံး လက်ရှည်ကို ကြယ်သီးအပြည့်တပ် ဝတ်ထားသော သူ့ပုံစံက စိမ်း စိုသော လမ်းမထက်မှာ ထင်နေအောင် ပေါ်လွင်၏။ သူမသည် ပလက်စတစ် ရေပုံးပြာလေးကိုကိုင်ကာ သူ့အား ငေးကြည့်နေသည်ကို တွေ့ရသောအခါ သူ့ရင်ထဲ နွေးတေးတေးဖြစ်သွားရလေတော့သည်။

ကိုသိန်းတန်သည် သူမခေါင်းမှ သစ်ခွပန်းကလေးကိုကြည့်ပြီး ပြန်ပြုံးလိုက်မိသောအခါ နှင်းနုမှာ အိမ်ထဲသို့ အပြေးကလေး ပြန်ဝင် သွားတော့၏။

သူပြုံးရင်း ဆက်လျှောက်လာခဲ့သည်။ နှင်းနု၏ ရှက်ရွံ့ဟန် လေးကို မြင်ယောင်ရင်း လက်မှ နာရီကို ငုံ့ကြည့်လိုက်မိသည်။ ရှစ်နာရီပင်မထိုးသေးပေ။ သူခြေနှစ်လမ်းသုံးလမ်းခန့် ဆက်လျှောက် ပြီးမှ နေရာတွင် ခြေစုံရပ်လိုက်၏။

ထို့နောက် တစ်စုံတစ်ခု မေ့ကျန်ခဲ့သူလို ခပ်သုတ်သုတ် ပြန်လှည့်လာခဲ့သောအခါ သူ ကြိုတင်ထင်မှတ်ထားသည့်အတိုင်း နှင်းနုမှာ သီချင်းကလေး တညည်းညည်းနှင့် ပြန်ထွက်လာသည်ကို တွေ့ရလေသည်။

"နှင်းနု"

"ရှင် အမေ့"

www.burmeseclassic.com

www.burmeseclassic.com



“မလန့်ပါနဲ့ ကိုယ်ပါ”

“ဟုတ် ဟုတ်”

ဟုတ်ကဲ့ဆိုသော်လည်း သူမစကားသံတို့သည် ထစ်ငေါ့တုန်ယင်နေ၏။

“ကိုယ်ပေးခိုင်းလိုက်တဲ့ ပန်းကိုပန်ထားပြီး ကိုယ့်ကိုတောင်ကျေးဇူးတင်စကား ပြောဖော်မရဘူး”

သူ့စကားကြောင့် ကောင်မလေးက မအံ့သြသလို မျက်ခုံးလေးပင့်ပြီး ပြန်ကြည့်လေသည်။ သို့သော် ရုတ်ချည်းပင်သွက်လက်ဖျတ်လတ်သော အမူအရာပြောင်းသွားကာ

“နှင်းနုက ပန်းလိုချင်တယ်လို့ ပြောတာမှမဟုတ်တာ ဘာလို့ကျေးဇူးတင်စကားပြောရမှာလဲ ကိုကြီးဘာသာ ပို့ခိုင်းလိုက်တာကိုး”

“ဟော ဗျာ”

သူမ၏ စကားကြောင့် ကိုသိန်းတန်မှာ တအံ့တသြ ဖြစ်သွားကာ သူမမျက်နှာကို စိုက်ကြည့်လိုက်မိတော့သည်။ နှင်းနုမှာ သူ၏အကြည့်ဒဏ်ကြောင့် ခေါင်းငုံ့မျက်လွှာချထားရာမှ မသိမသာ မျက်လုံးလှန်ကြည့်ပြီး သူ့ရှေ့မှ လှည့်ထွက်သွားရန် ဟန်ပြင်လေသည်။

“ဟိတ် ဘယ်ကိုလဲ ခဏ နေပါဦး”

ပြောပြောဆိုဆို သူမလက်ကလေးကို လှမ်းဆွဲထားမိသည်။ သူမက သူ့အား အထိတ်တလန့်မော့ကြည့်ရင်း



“ဟာ လွှတ်ပါ သူများကို”

သူမ၏ မပွင့်တပွင့်ပြောဟန်လေးက အလွန်ချစ်မြတ်နိုးဖွယ်ကောင်းလေသည်။ ကိုယ့်ကိုယ်ကို ရှုံးဝန်ထမ်းတစ်ယောက်ပါလားဟူသော အသိသာ သတိမရလျှင် သူမလက်ကလေးကို တဖွဲ့တမောဆွဲယူနမ်းရှိုက်လိုက်မိမည်လားမပြောတတ်ချေ။

ဖယောင်းသားလို ဖြူဖွေးဝင်းမွတ်ပြီး နူးညံ့ပျော့ပျောင်းလှသော သူမ၏ လက်ချောင်းသွယ်သွယ်လေးကို နှမြောတသစွာလွှတ်ပေးရင်း

“နှင်းနုနဲ့စကားတွေ အများကြီးပြောချင်ပါတယ်။ အချိန်မရဘူးလားဟင်”

သူမက မော့မကြည့်ဘဲ ခေါင်းကို သွက်သွက်ပါအောင်ခါပြလေသည်။

“ကိုယ်နဲ့စကားမပြောချင်ဘူးလားဟင် ကိုယ်က နှင်းနုကိုစတွေ့ကတည်းက ခင်မင်နေမိတာ”

စကားကို ခပ်ဆုတ်ဆိုင်းဆိုင်းပြောလိုက်မိသောကြောင့် ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိပြန်သည်။

နှင်းနုသည် ရွှန်းလဲ့ဝိုင်းစက်နေသော မျက်လုံးရွှဲကြီးများနှင့် သူ့အား တစ်ချက်မော့ကြည့်ကာ နှင်းဆီဖူးငုံသဏ္ဌာန်နှုတ်ခမ်းနှစ်လွှာအား ခပ်တင်းတင်းစေ့လိုက်လေသည်။

“နှင်းနုလည်း ကိုကြီးကို ခင်ပါတယ်။ ဒါပေမယ့်”

www.burmeseclassic.com

www.burmeseclassic.com



နှင်းနု၏ မျက်လုံးထဲတွင် ဒါပေမယ့်ဟူသော စကားလုံး၏နောက်မှ အဓိပ္ပာယ်ပေါင်းမြောက်များစွာကို တွေ့မြင်ခံစားလိုက်ရသလိုခံစားလိုက်ရလေတော့သည်။ ထို့ကြောင့် သူမထွက်သွားသည်ကို သူမတားဆီးလိုက်မိချေ။

နောက်တစ်နေ့ ရုံးသွားသောအခါ နှင်းနုသည် သူ့အား ထူးဆန်းစွာပင် ပြုံးပြနှုတ်ဆက်လေသည်။ သူပေးခဲ့သော ခုနှစ်ဆစ်သစ်ခွပန်းကလေးမှာ တစ်ပတ်ဆယ်ရက်ခန့်နှင့် မနွမ်းသောကြောင့် ထိုပန်းလေးကို သူမ နှစ်နှစ်ခြိုက်ခြိုက်ပန်ထားသည့်အတွက် ရင်ထဲကြည်နူးသွားမိသည်။ သူမအား လှမ်းနှုတ်ဆက်ရန် ပြင်လိုက်စဉ်

"နှင်းနု"

ဟူသော မိန်းကလေးတစ်ယောက်၏ အသံစူးစူးကြောင့် သူ လှမ်းကြည့်လိုက်တော့ တစ်ဖက်ခြံစည်းရိုးမလွယ်ပေါက်မှ ကုန်းကုန်းကွကွ တိုးဝင်လာသော မိန်းမငယ်တစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ဟဲ့ နှင်းနု အိမ်ကိုတောင် မလာဘူး။ ငါကြားပါတယ်နော် တစ်ယောက်သောသူကို အသွားအပြန် ထိုင်စောင့်နေတယ်ဆိုတာ"

"မိထိုက် နင်တော့"

"အဲ ဟောတော့ ..."

မိထိုက်ဆိုသော ကောင်မလေးမှာ နှင်းနုအသံကြောင့် ဟိုဟိုဒီဒီ



လှမ်းကြည့်ရင်း ကိုသိန်းတန်ကို တွေ့သွားတော့သည်။ ထိုအခါမှ ဇက်ကလေးပုရင်း လျှာလေးထုတ်ထုတ်ကာ နှင်းနုအား ပြန်လှည့်ကြည့်လေသည်။ သူပြုံးယောင်ယောင်ဖြစ်သွားရင်းမှ ချောလဲရောထိုင်သဘောနှုတ်ဆက်လိုက်ရလေ၏။

"နှင်းနု ဘာလုပ်နေတာလဲ"

"ဟို ဟိုလေ ဘာမှမလုပ်ပါဘူး ကိုကြီး ရုံးသွားတော့မလို့လား"

နှင်းနု၏ ရှက်ကိုးရှက်ကန်းပြန်ဖြေပုံလေးမှာ ချစ်စဖွယ်ဝင်။

"ရုံးမသွားလို့ ဘယ်သွားရမှာလဲဟဲ့ သိရဲ့သားနဲ့ ဟီဟိ"

မီးလောင်ရာလေပင့်သလို ပြောလိုက်သော မိထိုက် စကားကြောင့် ရှက်ရွံ့နေသည့် နှင်းနုမှာ အလွန်နေရခက်ဟန်ဖြင့် အိမ်ထဲသို့ ဝင်ပြေးသွားသောအခါ သူ့မှာ မချင့်မရဲဖြစ် ကျန်ခဲ့ရသည်။ အစအနောက်သန်လွန်းသော မိထိုက်ဆိုသည့်ကောင်မလေးကိုသာ နားရင်းပိတ်ရိုက်လိုက်ချင်မိတော့၏။

သို့သော နှင်းနုနှင့် ပို၍ ရင်းနှီးစေရန် မိထိုက်မှာ အကူအညီဖြစ်စေနိုင်သောကြောင့် သူ ပြုံးပြနှုတ်ဆက်ခဲ့ရလေသည်။ မိထိုက်မှာလည်း မျက်နှာခပ်ရှူးရှူးကောင်မလေးပင်။ သူ့အား သွက်သွက်လက်လက်ပင် နှုတ်ဆက်ပြီး အဓိပ္ပါယ်ပါပါ ပြုံးကြည့်ကာ နှင်းနုနောက်လိုက်ဝင်သွားတော့သည်။

ထိုအခါမှ သူလည်း ရုံးသို့ လမ်းအတိုင်း လျှောက်လာခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ နှင်းနု၏ ခင်မင်နှစ်လိုဟန်ပြလာသော မျက်လုံးလေးတွေကို ပြန်မြင်ယောင်ရင်း ကြည်နူးပီတိဖြစ်စွာ ပြုံးလိုက်မိလေသည်။

* * *

## အခန်း (၂၁)

ထူးတော့ထူးနေပြီ။ မောင်ချိုတစ်မနက်လုံး သူ့ကိုချည်း လှမ်းကြည့်ကာ ပြုံးပြနေပြီ။ တစ်ခါနှစ်ခါမကတော့။ သူ မောင်ချို့ကို မျက်မှောင်ကုပ်ကြည့်လိုက်သောအခါ မောင်ချို့မျက်နှာက အနည်းငယ် တည်တည်ကြည်ကြည်ဖြစ်သွားသည်။

"မောင်ချို"

"ဗျာ အစ်ကို"

မောင်ချိုက ခိုင်းလို့တော့ အလွန်ဖင်ပေါ့လေသည်။ အသံမဆုံးခင် လူက အရင်ရောက်အောင် ပြေးလာတတ်သူဖြစ်၏။

"မင်းဘယ်လိုဖြစ်နေတာလဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မောင်ချိုက သူ့ကိုယ်သူ ခြေဆုံးခေါင်းဆုံး ငုံ့ကြည့်၏။

“ဘာဖြစ်လို့ ငါ့ကိုခဏ ခဏ ပြုံးပြနေရတာလဲလို့၊ ဘာကို လှျောက်ငုံ့ကြည့်နေတာလဲ”

မောင်ချိုက သူ့မျက်နှာအား အထူးအဆန်းလို ပြူးကြောင်ကြောင်ပြန်ကြည့်ရင်း ခေါင်းကုတ်လေသည်။

“ဘာအူတူတူလုပ်နေတာလဲ ပြောစမ်း ဘာဖြစ်လို့ပြုံးတာလဲ”

နေရင်းထိုင်ရင်း သူပါမအူမလည် ဖြစ်လာရသည်။

“ဟို အစ်ကိုပဲ ကျွန်တော့်ကို ပြုံးပြနေပြီးတော့”

“ဘာ”

သူ့အသံကြောင့် မောင်ချိုမှာ ခါးကိုခပ်ကိုင်းကိုင်းထားရင်း သူ့ရှေ့တွင် ရပ်နေရာမှ မတ်ခနဲရပ်သွားရသည်။ ထို့နောက် အလန့်တကြားပုံစံနှင့် ပြန်ကြည့်ကာ

“ကျွန် ကျွန်တော် အစ်ကို့လှမ်းကြည့်တော့ အစ်ကိုက ပြုံးပြတယ်လေ တစ်ခါနှစ်ခါတောင် မကဘူး ကျွန်တော့်ကို ပြုံးပြနေတာ မဟုတ်ဘူးလား အဲ အဲဒါ”

“တောက် သေစမ်းကွာ”

“ဗျာ”

သူ တောက်ခေါက်ရင်း ညည်းလိုက်သည်ကိုပင် မောင်ချိုက



ဗျာဟု အထိန့်တလန့် ပြန်မေးလေသည်။ အူတာမှ နည်းနည်း အူတာ မဟုတ်သော မောင်ချိုပင် ...

“ဘာမှ မဟုတ်ဘူး သွား သွား ထူမလိုလို့နဲ့ အတော့်ကောင်”

သူ စသလိုနောက်သလို ကြိမ်းလိုက်တော့မှ ပြုံးဖြီးဖြီးမျက်နှာနှင့် မောင်ချိုထွက်သွားလေတော့သည်။ သူတစ်ယောက်တည်း ဘယ်နှယ်ကြိမ် ဘယ်နှစ်ခါ ပြုံးနေမိမှန်းမသိသော အဖြစ်ကို ပြန်တွေးတာ သူ ဟက်ဟက်ပက်ပက် ရယ်လိုက်မိတော့ မောင်ချိုက နေရာမှ သေိမသာလှမ်းကြည့်နေသည်ကို တွေ့လိုက်ရပေမယ့် သူမသိချင်ယောင်ဆောင်နေလိုက်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အစ်ကို အစ်ကို ဟိုမှာ နှင်းနုရောက်နေတယ်"

"ဟင် ဟုတ်လား"

မောင်ချို့စကားကြောင့် သူအံ့သြသလို ပျော်ရွှင်သလိုဖြ သွားပြီး နေရာမှကပျာကယာ ထရပ်လိုက်ပြီးမှ ငိုင်းကြည့်နေကြ သော ရုံးမှ မျက်လုံးတော်တော်များများကြောင့် ကိုယ်ရှိန်သတ်ပြီး ပြန်ထိုင်နေလိုက်ရသည်။

အရေးထဲမှ ကိုဇော်မျိုးက သူ့အားပြုံးပြုံးကြီး လှမ်းကြည့် နေသေးသည်။ ရုံးခန်းထဲသို့ ဝင်လာသော နှင်းနုမှာ ဣန္ဒြေရှိ မျက်လွှာချရင်း သူ့စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာ လေ၏။



"ကိုကြီး ဖိုင်တွေထင်တာပဲ ဟုတ်ရဲ့လား ကြည့်ပါဦး အဲဒါတွေ လာပို့တာ"

ကိုသိန်းတန်မှာ စားပွဲပေါ်တင်လိုက်သော အစိမ်းရောင် ဖိုင်တွဲကို မြင်လိုက်ကတည်းက သူ့ဖိုင်မှန်းသိပြီးသားပင်။ သို့သော် ချက်ချင်းမဖြေဘဲ ဟိုလှန်သည်လှန်လုပ်ကာ, နှင်းနုအား မသိမ သာ ခိုးကြည့်နေမိသည်။

သူ့စိတ်ထဲတွင် နှင်းနုအား သူ့ရှေ့စားပွဲတွင်ထိုင်ကာ စာရင်းလုပ်နေသော စာရေးမလေးတစ်ယောက်ဖြစ်စေချင်လေ သည်။ ဒါမှ တစ်နေကုန် သူမ မျက်နှာအား ထိုင်ကြည့်နေလို့ ရမည်ဖြစ်၏။

"ဟို ဘာများ ပျောက်နေလို့လဲ..ဟင်"

"ဩော် ဘာမှမပျောက်ပါဘူး"

"အဲဒါဆို နှင်းနုပြန်တော့မယ်နော်"

"ဟို ကိုယ်လိုက်ပို့မယ်လေ"

"ရပါတယ် နှင်းနုဘာသာ ပြန်ပါ့မယ်"

နှင်းနုက ဒီလိုကျပြန်တော့ လူကြီးလေးတစ်ယောက်လို တည်တည်ငြိမ်ငြိမ်ပင်။ သူမထွက်သွားသောအခါမှ အပ်ကျသံ မကြားလောက်အောင် တိတ်ဆိတ်နေသော ရုံးခန်းမှာ ကျွတ်ကျွတ်စီ နှင့်အသံပြန်ထွက်လာတော့သည်။

"အစ်ကို တော်တော်အဆင်ပြေနေပြီနော် [illegible]တွေ ဘာတွေ ရုံးထိ လာပို့လို့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



""ဟာကွာ မဟုတ်တာ ဒါက မကောင်းတတ်လို့ လာဖေး တာပဲ""

သူ့စကားကို မောင်ချိုက ကျေနပ်ပုံမရချေ။ မျက်နှာပိုး မသေသော ပုံစံနှင့် လှမ်းကြည့်ကာ သူ့အား စချင်ချင် ဖြစ်နေ သေးသည်။

""စာအုပ်ဖိုင်တွေက ဘယ်လိုကျန်ခဲ့လို့လဲဗျ""

မောင်ချိုကို ခပ်တည်တည်နေလို့ရသော်လည်း ကိုဇော်မျိုး ကိုတော့ သူဘယ်လိုမှ ရှောင်လွှဲဟန့်တားလို့မရနိုင်ပါ ချေ။

""ဟို မနက်က ခဏဝင်ရင်းနဲ့ ကျန်နေခဲ့တာ""

""ဩော် အဲဒီလောက်ထိတောင် ရင်းနှီးနေပြီလား။ ဒါဆို အလားအလာရှိတယ်ပေါ့နော် ကိုသိန်းတန် မဆိုးဘူး ဗျ ကောင်မလေးက ကိုသိန်းတန့်ကို ကြည့်ကြည့်ဖြူဖြူ ပဲ""

ကိုဇော်မျိုး၏ စကားကြောင့် သူရှက်ကိုးရှက်ကန်း ဖြစ်သွား မိသည်။ တစ်ရုံးလုံးမှ လူတွေကလည်း သူ့အား အဓိပ္ပါယ်ပါပါ ဝိုင်းကြည့်နေသြဖြင့် အနေရခက်စွာ ခေါင်းငုံ့ထားလိုက်မိသည်။

""အစ်ကိုတို့နှစ်ယောက်က လိုက်ဖက်ညီတယ်ဗျ ပြီးတော့ နှင်းနုက အစ်ကို့ကို စိတ်ဝင်စားနေပုံပဲ""

""ဟာ အဲဒီလောက်တောင် မဟုတ်သေးပါဘူးကွာ ရိုးရိုး သားသားပါ""

""လုပ်မနေပါနဲ့ဗျာ ဒီလိုပဲ ရိုးရိုးသားသားကစကြတာပဲ



ဟော ကိုဇော်လင်းနဲ့ သူ့မိန်းမဆို ရိုးရိုးနဲ့ညား သွားတာပဲ။ အခုထိ ရိုးရိုးပဲလားမသိဘူးဗျ""

မောင်ချိုစကားအဆုံးတွင် ရုံးမှာ အသက်အကြီးဆုံးဖြစ်ပြီး ရိုးရိုးအေးအေးနေသော ကိုဇော်လင်းပင် ပြုံးစေ့စေ့ဖြစ်သွားကာ မောင်ချိုအား ရှက်ကိုးရှက်ကန်းနှင့် လှမ်းကြိမ်းမောင်းနေတော့၏။

ကိုဇော်မျိုးကလည်း သူ့ကိုကြည့်ကာ တဟားဟားရယ်နေ လေတော့သည်။

""ကိုသိန်းတန်ကြည့်ရတာ ခုမှ ဆယ်လေးငါးခြောက်နှစ် လူပျိုပေါက်လေးကျနေတာပဲ။ ရှက်နေလိုက်တာ မရှက် ပါနဲ့ဗျ၊ ကြိုက်ရင်ကြိုက်တယ်ပေါ့။ ဘယ်သူက ဒဏ် ရိုက်မှာမို့လဲ""

တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော ကိုဇော်လင်း၏ ပြောင်ပြောင်တင်းတင်းစကားကြောင့် အားလုံးဝါးကနဲထရယ် လိုက်ရာ ကိုသိန်းတန်ပါ ရှက်ရှက်နှင့် ရောယောင်ပြီး ရယ်လိုက်မိ တော့၏။

ရင်ထဲတွင် ရှက်သလိုလိုဖြစ်မိသော်လည်း အမှန်တကယ် သူ့ရင်ထဲ အတိုင်းအဆမဲ့ ပျော်ရွှင်ကြည်နူးမိ၏။

""ဒီနေ့တော့ တစ်ယောက်တည်း ပျင်းနေမှာပဲ""

အလုပ်ကိစ္စနှင့် တောသို့ ဆင်းရန်ပြင်ဆင်နေသော မောင်ချိုက သူ့အားလှမ်းပြောလိုက်လေသည်။

""မင်းရော လိုက်သွားမလို့လား""

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ကိုဇော်လင်းကလိုက်ခဲ့ဆိုလို့"

"ကျော်ဆက်ကို ထည့်လိုက်မယ် မင်းနေခဲ့လိုက်"

"ဗျာ ဖြစ်ပါ့မလား"

"ဖြစ်တယ် ငါ ကိုဇော်လင်းကို ပြောလိုက်မယ်။ကျော်ဆက်ကို ခေါ်သွားလို့၊ သွား ကျော်ဆက်ကို သွားပြော"

သူ့စကားအဆုံးမောင်ချိုက ခေါင်းကုတ်ရင်း ရုံးခန်းထဲမှ ထွက်သွားလေတော့သည်။ ခဏကြာသောအခါ ကျော်ဆက် ရောက်လာသည်။

"ဆရာ ကျွန်တော်ကို ခေါ်တယ်ဆို"

"အေး မင်းကို မောင်ချို ဘာမှမပြောဘူးလား"

"မပြောဘူးဆရာ ဆရာက ခေါ်တယ်ပဲပြောတာ"

ရုံးတွင် မောင်ချိုမှလွဲ၍ တခြားဝန်ထမ်းငယ်အားလုံး သူ့ကို ဆရာဟုသာ ခေါ်ကြသည်။ မောင်ချိုကတော့ ညီအစ်ကိုလို ရင်းနှီးသည့် အပြင် အာသွက်လျှာသွက်နှင့် စနောက်နေကျမို့ အစ်ကိုဟုသာ ခေါ်လေ၏။

"ဒီနေ့ ကိုဇော်လင်းနဲ့ အရှည်ကြီးတို့အဖွဲ့ တောသွားမှာ ခဏနေရင် ကားနဲ့ရောက်လာလိမ့်မယ် အဆင်သင့် ဖြစ် ထား"

"ဟုတ်ကဲ့ ဆရာ"

ကျော်ဆက်မှာ သူ့စကားဆုံးသည်နှင့် အခန်းထဲမှကသုတ်ကရက်



ထွက်သွားတော့သည်။ ဘာမှပြောမသွားသော် လည်း အစီအစဉ်မရှိဘဲ ကမန်းကတန်း လူစားထိုးလွှတ်တာကို ရိပ်မိဟန်တူသလို။ အရေး အကြောင်းရှိလျှင် ပြေးဖို့လွှားဖို့ မောင်ချို့ကို အမြဲအဆင်သင့်ထားမှ အဆင်ပြေသည်။

အတော်လေးကြာတော့ လက်ဖက်ရည်ပါဆယ်နှစ်ထုပ် ဆွဲပြီး မောင်ချိုပြန်ရောက်လာသည်။

"ဘယ်သွားနေတာလဲကွာ ကြာလိုက်တာ ငါက တော ကို လိုက်သွားပြီလားလို့"

"ဟာ ဘယ်ကလာ အစ်ကိုကလည်း ကိုဇော်လင်း ကြီးတို့ က သွားပြီဗျ၊ ကျော်ဆက်လည်း ဘုမသိ ဘမသိ ပါသွား တယ် ဟီး ဟီး ကျွန်တော်လက်ဖက် ရည်ဆိုင်မှာ ထိုင်နေ တာတောင် ကွက်ကြည့် ကွက်ကြည့် လုပ်သွားသေးတယ်"

"မင်းကလည်း မင်းပဲ အပြင်ထွက်ချင်ရင်တောင် ခဏ တဖြုတ်နေပါဦးလား။ တောမလိုက်ရဘူးဆိုတာနဲ့ ထွက်သွား လိုက်တာ ရှူး့လိပ်ရေထဲလွှတ်လိုက်တဲ့ အတိုင်း"

"ကိုကြီး အဟင့် ဟင့်"

ငိုသံကြောင့် ကိုသိန်းတန်ရော မောင်ချိုပါ ရုံးခန်းဝသို့ လှည့်ကြည့်လိုက်ကြသည်။ ကလေးတစ်ယောက်လို ငိုရှိုက်ရင်း ပြေးဝင်လာသော နှင်းနုကြောင် သူ အံ့သြစွာ မောင်ချိုကိုပါ လှမ်း ကြည့်လိုက်မိသည်။ မောင်ချိုလည်း အထိတ်တလန့်လှည့် အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်မှာ ချိတ်ထားတဲ့ လက်ဖက်ရည်အပူထုတ်ကို လက်နဲ့ သွားတိုက်မိရင်း

"ဟဲ့ ရှူးလိပ်၊ အဲလေ နှင်း ... နှင်းနု ဘာဖြစ်လာတာတုံး ဟ"

ဟု ကယောင်ကတမ်း လွှတ်ခနဲ မေးလိုက်တော့သည်။

"ကိုကြီး ဟို ကိုကြီး ပန်းပင်လေးသေသွားပြီ အဟင့်ဟင့်"

"ဟယ် ဘာပန်းသေသွားလို့လဲ"

မောင်ချိုမှာ အထိတ်တလန့်ထမေးလိုက်ရာ သူပင် မျက်နှာပျက်သွားရလေတော့သည်။

"ဟာ ဒီကောင်တော့၊ နှင်းနု ညီမလေးရဲ့ ဟို သစ်ခွပင်ကလေး သေသွားတာလား"

နှင်းနုက တသိမ့်သိမ့်ရှိုက်ရင်းခေါင်းညိတ်ပြလေသည်။ ထိုအခါမှ မောင်ချိုက သဘောပေါက်သွားသည့်ဟန်ဖြင့်

"ဪ ကျွန်တော်သွားပို့ပေးတဲ့ ပန်းပင်လေးထင်တယ် နမြောစရာနော်"

ဟု အရိပ်အကဲ မသိစွာ ဝင်ပြောပြန်၏။ သူ မောင်ချိုအား မျက်မှောင်ကျုံ့ပြီး အမိပ္ပါယ်ပါပါကြည့်လိုက်ရာ မောင်ချိုမှာ ဤနေရာတွင် ကြာကြာဆင်ထိုင်လျှင် စကားအများတွေပါတော့မည်ကို ရိပ်မိသည့်အလား သုတ်ခနဲထကာ အနောက်ခန်းထဲသို့ ဝင်သွားလေတော့



"ခေါင်းရင်းအုန်းပင်မှာ ကပ်ထားတာ မနေ့က သွားကြည့်သေးတယ် အကောင်းကြီး ဒီမနက်လည်းကျနေရာ နှမ်းခြောက်နေတာ မီးပူလောင်ထားတဲ့အတိုင်းပဲ အရွက်ကလေးတွေ အများကြီးထွက်နေပြီဟာ နမြောလိုက်တာ"

"ကဲပါ ကိုကြီး လိုက်ကြည့်မယ်နော် လာ သွားရအောင်"

သူ့စကားအဆုံး နှင်းနုက ထိုင်ခုံမှ ဖြည်းညင်းစွာ ထရပ်သည်။

"ဪ ခဏလေးနော်"

နှင်းနုအား ရုံးခန်းဝတွင် ခဏထားခဲ့ကာ အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။ မောင်ချိုအား တစ်ခုခုမှာပြီး ပြန်ထွက်လာသော သူ့အား နှင်းနုသည် တရှိုက်ရှိုက်ငိုလျက်ပင် စောင့်နေလေသည်။ တော်သေး၏။ သည်နေ့ ရုံးမှာ လူရှင်းပေလို့ နို့မဟုတ်ရင် သူ့အား ကြနောက်ကြဦးမည်။ သူ့ကို စတာအကြောင်းမဟုတ်။ နှင်းနု စိတ်မကောင်းဖြစ်ပြီး သူ့ကို အခေါ်အပြောပျက်သွားမှာကိုလည်း အလွန်စိုးရိမ်နေမိသည်။

နှင်းနုကို သူပေးခဲ့သော ခုနစ်ဆစ်သစ်ခွပန်းပင်လေးမှာ အမှန်တကယ်ပင် တွန့်လိမ်ရှုံ့တွကာ နှမ်းခြောက်နေသည်ကို တွေ့လိုက်ရတော့၏။ အဖူးလေးတွေထွက်ခါမှ မီးသင့်ခံလိုက်ရသလို နှမ်းခြောက်သွားသော ပန်းပင်လေးကိုကြည့်ကာ သူစိတ်မ ကောင်းဖြစ်သွားမိသည်။

နှင်းနုပင် မဆိုထားနှင့်။ သူပင် နမြောတသနေရသည်။

www.burmeseclassic.com



"နှင်းနု စိတ်မကောင်းလိုက်တာ ပြီးတော့ ပန်းပင် လေးကို သနားလိုက်တာ ကိုကြီးရယ် သူ့ခမျာ ပွင့်ခါ နီးမှ"

နှင်းနုစကားကြောင့် သူရင်ထဲနင့်သွားရသည်။ ကလေးတစ်ယောက်လို ပန်းခြောက်ပင်အုံလေးကို တယုတယကိုင်တွယ်ပွတ်သပ်ရင်း တီတီတာတာလေးပြောနေသော သူမပုံသဏ္ဍာန်လေးကို ကြည့်ရင်း ဂရုဏာသက်နေမိ၏။

"ပန်းပင်ပဲ ညီမလေးရယ် သက်ရှိသတ္တဝါသေသွားတာမှ မဟုတ်တာ။ အဲဒီလောက် စိတ်မကောင်း မဖြစ်ပါနဲ့ကွာ"

"ပန်းပင်က အသက်မရှိပဲနေပါ့မလား ကိုကြီးရဲ့ အသက်ရှိလို့ ရှင်တယ် သေတယ်ဆိုတာ ဖြစ်လာတာ ပေါ့ ခုပဲကြည့် သူသေသွားပြီ မပွင့်နိုင်တော့ဘူး"

"ကဲပါဗျာ ဟုတ်ပါပြီ အသက်ရှိတဲ့ အပင်ကလေး သေသွားတာ ကျွန်တော် ယုံကြည်လက်ခံပါပြီ ဟုတ်ပြီလား နေပါဦး ပန်းပဲ ဒီတစ်ပင်သေရင် နောက်တစ်ပင်ထပ်စိုက်လို့ ရတာ ဘာလို့ စိတ်မကောင်း ဖြစ်နေရတာလဲ"

"နုပြောတာပေါ့ နှင်းနုက သူ့ကို တယုတယစိုက်ထားရတာ"

"ဘာလို့ တယုတယစိုက်ထားရတာလဲဟင် ဘာကြောင့် ဒီပန်းလေးကို တန်ဖိုးထားရတာလဲ"



သူ့စကားကြောင့် နှင်းနုပါးပြင်လေးနှစ်ဖက်မှာ သိသိသာသာ ပင် နီရဲသွားလေတော့သည်။ နှင်းနုရှက်ရွံ့သွားပုံမှာ သိသာလှသည်။ ပါးပြင်ဝင်းဝင်းလေးနှစ်ဖက်စလုံး နှင်းဆီပွင့်ဖတ်တွေလို ရဲစိုသွားလေတော့၏။

"ကိုယ်ပေးထားတဲ့အပင်လေးမို့ နှင်းနု စိတ်မကောင်း ဖြစ်နေတာလားဟင်"

"အစ်ကို ဒီမှာကြည့်ပါဦးဗျ အစ်ကိုလိုချင်တဲ့ အပင်"

အရေးကောင်းဒိန်းဒေါင်းဖျက်ဆိုသလို ခြံဝတွင် ဘွားခနဲ ပေါ်လာသော မောင်ချို့အသံကြောင့် သူရော နှင်းနုပါ အထိတ်တလန့် လှည့်ကြည့်လိုက်မိကြလေသည်။

ထိုအခါ မောင်ချိုနှင့် လူငယ်သုံးယောက်သည် လုံးပတ်ထွာဆိုင်ခန့်ရှိသော သရက်ပင်တစ်ပင်ကို ထမ်း၍ဝင်လာကြသည်ကို တွေ့လိုက်ရ၏။

"အေး အေး ဒီနားမှာဘဲ စိုက်ပေး"

နှင်းနုမှာ မောင်ချိုတို့အုပ်စု သရက်ပင်ကြီးအား ကျင်းနက်နက်တူး၍ ခက်ရခက်ဆစ် စိုက်နေကြသည်ကို နားမလည်သလို ငေးစိုက်ကြည့်နေလေသည်။

"ရပြီ အစ်ကို ကျွန်တော်တို့သွားမယ်နော်"

"အေး သေချာစိုက်ရဲ့လား တော်ကြာလဲသွားဦးမယ်"

"ဘယ်လိုမှမလဲနိုင်ဘူး အစ်ကို စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ချိုက ပြောပြီးသည်နှင့် ခြံထဲမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

"ကိုကြီး ဒီသရက်ပင်ကြီးက ဘာလုပ်တာလဲဟင်"

"သရက်ပင်ကြီးကို သေသေချာချာကြည့်ပါဦး နှင်းနုရဲ့ ဒီမှာ ဘာတွေလဲလို့"

နှင်းနုသည် သူညွှန်ပြရာ သရက်ပင်၏ အထက်နား ကျကျ ပင်စည်သို့ ကြည့်လိုက်ပြီးသောအခါ အံ့ဩဝမ်းသာဟန်နှင့် သူ့မျက်နှာကို မော့ကြည့်ပြီး ကလေးငယ်လို လက်ခုပ်လက်ဝါး တီးကာ

"ဟယ် ပျော်လိုက်တာ ပန်းတွေ အများကြီးပဲ၊ ကိုကြီး ဒါ ဘယ်က ယူထားတာလဲဟင်"

"နှင်းနုအတွက် ကိုယ်ပျိုးထားတာ၊ သစ်ပင်ကနေ ခွာယူရင် အမြစ်တွေပြတ်ပြီး ဟိုအပင်လို သေသွားမှာစိုးလို့ သရက်ပင်ပါ နုတ်ခိုင်းလိုက်တာ ဘယ်လိုလဲ နှင်းနု သဘောကျရဲ့လား"

နှင်းနုသည် ရက်ပြုံးလဲ့လဲ့နှင့်ပင် သူ့အား ခေါင်းညိတ်ပြလေသည်။

"နှင်းနုက ဟိုပန်းကို သစ်ပင်မှာ ကပ်ပြီး ကြိုးနဲ့ချည်ထားတယ် ပြီးတော့ ရေလောင်းပေးတယ်မဟုတ် လား အဲဒီ အပင်မျိုးက ရေကြိုက်ပေမယ့် အမြစ်ထဲ ရေစိမ့်ရင် မခံဘူး ပုတ်ကုန်ရောအခု နှင်းနုက အမြစ်သေးမှာ အုန်းခွံနဲ့



မပတ်တော့ အမြစ်တွေ အပုလောင်သွားတာပေါ့ သစ်ခွလို ပန်းမျိုးက အုန်းခွံနဲ့မှ အမြစ်ကပ်တာ"

နှင်းနုသည် သူ့စကားအား မျက်တော်မခတ်ဘဲ သေချာ စူးစိုက်နားထောင်နေလေသည်။ ပြီးမှ

"ကိုကြီးက နှင်းနုထင်ထားတာထက် ပိုတော်တယ်နော်။ ပန်းအကြောင်း၊ သစ်ပင်တွေအကြောင်းလည်း နားလည် တယ်"

ဟု ကလေးလေးကို ပြောပြန်သည်။

"ပြီးတော့ နှင်းနုထင်ထားတာထက် ပိုပြီးချစ်တတ်တယ်၊ အဲဒါရော သိလား"

သူ့နှုတ်မှ ထိုသို့ လွှတ်ခနဲပြောလိုက်သောအခါ နှင်းနုမှာ ရှက်ရွံ့တုန်လှုပ်စွာ ခေါင်းငုံ့သွားလေတော့သည်။ သူ နှင်းနုပုခုံး လေးနှစ်ဖက်ကို ခပ်ဖွဖွလေးဖိဆုပ်ရင်း

"ချစ်တယ် နှင်းနုရယ် သိပ်ချစ်တာပဲ"

ဟု တိုးတိုးကလေးပြောနေမိ၏။ နှင်းနုသည် ရှန်းလည်း မရှန်း ဘာမပြန်မဖြေဘဲ တုံဏှိဘာဝေလုပ်နေလေသည်။

"ကိုယ့်ကို ချစ်တယ်မို့လားဟင် ပြန်ဖြေပါဦး"

"နှင်းနု စဉ်းစားဦးမယ်"

နှင်းနု၏ အမူပိုသော စကားလေးမှာ ရိုးစင်းသော်လည်း ရင်ခုန်ဖွယ်ကောင်းလှသည်။ သူဘာမှထပ်မဆိုမိ။ သူချစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက အလိုလိုသိနှင့်ပြီးမို့ သူမပုခုံးလေးကို အသာအယာပင် ဖြေလျှော့ပေးလိုက်တော့၏။

ထိုနေ့မနက်က ဒေါ်နုရွှေသူ့ထံသို့ ရောက်မလာခဲ့ချေ။ ဟင်းချိုင့်ကို မောင်ချိုနှင့် ပို့ခိုင်းလိုက်လေ၏။

"ဒေါ်နုရွှေကြီးက သွားစရာကိစ္စရှိလို့တဲ့ ဟင်းချိုင့် ကျွန်တော်နဲ့ပေးလိုက်တယ် အစ်ကို"

"အေး အေး ထားခဲ့"

"ဒါနဲ့ အစ်ကိုက ရေတောင်ချိုးပြီးနေပြီနော် ရုံးသွားတော့မလို့လား"

"ဒီနေ့ရုံးပိတ်တယ်လေကွာ ဘယ်ရုံးသွားရဦးမှာလဲ"

"ဪ ဟုတ်သားပဲ ဒါဆို အစ်ကိုက ဘယ်သွားမလို့လဲ"

"မင်းကလည်း တော်တော်စပ်စုတဲ့ကောင် ငါ့ဘာ သာ ဘယ်သွားသွားပေါ့"

"ဟဲ့ ဟဲ့ မပြောလည်းနေပါ ကျွန်တော် သိပါတယ်ဗျ"

မောင်ချို့စကားကို သူတမင်မကြားချင်ယောင်ဆောင် နေလိုက်သည်။ မောင်ချိုက စ'စရာ နောက်စရာရှိလျှင် လူရှေ့ သူရှေ့ ရှောင်တတ်သူမျိုးမဟုတ်၊ အရောမဝင်ဘဲ ခပ်တည်တည် နေပေးမှ တန်ကာကျ၏။

သူ စကားပြန်မပြောဘဲ စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး



ဖတ်နေသည်ကို မြင်သောအခါ မောင်ချိုမှာ အလိုက်တသိပင် ပြန်သွားတော့သည်။

ထိုအခါကျမှပင် သူသက်ပြင်းတစ်ချက်ချရင်း စာအုပ်ကို သိမ်းကာ အိမ်မှ ထွက်လာခဲ့တော့သည်။

သူလာခဲ့သည်မှာ နှင်းနုထံသို့ပင်ဖြစ်သည်။ နှင်းနုတို့ အိမ်ရှေ့ ရောက်သောအခါ သူမနှင့် စကားပြောနေသည့် ဒေါ်နုရွှေကြီးကို တွေ့လိုက်ရာ ကိုသိန်းတန်မှာ ရှေ့ပဲဆက်လျှောက်ရမလို နောက်ပဲ ပြန်လှည့်ရမလိုဖြစ်သွားလေတော့၏။

"ဟော ပြောရင်းဆိုရင်း"

ဒေါ်နုရွှေကြီးသည် သူ့ကို မြင်သွားသောအခါ ပြုံးစေ့စေ့ ဖြစ်သွားပြီး နှင်းနုအား မျက်စပစ်ပြလေသည်။ နှင်းနုသည် ဒေါ်နုရွှေ၏ စကားတစ်ပိုင်းတစ်စကြောင့် ရှက်ရွံ့သွားကာ ခေါင်းငုံ့နေလေသည်။

"ဪ ဆရာပါလား အလည်လာတာနဲ့တူတယ် အဒေါ်လည်း ရောက်နေတာကြာပြီ ပြန်ဦးမှပဲ"

ဟုဆိုကာ နေရာမှ ထရပ်လိုက်ရာ နှင်းနုက

"အဒေါ်ကြီးကလည်း ချက်ချင်းပဲ"

ဟု ခပ်တိုးတိုးဝင်ပြောလိုက်လေ၏။

သို့သော် ဒေါ်နုရွှေမှာ ပြုံးစေ့စေ့နှင့် သူ့ကို အဓိပ္ပါယ် ပါပါ ကြည့်ကာ ထွက်သွားလေတော့သည်။

"ဘယ်လိုလဲ ဧည့်သည့်လာတာတောင် ထိုင်ခိုင်းတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းတန့်စကားကြောင့် နှင်းနုမှာ ရှက်ပြုံးပြုံးရင်း

"နှင်းနု ထိုင်မခိုင်းဘဲ နှင်ထုတ်ရင်လည်း အတင်းဝင်ထိုင်မှာဘဲ မဟုတ်ဘူးလား"

ဟု ပြန်ပြောလေသည်။ ကိုသိန်းတန်မှာ သူမစကားကို သဘောကျစွာ ရယ်မောလိုက်ပြီး သူမနံဘေးခုံတန်းလျားတွင် နီးနီးကပ်ကပ်ဝင်ထိုင်လိုက်လေသည်။ နှင်းနုသည် ကိုယ်ကို ကျုံ့၍ တစ်ဖက်သို့ တိုးထိုင်လိုက်သည်တွင် သူက နှင်းနုလက်ကို ဖျတ်ခနဲဆွဲယူထားလိုက်၏။

"ဘာလုပ်တာလဲ လွှတ်ပါ သူများတွေမြင်ကုန်မှ ဖြင့်"

"ဘယ်သူမှမမြင်ပါဘူး ဒီအိမ်တစ်အိမ်လုံးမှာ နှင်းနု နဲ့ ကိုယ် နှစ်ယောက်တည်း နှင်းနုအဖေနဲ့ အမေက မနက်အစောကြီးကတည်းက ဈေးထဲက ဆိုင်ကို သွားပြီဆိုတာ သိပြီးသား"

"အိုး မြင်မြင်၊ မမြင်မြင် နှင်းနုနဲ့ ကိုကြီးက ဘာမှ မဟုတ်တာ"

"ဘာမှမဟုတ်လို့ပေါ့ ဟုတ်ရင် ခင်ဗျားလေးကို ဒီအတိုင်း ထား မလား"

ဟု ကြိမ်းသလို မောင်းသလို စ,လိုက်သည့်အခါ နှင်းနု၏ မျက်စောင်းလှဲ့ ဒွဲကလေးမှာ သူ့ရင်ထဲသို့ လှုပ်ခတ်စွာ ဝင်ရောက်လာလေတော့သည်။



"ကြောက်စရာပဲ"

"သရဲနဲ့တူလို့လား"

သည်တစ်ကြိမ်တွင် နှင်းနု၏ မျက်လုံးများသည် စောစောကနှင့်မတူဘဲ ရီဝေမှိုင်းပြသွားသည်ကို တွေ့လိုက်ရ၏။ ထိုစကားတစ်ခွန်းကို သူမ ဤမျှအထိ ကြောက်ရွံ့တုန်လှုပ်သွားမည်ဟု သူ မထင်မိခဲ့ချေ။ သို့သော် နှင်းနုသည် ရုတ်ချည်းတိတ်ဆိတ် ငြိမ်သက်သွားသည်အထိ ကြောက်ရွံ့နေလေတော့သည်။ သူမ၏ စိုးရိမ်ကြောက်ရွံ့မှုတို့ တစတစ ပျံ့နှံ့များပြားမလာခင် အချိန်မီ တားဆီးနိုင်ရန် အားပေးနှစ်သိမ့်သော စကားတစ်ခွန်းကို အလျှင်အမြန်ရှာဖွေရဦးမည်။

"နှင်းနု ကျောင်းဆက်တက်တယ်မဟုတ်လား ဘယ်နှစ် ရောက်ပြီလဲ"

"ဒုတိယနှစ်ဖြေထားတယ်"

"စာပေးစာယူလား"

သူမက ခေါင်းကို လေးပင်စွာ ညိတ်ပြလေသည်။

"အသက် ဘယ်လောက်ရှိပြီလဲ"

သူ့စကားအဆုံးတွင် နှင်းနုက သူ့ဘက်သို့ မသိမသာ လှည့်၏။ ပြီးမှ

"ဆယ့်ကိုးနှစ်ပြည့်ပြီ"

ဟု တိုးတိတ်ပြန်ဖြေလေသည်။

"ကိုယ့်ထက် အများကြီး ငယ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နှုတ်ခမ်းလေးက တဖြည်းဖြည်းရှေ့သို့ ယွန်းစုကာ ပြုံးယောင်သမ်းလာလေတော့၏။

''ဘယ်လောက်ငယ်လို့လဲ''

''ငါးနှစ်''

''အဲဒါများ အများကြီးငယ်တယ်တဲ့.. နှင်းနုစိတ်ထဲ အသက်သုံးဆယ်ကျော် လေးဆယ်လောက်ရှိပြီလားလို့''

နှင်းနုစကားကြောင့် သူရယ်မိပြန်သည်။

''ကိုယ့်ပုံစံက အဲဒီလောက်ရင့်နေလို့လား''

နှင်းနုက သူ့စကားအဆုံး ဖျတ်ခနဲ လှည့်ကြည့်ပြီး သူ၏ မျက်လုံးများအား စိုက်ငေးကြည့်နေလေသည်။ ယောကျ်ားလေးများ ထဲတွင် ပိုပြီးအသားအရေနူးညံ့ဖြူစင်သည်ဟု ထင်ရသော သူသည် နှင်းနုနှင့် ယှဉ်လိုက်သောအခါ ဘာမှမဟုတ်တော့သလို ပင်။

ဖြူသွယ်ရှည်လျားသော သူ၏လက်ချောင်းများသည် နီမြန်းသော လက်သည်းများနှင့် အလွန်ကြည့်ကောင်းသည်။ သို့သော် လက်ဆစ်မပေါ်ဘဲ ဖောင်းအိနေသော နှင်းနု၏လက်များ နှင့်နှိုင်းစာလျှင် ပိုပြီးယောကျ်ားဆန်ကာ ရင့်သွားသယောင်ထင်ရသည်။ သူ့မျက်ခုံး မျက်လုံးများမှာ စူးရှတောက်ပသော်လည်း အိနွဲ့ရှိသည်။ နှုတ်ခမ်း နှစ်လွှာက အနည်းငယ်ထူသော်လည်း ပိပိရိရိနှင့် သေသပ်လှပ၏။ သူသည်ချောသည်ဆိုသည့်စကားလောက်နှင့် ပြီးပြည့်စုံခြင်းမရှိသော ခန့်ညားတည်ကြည်သော ရုပ်သွင်ရှိသည်။



သူ့အပြုံးများသည် ကြင်နာတတ်သူတစ်ယောက်ဖြစ်ပြီး သူစကားပြောဆိုဟန်အမူအရာတို့မှာလည်း လေးစားမြတ်နိုးဖွယ် ကောင်းလေသည်။

စကားပြောလျှင် နှင်းနုအား မျက်နှာတစ်ခုတည်းသာ တရှိုက် မက်မက်ကြည့်၍ ပြောတတ်၏။

''ကြည့်လှချည်လားနှင်းနုရဲ့ ကိုယ့်မျက်နှာကို ကြည့်ပြီး ဗေဒင်ဟောမလို့တော့ မဟုတ်ပါဘူးနော်''

သူ့စကားကြောင့် နှင်းနု ရှက်သွားမိသည်။

နှင်းနုမို့ ရှက်ပြီး ပြုံးလိုက်လျှင် ဘယ်သူနှင့်မျှမတူ အလွန် လှလေသည်။ သူမအပြုံးသည် သူ့နှလုံးသားကို အတော်လေးခုန် လှုပ်စေခဲ့သည်။

''ကိုကြီးက ခင်ဖို့ကောင်းတယ်''

''ဟုတ်လား ခင်ရဲ့ပဲလား''

သူမသည် အသည်းယားဖွယ် မျက်စောင်းအတုနှင့် ရှက်ရွံ့စွာ သူ့ကို ရှယ်တတ်သေးသည်။

''ဒါနဲ့ အဒေါ်ကြီးနဲ့ ဘာတွေပြောနေတာလဲ ကိုယ်ဝင်လာ တော့ အဒေါ်ကြီးက ဟော ပြောရင်းဆိုရင်းလို့ပြော လိုက်တယ်။ အဲဒါ ကိုယ့်အကြောင်းကို ပြောရင်းရောက်လာလို့ တအံ့တဩ ရေရွတ်လိုက်တာမဟုတ်လား''

ဟု မေးလိုက်ရာ နှင်းနုမှာ ဘာမှပြန်မပြောသေးဘဲ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းသားနှင့် သူ့ကို ငေးနေတော့၏။ အတန်ကြာမှ ခစ်ခနဲရယ်ကာ

"ကိုကြီးက လည်သားပဲနော် ဟုတ်တယ် ကိုကြီး အကြောင်း

အဒေါ်ကြီးကို ပြောပြနေတာ"

သူမစကားကြောင့် ကိုသိန်းတန်မှာ မျက်ခုံးတစ်ချက် ပင့်ရင်း

"ဟုတ်လား အဒေါ်ကြီးက ဘာပြောလဲ"

ဟု လွှတ်ခနဲ မေးလိုက်ရာ

"အင်း သင့်တော်တယ်တဲ့ အဲလေ ဘာ ဘာမှ မပြောဘူး"

"ဟား ဟား ကောင်မလေးတစ်ယောက် မညာတတ်ဘဲ

ညာနေပြီဟေ့ ဘာတဲ့ ဘာကို သင့်တော်တာလဲ"

သူ့စကားကြောင့် နှင်းနုမှာ ရှက်ပြီး သူ့အား လက်သီး

ဆုပ်လေးနှင့် ဖွဖွလေးထုလိုက်၏။ ဒါကို သူကလည်း အလွတ်

မပေးပါချေ။ သူမ၏ လက်ကလေးကို ပိုင်ပိုင်နိုင်နိုင် ဆွဲယူပြီး

"ကဲ ဖြေစမ်း ကိုယ့်ကိုချစ်တယ် မဟုတ်လား"

ဟု မေးလိုက်ရာ နှင်းနုမှာ သူ့ရင်ခွင်တွင်းတွင် မျက်နှာ

လေးကွယ်လိုက်ရင်း ခေါင်းညိတ်ပြလိုက်လေတော့သည်။

* * *

## အခန်း (၂၃)

"ဟေ့ကောင် သိန်းတန်"

"ဟာ သန့်ဇင်ဦး မင်း ဘယ်လိုက ဘယ်လို မျက်စိလည်

လာတာလဲ"

ကိုသိန်းတန့်စကားကြောင့် သန့်ဇင်ဦးမှာ သဘောကျစွာ

တဟားဟားအော်ရယ်ရင်း

"မျက်စိလည်လာတာ ငါတစ်ယောက်တည်းမဟုတ်ဘူး

ဟိုမှာ ကားပေါ်ကဆင်းလာတဲ့ လူတွေကိုလည်း ကြည့်

လိုက်ဦး"

ဟု ဆိုလိုက်ရာ ကိုသိန်းတန်မှာ အိမ်ရှေ့တွင် ရပ်ထားသော

ကားအဖြူလေးထဲမှ ဆင်းလာကြသူများကို လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာကြသူများမှာ ကျော်စိုးလှိုင်နှ
ဝေနွယ်ဝင်းတို့ပင်ဖြစ်၏။ သန့်ဇင်ဦးနှင့် မကြာခင်ကမှ လက်ထ
ထားသော အိအိမိုးလည်း ပါလာလေသည်။ ကျော်စိုးလှိုင်န
ဝေနွယ်ဝင်းမှာ သူဒီမြို့သို့ တာဝန်နှင့် ပြောင်းမလာခင်ကမှ လက်ထ
ခဲ့သော စုံတွဲဖြစ်၏။ အားလုံး ရေဆင်းတက္ကသိုလ်တုန်းက တစ်ဖွဲ့သ
သူငယ်ချင်းများပင်။

"မင်းတို့က ဘာအကြံနဲ့လဲကွ အတွဲတွေကိုယ်စီနဲ့ ငါ့
အကြောင်းမကြား ဘာမကြားရောက်လာ တော့"

"ဟဲ ဟဲ ငါ့သူငယ်ချင်းလူပျိုကြီး မစွံသေးဘူး ကြား
သနားပြီးရောက်လာတာ ငါတို့ကို အားကျပြီး ချက်ချ
မိန်းမရသွားအောင် ဟား ဟား ဟား"

"ဘယ်လိုဖြစ်နေတာလဲ မျက်နှာပိုးကိုမသေဘူး"

ဝေနွယ်ဝင်းက အနီးကပ်၍ မိုက်ခေါက်ကို ဆွဲလိမ်လို
သောအခါ ကျော်စိုးလှိုင်မှာ မျက်နှာကို ရှုံ့မဲ့ရင်း

"အား၊ ဝေ ကလည်း ဒီကောင် အားကျအောင် ယု
ယယလေး ကြင်နာပြစမ်းပါ ဘယ့်နှယ့် လူရှေ့ရောက
နှိပ်စက်နေရတာတုံး"

ဟု ပြောလိုက်ရာ အားလုံး ဝါးခနဲရယ်လိုက်မိကြတော့ သည
"ကဲ ကဲ ငါအားကျအောင် ရန်ဖြစ်ပြဖို့ မကြီးနဲ့ဦး အ
ပေါ်လည်း ရောက်အောင်တက်ကြဦး"

အားလုံးမှာ ကျောင်းမှာကတည်းက ပြောမနာဆိုမနာ
ငယ်ချင်းများမို့ နှစ်ခါမခေါ်လိုက်ရ။ အိမ်ပေါ်သို့ အထုတ်အပိုး
ယ်စီဆွဲရင်း ဆူညံစွာ အော်ဟစ်တတ်လာကြတော့သည်။ တစ်
ာက်မှ အားနာတတ်သူမပါ။ သန့်ဇင်ဦး မိန်းမ အိအိမိုး တစ်
ာက်သာ မေဂျာမတူသောကြောင့် သိန်းတန်နှင့် သိပ်မရင်းနှီးခြင်း
လေသည်။

"ငါတို့က မင်းကို သနားနေတာကွ နယ်မြို့ဆိုတော့ နေရ
ထိုင်ရစားရသောက်ရတာ ကသီမှာဘဲဆိုပြီး ဒါကြောင့်
သင့်တာတော်တာရှိရင် နေရာချပေးမလို့ ရောက်လာတာ"
သန့်ဇင်ဦးက အတည်ပေါက်ကြီးနှင့် နောက်လိုက်သော်
ည်း သူ့အကြောင်းတွေများ တစ်စွန်းတစ်စကြားသွားပြီလားဆိုပြီး
န်သလိုဖြစ်သွားရတော့သည်။

"စားရသောက်ရတာ သိပ်မဆိုးလှပါဘူး ဟင်းချက် ပေးတဲ့
အဒေါ်ကြီးတစ်ယောက်ရှိတယ်။ နေရတာတော့ မင်းတို့
အမြင်ဘဲ"

"တစ်ယောက်တည်းဆိုတာ သေချာလား"
အိမ်ထဲသို့ ဝေ့ဝဲကြည့်ရင်းပြောလိုက်သော ကျော်စိုးလှိုင်
ားကြောင့် သူပြုံးလိုက်မိသည်။

"လိုက်ရှာမနေနဲ့ဟေ့ကောင် [illegible]
မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ငါက အဖော်လေးဘာလေးခိုင်းရ အောင် ခေါ်ထားတဲ့ လူများရှိနေသလားလို့ကြည့်တာပါ။ ဖိုးဇင် ဒီကောင် မရိုးတော့ဘူးကွ မလုံမလဲ အတင်းဘူးကွယ် ငြင်းနေတော့တာပဲ"

"တော် တော် ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ စားဖို့ သောက်ဖို့တွေ စီစဉ်ရဦးမယ်။ မင်းတို့ချည်းပဲဆို လေထိုင် စားနေလို့ရတယ်။ ဟိုမှာ ဝေနွယ်တို့ မအိတို့အတွက် တစ်ခုခု စီစဉ်ရမယ်"

"ဟုတ်ကဲ့ပါ ကျေးဇူးရှင်ရယ် အိမ်ရှင်ဆိုပြီး လေသံကို တင်းနေတာပဲ"

သန့်ဇင်ဦးစကားကြောင့် သူ ဟက်ဟက်ပက်ကက်ရယ် ရင်း အိမ်ခန်းထဲသို့ ဝင်ခဲ့၏။

"သိန်းတန် ဟင်းကောင်းကောင်းချက်နော်"

"ဘယ်တုန်းကတည်းက ငတ်လာကြတာလဲ ငါတောင် သူများချက်တာစားရတာကွ"

"အလကား သိန်းတန် သူတို့လျှောက်နောက်နေတာ ဘာမှ မချက်နဲ့ ဝေတို့ ဟင်းတွေ ချက်လာတယ်။"

"ဟာ ဝေနွယ်ကလည်း ဘာလို့ ချက်လာတာလဲ ကိုယ် သူငယ်ချင်းဆီလာလည်တဲ့ဟာကို"

"အံမယ် သူကများ နင့်မှာ သားနဲ့မယားနဲ့ဆိုရင်တော့ ဘယ်ချက်လာပါ့မလဲ သိန်းတန့်ရယ် အခု တစ်ယောက် တည်း သူများချက်ကျွေးတာစားနေရတာကို ငါတို့ကကပ်စား ရမှာလား ကြည့်လည်း လုပ်ပါဦး"

ဝေနွယ်ဝင်းက ကျောင်းတုန်းကအတိုင်း သူ့ကို နင်တစ် လုံးငါတစ်လုံးနှင့် မဲ့ကာရွဲ့ကာ ပြောလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ရောက်လာမှတော့ မရှိရှိတာနဲ့ ညှိခံ ရမှာပေါ့"

"မကြာပါဘူးကွာ နှစ်ညအိပ်ပဲ။ မနက်ဖန် တောင်ပေါ် ဘုရားလေးသွားဖူးပြီး ပြန်ကြမှာ"

"ဟာ မြန်လှချည်လား၊ ရောက်လာမှ အေးအေး ဆေးဆေးပေါ့"

"အေးဆေးလို့မရဘူးကွ၊ မင်းလည်းရုံးတစ်ဖက်နဲ့ ငါတို့ လည်း အလုပ်တွေပစ်ထားခဲ့ရတာ"

"ဒါဆို မင်းတို့က ဘုရားဖူးသက်သက်ပေါ့"

"အပြီး အမှန်အတိုင်းပြောရရင် မင်းကို သတိရလို့ ဘုရားက ဒီမြို့နားဆိုတော့ ကြုံတုန်းဖူးမှာ မင်းဆီလာချင် လို့ ယောက္ခမကြီးကို ဘုရားဖူးလို့ အကြောင်းပြခဲ့ရတာ"

သန့်ဇင်ဦးစကားအဆုံးတွင် အိအိမိုးကပြုံးရင်း မျက်စောင်း ထိုးကြည့်လိုက်၏။ သူတို့အုပ်စုစကားကောင်းနေစဉ် အိမ်ရှေ့မှ ခေါ်သံလိုလိုကြားလိုက်ရသောကြောင့် စိုးစိုးဇက်ဇက်နှင့် လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



လှသော သန့်ဇင်ဦးက အိမ်ရှေ့ပြတင်းပေါက်မှ လှမ်းချောင်း ကြည့်သည်။

"ကောင်မလေးတစ်ယောက်ကွ သိန်းတန် မင်းဆီလာ တာ ထင်တယ်"

ဟု လေသံ ခပ်တိုးတိုးနှင့် ပြောလိုက်သောကြောင့် သူထိုင်ရာမှ ထကာ တံခါးသွားဖွင့်ပေးလိုက်၏။

"ဟာ နှင်းနုပါလား"

"ဟုတ်တယ် ကိုကြီးအတွက် ဟင်းလာပို့တာ"

"လာ အထဲဝင်ဦးလေ"

နှင်းနုက လက်ထဲက ချိုင့်ကို ကမ်းပေးရင်း ခေါင်းခါပြသည်။

"လာပါ ကိုယ့်သူငယ်ချင်းတွေရောက်နေလို့ မိတ်ဆက်ပေးမလို"

"ဟာ ရှက်စရာကြီး နှင်းနုပြန်တော့မယ်၊ ချိုင့် နောက်မှယူတော့မယ်"

"ခဏလေးပါ၊ အထဲမှာ မိန်းကလေးတွေလည်းရှိပါတယ် ခဏလေးပဲ"

သူ့စကားအဆုံးတွင် နှင်းနုမှာ တွန့်ဆုတ်ဆုတ်နှင့် အိမ်ထဲသို့ လိုက်ဝင်ခဲ့တော့သည်။

"ဒီမှာ ခဏထိုင်ဦးနော် ကိုယ်ချိုင့်သွားထားဦးမယ်"



ပြောပြောဆိုဆို သူ့အခန်းထဲဝင်သွားတော့ နှင်းနုမှာ သူ့သူငယ်ချင်းလေးယောက်ကြားတွင် မျက်နှာငယ်လေးနှင့် ကျန်ခဲ့လေတော့သည်။ ကိုသိန်းတန်မှာ အိမ်နောက်ဖေးခန်းရှိ စားပွဲပေါ်တွင် ဟင်းချိုင့်ကို ဖွင့်လှယ်ရင်း ဝိုင်းပြီးစပ်စုနေကြမည့် သူငယ်ချင်းများကြားတွင် နှင်းနု အနေရခက်မည်ကို စိုးရိမ်နေမိ၏။

သူပြန်ထွက်လာသောအခါ သန့်ဇင်ဦးနှင့် ကျော်စိုးလှိုင်မှာ သူ့အား ပြုံးတေ့တေ့ကြည့်ပြီး ဘာလဲဟု အသံတိတ်လှမ်းမေးနေကြသလို ဝေနွယ်ဝင်းနှင့် အိအိမိုးမှာလည်း မိန်းကလေးချင်းမို့ စေ့စေ့စပ်စပ် အကဲခတ်နေသည်ကို တွေ့လိုက်ရတော့၏။

"ဒါ နှင်းနုတဲ့ ငါတို့ ရွှံးနားကပဲ၊ နှင်းနု ဒါ ကိုယ့်သူငယ်ချင်းတွေ၊ ရန်ကုန်က ဒီနေ့ပဲ ရောက်လာတာလေ"

နှင်းနုက ခေါင်းလေးညိတ်ရင်း ပြုံးပြလိုက်လေသည်။

"အစ်မတို့က မနက်ကို ဘုရားဖူးသွားမှာလေ၊ တစ်ခါတည်း လိုက်ခဲ့ပါလား"

သူမေ့နေသောကိစ္စကို ဝေနွယ်ဝင်းက အစဖော်လိုက်သောကြောင့် သူကျေးဇူးတင်သွားရသည်။

"ဟုတ်တယ်နော် ညီမလေးက နယ်ခံဆိုတော့ လိုက်ခဲ့သင့်တာပေါ့၊ ညီမလေးရောက်ဖူးလား အဲဒီဘုရားကို"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး နှင်းနုက ခေါင်းခါပြရင်း

"မလိုက်တော့ပါဘူး နှင်းနု အရင်က အဲဒီဘုရားကို ရောက်ဖူးပါတယ်"

ဟု မျက်နှာငယ်လေးနှင့် ငြင်းလေသည်။ နှင်းနုစိတ်တွင် စွဲလန်းနေသော အရိပ်မည်းကြီးမှာ ခုထိမလွတ်နိုင်သေးပါလားဟု သူစိတ်မကောင်းစွာ တွေးလိုက်မိ၏။ ထိုအစွဲအလန်းကြီးကို သူဖျောက်ဖျက်ပေးချင်လှသည်။

"လိုက်ခဲ့ပါ နှင်းနုရယ် ကိုယ်လည်း အဲဒီဘက်တွေ သိပ်နှံ့နှံ့စပ်စပ်ရောက်ဖူးတာ မဟုတ်ဘူး လိုက်ခဲ့ပါကွာ"

ဟု ဇွတ်အတင်းခေါ်လေရာ နှင်းနုက ခေါင်းလေးတရမ်းရမ်းနှင့် ဘယ်လိုမှ လိုက်လို့ မဖြစ်ကြောင်း ငြင်းလေသည်။

"နှင်းနု အိမ်မှာ အမေနဲ့အမေပြီးရင် နှင်းနုတစ်ယောက်တည်းပဲ လိုက်လို့မဖြစ်ပါဘူး ကိုကြီးရယ် နှင်းနု ဒီကိုရောက်နေတာ အတော်ကြာပြီ ပြန်လိုက်ဦးမယ် နော် ဒီက အစ်မတို့ရော နှင်းနုပြန်တော့မယ်ရှင်"

နှင်းနုမှာ ပြောပြောဆိုဆို နေရာမှထကာ ထွက်သွားလေတော့၏။ သူတို့အားလုံး ခဏမျှ တိတ်ဆိတ်ငြိမ်သက်နေမိကြလေသည်။

"သိန်းတန် သူက ဘယ်သူလဲကွ မင်းပြောတော့ ထမင်းဟင်းချက်ပေးတာ အဒေါ်ကြီးဆို ဒါ အဒေါ် ကြီးမှ မဟုတ်တဲ့ကွ"



သန့်ဇင်ဦးအသံက သူ့ကို မသက်သာသည့်အရိပ်အယောင် လွှမ်းနေသည်မဟုတ်၊ တိတိကျကျကို စွပ်စွဲနေသလိုပင်။

"ကောင်မလေးက ချစ်စရာလေးနော်၊ အသက်ငယ်ပေမယ့် ရည်ရည်မွန်မွန်လေး ကိုသိန်းတန်နဲ့ ဘယ်လိုပတ်သက်နေတာလဲဟင်"

အိအိမိုးကပါ စိတ်ပါဝင်စားစွာ မေးမြန်းလာသောကြောင့် သူမည်သို့မှ မငြင်းသာတော့ချေ။ အစကတော့ ရှက်ရှက်နှင့် ကွယ်ဝှက်ဖို့ စိတ်ကူးပေမယ့် မထူးတော့ပြီမို့ သူငယ်ချင်းများအား အမှန်အတိုင်း ပြောပြလိုက်လေတော့သည်။ သို့သော် နှင်းနုနှင့် ပတ်သက်သည့် နောက်ကြောင်းကိစ္စများအား ဖွင့်မပြောဘဲ ချပ်လှပ်ထားရန် စိတ်ကူးလိုက်မိသေးသည်။ ကျော်စိုးလှိုင်က

"မင်း ကောင်မလေးကြည့်ရတာ ဘုရားကို လုံးဝ လိုက်ချင်ပုံ မပေါ်ဘူး"

ဆိုသည့်စကားကြောင့် သူမ၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရလေတော့သည်။

ခေတ်ပညာတတ်များဖြစ်သော သူ့သူငယ်ချင်းများမှာ ထိုကိစ္စအား တစ်စုံတစ်ရာ ဝေဖန်ခြင်း မပြုကြချေ။

"ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို့ ငါထင်တယ်"

ဟု သူ ပြောလိုက်သောအခါ အားလုံးက ခေါင်းညိတ်ထောက်ခံကြသည်။ သူမ၏ ကြောက်ရွံ့အားငယ်စိတ်ကို ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျက်ပေးသင့်ကြောင်းပါ အကြံပေးကြလေသည်။ ထို့ကြောင့် ဘုရားသွားလျှင် သူမအား မရမက ခေါ်သွားရန် သူ ဆုံးဖြတ်လိုက်လေတော့သည်။

"လာလေနှင်းနုရဲ့ ကိုယ့်လက်ကို ကိုင်ထား"

ကျောက်တုံးတွေနှင့်ချော်ကျိုနေသော တောင်စောင်းလမ်းကလေးပေါ်မှာ နှင်းနုနှင့် ကိုသိန်းတန်တို့ နှစ်ယောက်တည်း။

လေတွေက တဝူးဝူး၊ တဝေါဝေါ တိုက်နေသောကြောင့် နှင်းနုမှာ ဆံပင်များ၊ အဝတ်များကအစ လူတစ်ကိုယ်လုံး လွင့်ပါသွားမတတ်ဖြစ်နေရသည်။

"ကိုကြီး နှင်းနုကြောက်တယ် ပြန်ရအောင်နော်"

"လာပါ နှင်းနုရဲ့ ကိုကြီးတစ်ယောက်လုံးပါနေ တာပဲ သူများတွေတောင် ရှေ့က အေးအေးဆေးဆေး တက်သွားတာ မတွေ့ဘူးလား၊ နှင်းနုက ကြောက်ရွံ့၊ ကြောက်ရွံ့လုပ်နေတာ ကိုး"

ကိုသိန်းတန်ကပြောရင်း နှင်းနုလက်ဖျားလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ ခြေတစ်လှမ်း လှမ်းတိုင်း ခြေဖဝါးဆီက ကျဉ်ခနဲ ဖြစ်သွား၏။ တဖြည်းဖြည်းနဲ့ ကျောက်တုံးစောင်းကျွန့်ကြီးကို ရောက်လာသည်။

တောင်စောင်းမှာ ကပ်ပေါက်နေသော အုန်းငှက်ပျောပင်ရိုင်းများ၊ ခါးတတ်ပင်များက လေအတိုက်တွင် ယိမ်းနွဲ့လှုပ်ခါနေ



ကြသည်။ တစ်ဘက်စောင်းနှင်းကြီးလျှောက်ရသောလမ်းမို့ နှင်းနုခြေတွေလက်တွေ တုန်သည်အထိ ကြောက်ရွံ့နေလေသည်။

"လာ ရဲရဲသာလျှောက်ပါ နှင်းနုရဲ့"

ရုတ်တရက် လေတွေက ဝေါခနဲဖြတ်တိုက်သွားသည်နှင့် အထိတ်တလန့် အော်ဟစ်လိုက်မိသည်။

"ကဲ နှင်းနု ရှေ့ကလျှောက် ကိုကြီးလက်ကို ထိန်း ကိုင်ထားနောက်ကို ဘာမှလန့်ကျစရာအကြောင်း မရှိတော့ဘူး ဟုတ်ပြီလား"

ပြောပြောဆိုဆို ကိုသိန်းတန်က သူမလက်ကိုဆွဲကာ ရှေ့သို့သွားစေပြီး သူကနောက်ကလိုက်တက်သည်။ နှင်းနုခေါင်းထဲ မူးခနဲ၊ မိုက်ခနဲ ဖြစ်ဖြစ်လာ၏။

"ကိုကြီး နှင်းနုကြောက်တယ် နှင်းနု မလိုက်ချင်ဘူး"

စိတ်ထဲတွင် နင်းထားသော ကျောက်တုံးကြီးက လှုပ်စိလှုပ်စိနဲ့ ပဲ့ကျတော့မည်ဟု ထင်လာသည်။ လေတိုက်သံက နားထဲတွင် ရယ်သံလိုလိုဖြစ်လာတော့၏။

"နှင်းနု နှင်းနု လုပ်ပါဦး"

ကိုသိန်းတန်အော်သံကြောင့် နောက်လှည့်ကြည့်တော့ ကျောက်တုံးအစွန်းမှာ ပြုတ်ကျတော့မတတ်ဖြစ်နေသော သူ့ကိုတွေ့လိုက်ရတော့သည်။

"နှင်း နှင်းနုရေ အား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကိုကြီးရေ"

ကြည့်နေရင်းနှင့်ပင် ကိုကြီးနောက်မှာ အရိပ်မည်းမည်းကြီးတစ်ခုပေါ်လာပြီး ကိုကြီးကို ဆွဲချသွားသည်။

"အား"

ကိုသိန်းတန်၏အော်သံနှင့်အတူ နှင်းနုမျက်စိကို မှိတ်၍ အော်ဟစ်ပစ်လိုက်သည်။

"အား ကယ်ကြပါ ကယ်ကြပါဦး မည်းမည်း ကြီးလာနေပြီ၊ နှင်းနုကြောက်တယ် နှင်းနုကြောက် တယ်"

နှင်းနုတစ်ကိုယ်လုံး လေထုထဲလွင့်သလို ပေါ့ပါးသွားပြီးမှ ပြန်လည်လေးလံလာသည်။ မျက်စိကို အထိတ်တလန့် ပြန်အဖွင့်တွင် နှင်းနုမှာ ခြင်ထောင်အမိုး အဖြူဖြူကြီးကိုသာ မြင်လိုက်ရ တော့၏။

ချွေးစေများနှင့် ရှဲနစ်ကာ အိပ်ရာမှ နိုးလာသောနှင်းနုမှာ အိမ်မက်ဆိုးကြီးကြောင့် အထိတ်တလန့်ဖြစ်နေမိတော့သည်။

သူမ တစ်မနက်လုံး စိတ်တွေလေးနေသည်။ ဘုရားသောက်တော်ရေကပ်၊ ဘုရားပန်းလဲ၊ ဆွမ်းတော်တင်နှင့်ဘုရားဝေယျာဝစ္စနှင့် အချိန်ကို ကုန်စေမှ အနည်းငယ်စိတ်သက်သာရာရသွားတော့၏။ ထိုစဉ်

"နှင်းနုရေ နှင်းနု၊ ဟယ် နှင်းနုကဘာမှ မပြင်ဆင်ရသေးပါလား"

အိမ်ပေါ်သို့ နှင်းနုကိုခေါ်ရင်း အပြေးအလွှားတက်လာ သော



ဒေါ်နုရွှေမှာ နှင်းနုကို ကြည့်ပြီးပြောလိုက်ခြင်းပင်ဖြစ်၏။

"ကဲ နှင်းနု ဘာမှ တအံ့တသြဖြစ်မနေနဲ့တော့၊ ဘုရားသွားဖို့လာခေါ်တာ အားလုံးကားပေါ်က စောင့်နေကြတယ်"

"ဟာ မလိုက်ချင်ဘူး လိုက်လို့မဖြစ်ပါဘူး ကိုကြီးရယ်၊ နှင်းနု မလိုက်ပါရစေနဲ့ ပြီးတော့ အိမ်မှာ နှင်းနုတစ်ယောက်တည်း"

"ဒီအတွက်တော့ ဘာမှမပူနဲ့ တူမကြီး အိမ်ကို အဒေါ်စောင့်ပေးမယ်၊ လိုက်သာသွား ဟိုမှာ ညီ့သည်တွေနဲ့ အားနာစရာ"

ဒေါ်နုရွှေစကားကြောင့် နှင်းနုမှာ ငြင်းရခက်သွားလေတော့သည်။ နှင်းနု ငြင်းမှာကို ကြိုသိပြီးဖြစ်နေသော သိန်းတန်ဟန်မှာ အကွက်ကျကျ ကြိုတင်စီစဉ်လာခဲ့ခြင်းပင်။

နောက်ဆုံး ဘယ်လိုမှငြင်းမရသည့်အဆုံး နှင်းနုမှာ ဘုရားဖူးလိုက်ခဲ့ရတော့သည်။

*

ဘုရားသို့ ရောက်သည်အထိလည်း အေးအေးဆေးဆေး ပင်၊ နှင်းနုမှာ ဘုရားသို့ ချစ်သူနှင့် အတူသွားတာတောင်မှ လွတ်လွတ်လပ်လပ်မပျော်နိုင်ဘဲ တစ်စုံတစ်ခုဖြစ်မှာကို စိုးရိမ်သည့်အလား၊ မျက်နှာလေး ညှိုးငယ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းနု ကိုယ်နဲ့အတူလာ မပျော်ဘူးလား၊ ကိုယ်တော့ နှင်းနုနဲ့ အခုလို ဘုရားလာဖူးရတာ အရမ်းပျော်တာပဲ၊ ကြည်လည်း ကြည်နူးတယ်၊ တစ်သက်လုံးမခွဲဘဲ အမြဲ အတူတူနေရ ပါစေလို့လည်း ဘုရားမှာ ဆုတောင်း ဦးမယ်"

ကိုသိန်းတန့်စကားကြောင့် နှင်းနုမှာ ပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးနေပါသည်။ သူမ၏ ရင်ထဲတွင် မနေ့ညက အိမ်မက်ဆိုးကြီးကသာ လွှမ်းမိုးထားလေသောကြောင့် အလွန်ကြောက်ရွံ့တုန်လှုပ်နေတော့၏။

"လာလေနှင်းနု ကိုယ်နဲ့အတူတူဆုတောင်းရအောင်"

သူ့စကားအဆုံးတွင် နှင်းနုမှာ သက်မဲ့အရုပ်ကလေး တစ်ရုပ်လို တောင့်တောင့်မတ်မတ်ရပ်နေရင်းမှ သူ့ဘေးတွင် ကျုံ့ကျုံ့လေး ဝင်ထိုင်သည်။

နှစ်ယောက်လုံး မျက်စိမှိတ်ပြီး ဘုရားကို အာရုံပြုနေကြသည်။ ထိုအချိန်တွင် ကျော်စိုးလှိုင်နှင့် သန့်ဇင်ဦးတို့ စုံတွဲမှာ လိုက်ဖက်ညီလှသော ကိုသိန်းတန်နှင့် နှင်းနုကိုကြည့်ပြီး ပီတိဖြစ်နေကြသည်။

"ကိုသိန်းတန်တို့စုံတွဲကိုကြည့်စမ်း သိန်းတန်ကလည်း တည်တည်ခန့်ခန့် ကောင်မလေးကလည်း သိမ်သိမ်မွေ့မွေ့နဲ့ ချစ်စရာလေး အရမ်းလိုက်ဖက်ညီတာနော်"

"အင်း ကိုယ်တောင် အားကျလာပြီ"

"ဘာအားကျတာလဲ စကားပြောနေရင်း ထဖောက် မလာနဲ့



နော်၊ တောင်ပေါ်က တစ်ခါတည်း တွန်းချလိုက်မယ်"

သန့်ဇင်ဦးနှင့် အိအိမိုးတို့ တစ်ယောက်တစ်လှည့်နောက် ပြောင်နေသော စကားများကို ဘုရားရှိခိုးပြီးသွားသော နှင်းနုမှာ တစ်စွန်းတစ်စ လှမ်းကြားလိုက်ရလေသည်။

"တွန်းချပေါ့ ကိုယ်ပြုတ်ကျရင် မင်းကိုပါ တစ်ခါတည်း ဆွဲခေါ်သွားမှာ"

"ဟွန်း လုပ်ရဲလုပ်ကြည့်လေ လူကို ဘာမှတ် နေလဲ"

"ဟော့ကောင် ဖိုးဇင် မင်းတို့လင်မယားကလည်း မျက်နှာချင်း ဆိုင်တာနဲ့ ရန်ဖြစ်မယ်ဆိုတာချည်းပဲ ကြောင်နဲ့ ကြွက်ကျနေ တာပဲ၊ ဘုရားပေါ်မှာတောင် မနေနိုင်ဘူး"

ကျော်စိုးလှိုင်စကားအဆုံး အိအိမိုးက သဘောကျစွာ ရယ်မောနေလေသည်။

"အံမယ် သူတို့ကျတော့ ကလေးတွေလို ခဏခဏ စကားနိုင်လုနေကြပြီးတော့ ဟိုမှာတွေ့လား သူများတွေလို အိန္ဒြေရရနေရတယ်"

ဟု ဆိုရင်း ကိုသိန်းတန်နှင့် နှင်းနုကို မေ့ငေါ့ပြလေသည်။

"သိန်းတန်ကတော့ ငါတို့အုပ်စုထဲမှာ အအေးဆုံးပဲ၊ ခွံမယ့် ခွံတော့လည်း တကယ့်အချောအလှလေးကွ သိန်းတန်က ခုမှ ဇာတ်လိုက်မင်းသားဖြစ်တော့တာ ဟဲ ဟဲ …ကျောင်း တုန်းကဆို ကောင်မလေးတွေက ငါ့ကိုပဲ လုတမ်းခွဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပြန်ပြီတစ်ခါ ဘာတမ်းတမ်းစွဲတာလဲ တမ်းတမ်း တော့မစွဲဘူး ဝဲပဲစွဲမယ်"

အိအိမိုးစကားအဆုံး သန့်ဇင်ဦးမှာ တဟားဟားရယ်ပြန် လေသည်။ ဝေနွယ်ဝင်းကတော့ ကိုသိန်းတန်နှင့် နှင်းနုအား ငြိမ်သက်စွာ ငေးနေလေသည်။ ကိုသိန်းတန်မှာ ဆင်ခွယ်ရောင် အင်္ကျီလက်ရှည်၊ ယောပုဆိုး နီညိုရောင်တို့ဖြင့် ရည်မွန်ခံ့ညား နေသလို နှင်းနုမှာလည်း အထက်အောက် ပန်းနုရောင်ဝမ်းဆက် ရင်ဖုံးလက်စကလေးနှင့် မဟာဆန်စွာ လှပနေပြန်ရာ လိုက်ဖက် ညီလှသော ချစ်သူမောင်နှံပင် ဖြစ်လေ၏။

မျက်လွှာချ၍ တည်ငြိမ်စွာ တရားထိုင်နေသော ကိုသိန်းတန် အားတွင် မလှုပ်မယှက် ငြိမ်သက်စွာ စောင့်နေသော နှင်းနုကို ကြည့် ရင်း ကျော်စိုးလှိုင်က ပုခုံးတွန့်ပြသည်။

"ရှားရှားပါးပါးပဲ ဒါမှပါရမီဖြည့်ဖက်အစစ်ကွ ငါကတော့ မျက်စိမှိတ်ပြီး တရားမထိုင်ရဲဘူး စိတ်မချလို့"

"အံမယ် သူကများ ပြောင်းပြန် နည်းနည်းမှ အလစ်ပေးလို့ မရတဲ့သူ မိန်းမမျက်စိအောက်က လွတ်တာနဲ့ ဟင်း ဟင်း မပြောချင်ဘူးနော်"

ဟု ဝေနွယ်ဝင်းက ပြောလိုက်ရာ ကျော်စိုးလှိုင်မှာ ရှေ့သို့ စကားမဆက်ရဲတော့ဘဲ ငြိမ်သက်သွားလေတော့သည်။

"ဟိုဘက်ကမြင်ရတဲ့ တောင်က ညို့နေတာပဲ ကြည့်ရတာ



လှလိုက်တာ တောင်ခြေကနေ မြူတွေဆိုင်းတတ်နေတာ ဘယ်လောက်လှလဲ အဲဒီကို သွားရအောင်"

အိအိမိုးစကားကြောင့် သူတို့အားလုံး ထိုတောင်ဆီသို့ …မ်းကြည့်လိုက်ကြ၏။ တလိမ့်လိမ့်တက်လာသော မြူခိုးများနှင့် …ညို့နေသော တောင်တန်းမှာ လွမ်းမောဖွယ်။ သူတို့ရှိနေသော တောင် …ါမှ စေတီလေးမှာလည်း ဆည်းလည်းသံတချွင်ချွင်နှင့်မို့ အလွန် ကြည်နူးစရာကောင်းနေတော့သည်။

"ဟုတ်တယ်ကွ ဘာမှ ဝေးတာလဲမဟုတ်ဘဲနဲ့ သွားရ အောင် အဲဒီတောင် ရှုခင်းမြင်ရတာ အလိုလိုနေရင်း သွားချင် စိတ်ပေါက်လာတယ်"

ကျော်စိုးလှိုင်စကားအဆုံးတွင် သန့်ဇင်ဦးက ခေါင်းကို …ညိတ်ရင်း

"အမြင်သာနီးပေမယ့် ခရီးကကြမ်းလှပါတယ်ဆိုတာ ဒီလိုတောမျိုးတောင်မျိုးကို ပြောတာကွ လှမ်းကြည့်တော့ အနီးလေး သွားရင်အဝေးကြီး ဖြစ်နေမှာ"

"မဝေးပါဘူး သန့်ဇင်ရာ ဒီတောင်ကနေ တံတားလို ဆက် ထားတဲ့ ကျောက်တုံးတွေရှိပါတယ်။"

နောက်မှ ပြောလိုက်သော ကိုသိန်းတန်စကားကြောင့် …န့်ဇင်ဦးတို့ လူစုမှာ လှည့်ကြည့်လိုက်ကြလေသည်။ သူလည်း …တောင်ကိုသွားချင်ပုံပေါ်နေသည်။ သို့သော် နှင်းနုမှာ သွားချင်ပုံမရ

www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် အလွန် မျက်စိမျက်နှာပျက်နေသည်ကိုပါ တွေ့လိုက်ရလေတော့သည်။

"နှင်းနုရော အဲဒီတောင်ကို ရောက်ဖူးလားဟင်"

"ရောက်ဖူးပါတယ် ဒါပေမယ့်"

တွန့်ဆုတ်ဆုတ်လေးဖြေလိုက်တဲ့ နှင်းနုအသံက အနည်းငယ်တိုးလျှတုန်ယင်နေသလို သူမ၏ မျက်နှာလေးက သိသာစွာ ဖြူလျော်နေလေသည်။

"အခု… ကိုယ်တို့ အဲဒီတောင်ကို သွားမလို့ တော်တော်လှတာနော် သွားရအောင်"

"ဟင့်အင်း နှင်းနု မလိုက်ပါရစေနဲ့ နှင်းနု ဒီမှာပဲ နေခဲ့ပါစေ ကိုကြီးလည်း မသွားပါနဲ့နော် တစ်ခုခုဖြစ်မှာ အရမ်းစိုးရိမ်တယ်"

"ဟာ မဟုတ်တာ ညီမရယ်၊ လိုက်ခဲ့ပါ ဘာမှမဖြစ်ရဘူး၊ အစ်ကိုတို့ တာဝန်ယူတယ်"

သန့်ဇင်ဦးက ပျာပျာသလဲ ဝင်ပြောလိုက်သောအခါ နှင်းနုက မျက်လုံးအဝိုင်းသားလေးနဲ့ တစ်ယောက်ချင်း လိုက်ကြည့်ပြီး ခေါင်းကို သွက်သွက်ခါရမ်းကာ

"ဟင့်အင်း ဟင့်အင်း နှင်းနု မလိုက်ချင်ဘူး"

ဟုသာ တွင်တွင်ငြင်းလေသည်။ ကျော်စိုးလှိုင်နှင့် ဝေနွယ်တို့က ကိုသိန်းတန့်အား ဘယ်လိုလုပ်မလဲဟူသော သဘောနှင့် မျက်နှာ



ပင့်ရင်း မေးငေါ့ပြ၏။ ကိုသိန်းတန်က

"အဲဒါဆိုလည်း မင်းတို့သွားကြတော့ ငါတို့နေခဲ့တော့မယ်"

ဟုပြောကာ နှင်းနု မမြင်အောင် မျက်စပစ်ပြလိုက်လေ သည်။ အားလုံးထွက်သွားကြသောအခါမှ ကိုသိန်းတန်က

"အဲဒီတောင်ကို မသွားရရင်လည်း သူတို့သွားတဲ့နေရာလောက်ကို မြင်ရတဲ့ နေရာကိုတော့သွားမယ် နှင်းနု လိုက်ခဲ့နော်"

ဟု ပြောကာ ရှေ့မှထွက်သွားရာ နှင်းနုမှာ တစ်ယောက်တည်း မနေရဲသဖြင့် လိုက်လာရလေတော့သည်။ အတော်လေး သွားမိသောအခါ

"ကိုကြီး ဘယ်အထိသွားမှာလဲ အဲဒီကွေ့ကျော်ရင် ဟိုဘက်တောင်ကို သွားတဲ့လမ်းကို ရောက်နေပြီ"

ဟု လှမ်းအော်လိုက်သော်လည်း သူလှည့်မကြည့်ဘဲ ခပ်သုတ်သုတ်လျှောက်လာခဲ့၏။

မကြာခင် တစ်ဖက်တောင်သို့ ကူးသောတံတားသဏ္ဌာန် ကျောက်တုံးကြီးတွေ ဆင့်ထားသော နေရာလေးသို့ ရောက်လာတော့သည်။

"ကိုကြီး"

လေအတိုက်တွင် လွင့်ဝဲသွားသော ဆံပင်ဖားဖားလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



နှင်းနုမှာ ပန်းနုရောင်ဇကေရီလေးတစ်ပါးလို အိပ်မက်ဆန်စွာ လျှော လှမ်းလာသည်ကို တွေ့လိုက်ရသည့်အခါ သူ့သက်ပြင်း တစ်ချက် ဂ...က်ပြီး ထိုနေရာတွင် ရပ်စောင့်နေလိုက်၏။

သူမ၏ မျက်နှာမှ အလွန်အမင်းထိတ်လန့်ကြောက်ရွံ့မှု မြင်လိုက်ရသည့်အခါ သူရယ်လည်းရယ်ချင် ဂရုဏာလည်း သက်သွ မိလေသည်။

"ကို ... ရှေ့ဆက်မသွားနဲ့တော့နော့ အဲဒါ ဟိုဖ တောင်ကို ကူးတဲ့လမ်း"

ပြောပြောဆိုဆို နှင်းနုမှာ သူ့ထံသို့ ကလေးတစ်ယော လို့ စိုးရိမ်တကြီးပြေးလာ၏။ အနီးသို့ရောက်သောအခါ သူလ တစ်ဖက်ကို ဆွဲထားရင်း

"မသွားပါနဲ့ကိုကြီးရယ် နှင်းနုကို ချစ်ရင် အဲဒီဖက် မသွားပါနဲ့နော်"

ဟု ထပ်ကာ တလဲလဲပြောပြန်လေသည်။ သူဘာမှ ပြ မပြောဘဲ သူမ၏ ကိုယ်လုံးသွယ်သွယ်လေးကို ဖွေ့ခနဲ ပွေ့ချီ လိ သည့်အခါတွင် နှင်းနုမှာ ကြောင်တောင်တောင်နှင့် သူ့မျက်နှာ မော့ကြည့်ရင်း ပါလာလေတော့သည်။

ခဏနေမှ သူသွားရာလမ်းကို သတိရသွားကာ အတော ရုန်းကန်လေ၏။ နှုတ်မှလည်း အောက်ကို ပြန်ချပေးရန် တတွတ်တွ ပြောရင်း ငိုတော့သည်။



သူဘာမှပြန်မပြောဘဲ သူမကို ပွေ့ရင်း ကျောက်တုံးကြီး များပေါ်တွင် တစ်လှမ်းချင်းသတိကြီးစွာ လှမ်းလာခဲ့ရာ တစ်ဖက် တောင်သို့ အလွယ်တကူရောက်လာခဲ့တော့သည်။

တစ်ဖက်သို့ရောက်သောအခါ သူတို့နှစ်ယောက်အား အသင့် စောင့်ဆိုင်းနေသော သန့်ဇင်ဦးတို့အုပ်စုကို တွေ့လိုက်ရသည်။

"ကဲ ညီမလေး မျက်လုံးဖွင့်ကြည့်ဦး ငိုမနေနဲ့တော့ ရောက် နေပြီ"

နှင်းနုမှာ မျက်လုံးဖွင့်ကြည့်သော်လည်း ကြောက်စိတ် မပြေ သေးဘဲ သည်းသည်းထန်ထန်ငိုနေရာ အားလုံးမျက်လုံးပြူးကုန်ကြ တော့သည်။

"အဟင့် ဟင့်ဟင့် နှင်းနုကြောက်တယ် နှင်းနုကြောက် တယ်"

"ဘာမှမကြောက်နဲ့ ညီမ·· အစ်မတို့အားလုံး အေးအေး ဆေးဆေးရောက်နေကြပြီပဲ"

ဝေနွယ်ဝင်းက နှင်းနုအား ပုခုံးလေးဖက်ကာ နှစ်သိမ့် ဖျောင်းဖျပေးသလို အိအိမိုးကလည်း သနားစရာကောင်းလှသော သူမအား ဂရုဏာသက်ပြီး တအံ့တသြငေးမောကြည့်နေမိတော့သည်။

"နှင်းနုကြောက်တယ် အိမ်မက်ဆိုးကြီးထဲကအတိုင်း ဖြစ်လာမှာ နှင်းနုအရမ်းကြောက်တာ နှင်းနု နေ...ထပ် အဖြစ်ဆိုးကြီးတစ်ခုနဲ့ထပ်ပြီး မကြုံပါရစေနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



သူ နှင်းနု၏ အေးစက်နေသော လက်ဖျားလေးကို ဂရုဏာသက်စွာ ထွေးဆုပ်ဖျစ်ညှစ်လိုက်သည်။ သူ့လက်မှတစ်ဆင့် နွေးထွေးမှုတို့ စီးဝင်သွားသည်လားမပြောတတ်။ ခဏကြာသောအခါ နှင်းနုမှာ အတော်လေးတည်တည်ငြိမ်ငြိမ်ဖြစ်လာ၏။

ထိုအခါမှ တောင်ပေါ်သို့ ပထမတစ်ခေါက်လာခဲ့စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးကို မျက်ရည်အဝိုင်းသားနှင့် ပြောပြလေတော့သည်။ ထိုကိစ္စကို သူတို့အားလုံးသိပြီး ဖြစ်သော်လည်း

"နှင်းနု သေရမှာမကြောက်ပါဘူး၊ ဒါပေမယ့် နှင်းနုကြောင့် ဘာမှအပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်မှာ ကြောက်တယ်။ ပြီးတော့ ကိုကြီးတစ်ခုခုဖြစ်သွားမှာ နှင်းနုအစိုးရိမ်ဆုံးပါပဲ"

ဟူသောစကားကြောင့် စိတ်မကောင်းဖြစ်သွားရလေ သည်။

"ဒီနေ့ကစပြီး အဲဒီအတွေးတွေ ဖျောက်လိုက်ပါတော့ နှင်းနုရယ်၊ နှင်းနုဘေးမှာ ကိုယ်တစ်ယောက်လုံးရှိတယ်၊ ဘာမှ အားငယ်စရာမလိုဘူး၊ နှင်းနုရဲ့ အတိတ်က အရိပ်မည်းကြီးပြေ ပျောက်ဖို့ ဘုရားမှာ ကိုယ်ဆုတောင်းခဲ့တယ်၊ နှင်းနု သိလား"

ကိုသိန်းတန်စကားအဆုံး၌ နှင်းနုမှာ မျက်ရည်များကြားမှ ဝိုဝိုပြင်ပြင်ပြုံးကာ ခေါင်းညိတ်ပြလေသည်။ သူမ၏ အပြုံးတွင် သူ့အား လေးစားမြတ်နိုးခြင်း၊ ယုံကြည်အားကိုးခြင်းတို့ ပြည့်နှက်နေကြောင်း သူတွေ့လိုက်ရ၏။



တကယ်တမ်းတွင် နှင်းနုနှင့်အတူ သူတို့အားလုံး တိတ်တဆိတ်စိုးရိမ်နေခဲ့ကြခြင်းဖြစ်၏။

သို့သော် ပြန်လာခဲ့သည်အထိ ဘာတစ်ခုမှ အခက်အခဲ အနှောင့်အယှက်မရှိခဲ့သောကြောင့် သူတို့ချစ်သူနှစ်ယောက်အတွက် ပျော်ရွှင်စရာအမှတ်တရ ခရီးတစ်ခုပင် ဖြစ်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

နှင်းနုသည် မခို့တရိုလေးပြုံးနေရာမှ ကလေးတစ် ယောက်လို သဘောကျစွာ ရယ်လိုက်သည်ကို သူ အမြတ်တနိုး ငေးမောနေမိသည်။

ချောင်းရေသည် နှင်းနု၏ ရယ်သံကြောင့် ပိုမိုအသက်ဝင်ကာ ကြည်လင်တောက်ပလာသယောင်ရှိ၏။

“ကိုယ်ပြောတာ အဲဒီလောက်တောင် ရယ်စရာကောင်းသလား ကလေးမရဲ့”

သူ့မေးခွန်းကြောင့် နှင်းနုမှာ ကိုယ်လေးသိမ့်သိမ့်ခါအောင် တခစ်ခစ်ရယ်နေရာမှ ရုတ်တရက် နှုတ်ခမ်းရှေ့တွင် လက်နှင့်အုပ်ကာပြီး

“ရယ်ရတာပေါ့ ကိုကြီးရဲ့ ကိုကြီးစကားကို ကိုယ့်ဘာသာ ပြန်စဉ်းစားပါလား”



“ဟောဗျာ.. ကိုယ့်ကို ချစ်သလားလို့မေးတာ ရယ်စရာလား ကိုယ့်ချစ်သူ ကိုယ်မေးတာပဲ”

“ကိုယ့်ချစ်သူမေးတာမို့ ရယ်တာပေါ့ ချစ်လို့ပဲ ချစ်သူတွေဖြစ်ပြီးမှ ဘာလို့ လျှောက်မေးနေတာလဲ”

“ဒီလိုပဲကြားချင်တာပေါ့ နှင်းနုနှုတ်က ပြောတဲ့ချစ်တယ်ဆိုတဲ့စကားဟာ ကိုယ့်အတွက် ဘာနဲ့မှမလဲနိုင်တဲ့ ဆုလာဘ်တစ်ခုပဲ သိရဲ့လား”

“အလကား ပိုပြီ”

“လိုတောင် လိုသေးတယ် နှင်းနုကို ကိုယ်ဘယ်လောက်ချစ်လဲဆိုတာ ပြောမပြတတ်အောင်ပဲ”

သူ့စကားအဆုံး နှင်းနုက မျက်စောင်းလေးထိုးရင်း

“ချစ်ပေလို့ပဲ ဟိုနေ့က ညီ့သည်တွေရှေ့မှာ နှင်းနု ကြောက်ပါတယ်ဆိုတဲ့ နေရာကို အတင်းခေါ်သွားတာ ကံကောင်းလို့ပေါ့ နို့မို့ဆို”

“အဲဒီအကြောင်းတွေမပြောနဲ့တော့ နှင်းနုရဲ့အတိတ်က အဖြစ်တွေကို အပြီးအပိုင်မေ့ပစ်ရမယ် ဥပါဒ်ဒါန်ကြောင့် ဥပါဒ်ရောက်တယ်ဆိုတဲ့စကား နှင်းနုကြားဖူးတယ် မဟုတ်လား”

“နှင်းနုရဲ့ ကြောက်ရွံ့ထိတ်လန့်နေတဲ့ အစွဲအလမ်းတွေကို ဖျောက်ဖျက်ပေးချင်လို့ တမင်ခေါ်သွားတာ၊ ဒီမယ် နှင်းနုရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောပြမယ်။ ကိုယ်တို့ငယ်ငယ်က အမှောင်ဆိုသိပ်ကြောက်တာပဲ၊ အမှောင်ထဲမှာ ဘာရှိမှန်းလည်း မသိဘူး၊ ဘာမှလည်း မမြင်ရဘူး၊ ဒါပေမယ့် အမှောင်ဆို အရမ်းကြောက်နေတာ၊ ဘာမှ မရှိတာ၊ မသိတာကို ကြောက်တယ်ဆိုတာ ရူးတာပဲ၊ နေ့ခင်းဘက် အလင်းရောင်ရှိတဲ့နေရာကို ညရောက်တော့ ကြောက်သွား ကြတယ်၊ အဲဒါ အဲဒီနေရာက တစ်စုံတစ်ခုကို ကြောက်တာ မဟုတ်ဘူး၊ အမှောင်ကို ကြောက်တာဖြစ်နေပြီ သိရဲ့လား ခုလည်း နှင်းနုရင်ထဲမှာ အတိတ်က ဖြစ်ရပ်တွေကို တွေးပြီး ကြောက်နေတာ ည အမှောင်ရောက်ရင် ကြောက်တဲ့ကလေးလို ဖြစ်နေပြီ အဲဒီ အစွဲကြီးကို ဖျောက်ပစ်ရမယ် ကြားလား၊ အဲဒါဆို ဘာမှ ကြောက်စရာ မရှိတော့ဘူး”

နှင်းနုသည် ကိုသိန်းတန့်စကားကို နားထောင်နေရင်း တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားသလိုပြုနေသည်။ အတန်ကြာမှ

“ဟုတ်တယ်နော် နှင်းနုလေ ဘာကိုတွေးကြောက် မှန်းမသိ ကြောက်နေတာ အရမ်းလည်း စိုးရိမ်ခဲ့မိတယ်။ အဲဒါကြောင့် ကိုကြီးကို မချစ်ရဲတာ”

“ခုရော စိုးရိမ်စိတ်တွေ ရှိသေးလား”

နှင်းနုက ပြုံးရင်း ခေါင်းရမ်းပြသောအခါ သူစိတ်ကျေနပ်သွားပြီး



“အစက စိုးရိမ်လို့မချစ်ရဲတာဆိုတော့ ချစ်တော့ချစ်နေခဲ့တယ်ဆိုတဲ့ သဘောပေါ့နော်”

ဟု မေးလိုက်၏။ နှင်းနုက မျက်စောင်းလေးရွယ်ရင်း ဘာမှ မဖြေတော့ဘဲ လှေပေါ်မှနေ၍ ရေပြင်ကို လက်နှင့် ဆွဲသပ်ရင်း ကလေးတစ်ယောက်လို လိုက်ပါလာလေသည်။ သူတို့ လှေကလေးသည် စထွက်လာရာ ကမ်းနှင်းပင် အတော်လေး လှမ်းခဲ့ပြီဖြစ်၏။

ချောင်းရိုးကကျဉ်းသော်လည်း ရေကနက်သည်မို့ အဝေးကြီး မသွားတော့ဘူးဟု စိတ်ကူးပြီးမှ တဖြည်းဖြည်း မြစ်ဝဘက်ရောက်လာတော့သည်။

“ချောင်းနဲ့ဝေးနေပြီ ပြန်လှည့်ရအောင်နော်”

“ဘာဖြစ်လို့လဲ လှေစီးရတာ မပျော်ဘူးလား”

“ပျော်ပါတယ် ဒါပေမယ့် ဒီဘက်အထိတော့ တစ်ခါ မှ လာမစီးဖူးဘူးလေ ကမ်းအထိ ပြန်လှော်ရင် ဝေးလို့”

“စိတ်မပူပါနဲ့ကွာ ကိုယ်က လှေကောင်းကောင်း လှော်တတ်ပါတယ်”

“သိပါတယ် ကြာရင် အိမ်ကစိတ်ပူနေမှာစိုးလို့ ပြန်ရအောင်လို့”

“ချစ်တယ်လို့ ပြောရင် ပြန်ဖို့သဘောတူတယ်”

သူ့စကားကြောင့် နှင်းနုက မျက်စောင်းလှဲ့လှဲ့ပေးထိုးရင်း ခေါင်းငုံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မပြောဘူးလား အဲဒါဆို ဒီနေ့ မပြန်တော့ဘူး..
ဒီညမြစ်ထဲမှာပဲ"

စကားမဆုံးခင် နှင်းနုမော့ကြည့်သော ကောင်းကင်သို့ သူ ကမန်းကတန်း မော့ကြည့်လိုက်မိ၏။ ပြာလွင်နေသော ကောင်းကင်မှာ ရုတ်တရက် ညိုမှိုင်းမဲမှောင်လာပြီး ရေပြင်သည် လေအဝှေ့တွင် လှိုင်းကလေးများ ရှပ်တိုက်ပြေးလွှားသွားကာ လှေကလေးပင် လူးလွန့် သွားလေတော့၏။

"လေတွေ မိုးတွေ တိုက်တော့မယ် ထင်တယ်နော်..
လှေပြန်ကွေ့ပါတော့ ကိုကြီးရယ်"

နှင်းနုမှာ ညိုမဲနေသော မိုးသားတိမ်လိပ်တွေကို မော့ကြည့်ရင်း သူ့ကို လှမ်းပြောလိုက်၏။ သူ ခေါင်းညိတ်ပြရင်း လှေကို ကမ်းဘက်သို့ ပြန်ကွေ့ခဲ့သည်။ သို့သော် တဝုန်းဝုန်း တဝေါဝေါတိုက်ခတ်လာသော လေနှင့်အတူ မိုးစက်များမှာ သူတို့နှစ်ယောက်လုံးနှင့် လှေကလေးပေါ်သို့ အငြိုးတကြီး ရွာချလိုက်လေတော့၏။

"ကိုကြီး"

"နှင်းနု ဘာမှမကြောက်နဲ့ ကိုကြီး အဲဒီနားကို လာခဲ့မယ်"

သူထအရပ်တွင် ရေပြည့်နေသော လှေကလေးမှာ တဖက်သို့ အရှိန်နှင့်စောင်းသွားသောအခါ နှင်းနုမှာ ကြောက်လန့် တကြား အော်ဟစ်လိုက်တော့သည်။ သူမ၏ အော်သံမှာ မိုးသံ လေသံကြားတွင် တိုးတိမ်ပျောက်ကွယ်သွားသည်။



ထို့အတူ လှေကလေးမှာလည်း တလိမ့်လိမ့်တက်လာ သော လှိုင်းများကြားတွင် တိမ်းစောင်းနစ်မြုပ်ကာ သူတို့နှစ် ယောက်လုံး လွင့်စင်ကျသွားတော့သည်။

"အား"

"ဝေါ ဝေါ"

လေသံမိုးသံများကြားတွင် သူမ၏ ကြောက်လန့်တကြား အော်သံကြောင့် သူအလွန်စိုးရိမ်သွားရသည်။ သို့သော် ကံကောင်း ထောက်မစွာပင် သူမကို ရေနက်ထဲ ရောက်မသွားအောင် ဆွဲထား လိုက်နိုင်သောကြောင့် ကမ်းပေါ်သို့ အရောက်တွန်းတင်နိုင်ခဲ့သည်။ သို့သော် လှိုင်းအပုတ်တွင် ပါလာသော လှေမှာ သူ့ခေါင်းနှင့် အရှိန်ပြင်းစွာရိုက်မိကာ ခေါင်းတစ်ခုလုံး မူးဝေသွားရ၏။

"ကိုကြီး ကိုကြီး"

နှင်းနုအသံကြားသော်လည်း သူ ရုတ်တရက် ပြန်မထူး နိုင်ချေ။

ရေထဲမှာ မြုပ်ချီပေါ်ချီဖြစ်နေသော ကိုသိန်းတန်ကို ကြည့်ကာ နှင်းနုမှာ အလွန်စိုးရိမ်သွားမိသည်။

"လာကြပါဦးရှင် ဒီမှာရေနစ်နေပြီ.. ကယ်ကြပါဦး သူ
သူ ရေထဲမှာ အဟင့်.. ဟင့်.. ရေထဲ မှာ လာကြပါဦး"

နှင်းနုမှာ လူတွေ ပြေးခေါ်လိုက် ကမ်းစပ်ကို ပြန်ပြေးလာ လိုက်နှင့် အရူးမီးဝိုင်းဖြစ်နေရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကို လုံးဝမတွေ့ရတော့သည့်အခါ နှင်းနုမှာ တစ်ချက်သာ စူးစူးဝါးဝါးအော်နိုင်ပြီး လုံးဝသတိလစ်သွားလေတော့၏။ ထို့ကြောင့် ကမ်းစပ်သို့ လူများရောက်ပြီး ကိုသိန်းတန့်ကို ကယ်ကြသည်ကိုပင် မသိလိုက်တော့ချေ။

* * *

## အခန်း (၂၅)

နှင်းနုသတိရလာသောအခါ ပထမဆုံး သူ့အခြေအနေကိုသာ မေးမိသည်။ သူတို့နှစ်ယောက်လုံး မြို့နယ်ဆေးရုံသို့ ရောက်ကြောင်းသိလိုက်ရသည့်နောက် သူမမှာ ဆရာဝန်နှင့် ဆရာမလေးများ ထွက်လာတိုင်း

"သူ သူ ဘာဖြစ်သွားသေးလဲဟင်"

ဟု မေးရတာ အမောပင်

"ဘာမှမဖြစ်ဘူး၊ လှေနဲ့ ရိုက်မိလို့ ခေါင်းကွဲသွားတာမို့ သမီး၊ သူ သတိမရသေးတာပဲရှိတယ်၊ ဘာမှ မစိုးရိမ်နဲ့တော့"

ဆရာဝန်ကြီးစကားကြောင့် စိတ်အေးသွားရသော်လည်း စိတ်မကောင်းဖြစ်နေမိ၏။ ထိုစဉ် သူမ၏ အဖေနှင့် အမေ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ နှင်းနုအမေ ဒေါ်စိန်မြမှာ နှင်းနုကို မြင်လိုက်သည်နှင့်

"ဖြစ်မှ ဖြစ်ရလေသမီးရယ် အမေဖြင့် ကြားလိုက်ကတည်း က ရင်ကို ထိတ်သွားတာပဲ ဒီတစ်ခါတော့ သမီးကို ဖ ရပါပြီမှတ်တာ"

ဟုဆိုကာ ငိုလေတော့သည်။ ဖခင်ဖြစ်သူမှာ သမီး ဖြစ်သူ အား စိတ်မကောင်းဖြစ်စွာကြည့်နေရုံမှလွဲရင် ဘာတစ်ခွန်းမှ ဝင်မပြော ချေ။ နှင်းနုမှာ မိခင်ကို ဖက်ကာ ငိုနေမိသည်။

"သမီးကိုက မိုက်တာပါ အမေရယ်၊ သမီးကြောင့် သူ့ ရောက်တော့မလို့ အဟင့် ဟင့် သမီး ဘဝက ဘာလို့ဒီလို ကံဆိုးလွန်းပါတယ်"

ဦးတင်ဝင်းမှာ ခေါင်းကို တွင်တွင်ရမ်းရင်း

"ငါတော့ ဒီအိမ်မက်ဆိုးကြီးက ငါတို့သမီးလေး နိုး နိုင်ခဲ့ပြီ၊ အရိပ်မည်းကြီးက လွတ်ပြီလို့ထင်တာ ခုတော့ နောက်တစ်ခေါက် ရောက်လာပြန်ပါလား"

ဟုဆိုကာ သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက် လေ၏။

"ကဲပါ သမီးရယ် သူရော သမီးရော ဘာမှ မဖြစ် စိတ်အေးအေးထားလိုက်တော့နော်.. ခုတော့ အိမ် ပြန်လိုက်ခဲ့တော့ လာ ပြန်ရအောင်"

နှင်းနုမှာ မိခင်ဖြစ်သူ၏ စကားကြောင့် သိသိသာသာ



ချက်နှာပျက်သွားလေသည်။ ခေါင်းတွင် ဒဏ်ရာရထားသောကြောင့် ဆေးရုံပေါ်တွင် တစ်ယောက်တည်း ကျန်ခဲ့ရမည့်ချစ်သူကို စိတ်မချ ဖြစ်နေမိသည်။ သို့သော် မိဘနှစ်ပါးရှေ့မို့ စိတ်ကို ချုပ်ထိန်းရင်းအိမ်သို့ ပြန်လိုက်ခဲ့ရတော့၏။ ဆေးရုံရှေ့တွင် မောင်ချိုနှင့် တွေ့သောအခါ

"ကိုကြီးကို သေသေချာချာ ဂရုစိုက်လိုက်ပါနော် နှင်းနု နောက်နေ့မှ လာခဲ့တော့မယ်"

ဟု မှာချင်သော်လည်း အဖေနှင့်အမေက သူမအနီးတွင် ရှိနေသောကြောင့် မပြောခဲ့ရချေ။

သို့သော် သူမမျက်ဝန်းမှ စိုးရိမ်စိတ်လွှမ်းသော အကြည့် ကို မောင်ချိုကောင်းစွာ နားလည်နိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

နှင်းနုမှာ မနက်မိုးလင်းသည်နှင့် သူမ လုပ်နေကျ အိမ်မှု ကိစ္စများ လုပ်ရန် ပြင်ဆင်တော့၏။ ထိုအချိန်တွင် ဘုရားခန်းမှ အမေ... ဘုရားရှိခိုးကို ကြားလိုက်ရသောအခါ အလွန် အံ့သြသွားလေတော့ သည်။

ထို့ကြောင့် မီးဖိုထဲမှထွက်လာကာ မိခင်ဘုရား ရှိခိုးနေသည် ကို တိတ်တဆိတ် ချောင်းကြည့်နေ၏။ ထိုသို့ ချောင်းကြည့်နေစဉ် ခြံထဲမှ အသံလိုလို ကြားလိုက်ရသောကြောင့် လှမ်းကြည့်လိုက်ရာ ခြံထဲတွင် သစ်ပင်များအား လျှောက်ကြည့်နေသော ဖခင်ဖြစ်သူကို တွေ့လိုက်ရလေတော့သည်။

ဘုရားရှိခိုးပြီး၍ ထလာသော ဒေါ်စိန်မြမှာ နှင်းနုကို မြင်ရ သောအခါ



“ဪ သမီးတောင် နိုးလာမှကိုး”

ဟု ပြောလိုက်လေသည်။

“အမေတို့ ဒီနေ့ဆိုင်မထွက်ဘူးလား ဒီနေ့မှ လဆန်းဆယ့်လေးရက်ပဲ ရှိသေးတာ”

“ဟုတ်တယ်သမီးရဲ့ မနက်ဖန်လပြည့်နေ့ဆိုတော့ ဆိုင်ပိတ်တယ်လေ ဒီနေ့လည်း မထူးပါဘူးဆိုပြီး နားလိုက်တာ ဒါနဲ့ ထမင်း၊ ဟင်းတွေ အားလုံး အမေချက်ပြီးပြီ သီလား သောက်ရေအိုးစင်သာ ရေသွားဖြည့်လိုက်ဦး”

ဟု ပြောကာ ခြံထဲသို့ ဆင်းသွားလေတော့သည်။ နှင်းနုမှာ ...တနှစ်ဦးတို့၏ ထူးခြားသော အမူအရာကိုကြည့်ကာ နားမလည်နိုင် ...အောင် ရှိနေ၏။

ခဏကြာသောအခါ နှင်းနုမှာ ဆေးရုံသို့သွားရန် အိမ်ထဲ ...မှ ထွက်လာခဲ့သည်။

“ဒါက ဘယ်လဲ သမီးရဲ့”

မိခင်ဖြစ်သူ၏စကားကြောင့် နှင်းနုမှာ ဖြေရခက်သွား သည်။ သူမဆေးရုံသို့ သွားမည်ကို ဒေါ်စိန်မြမှာ မသိမဟုတ် သိနေ၏။ ...သို့သော် သူမအား မသွားစေချင်သောကြောင့် ထိုသို့ မေးလိုက်ခြင်း ဖြစ်၏။

“ဟို သူ့ကို သတင်းသွားမေးမလို့ပါ ဆေးရုံရောက်ကတည်း က တစ်ခေါက်မှ မရောက်ဖြစ်သေးဘူး အဲဒါ”

www.burmeseclassic.com

www.burmeseclassic.com



"သွားမနေပါနဲ့ သမီးရယ် သူလည်း နေကောင်းသွား ပြီး ဟာ၊ ခေါင်းကဒဏ်ရာပျောက်လို့ ရုံးတောင် ပြန်တက်နေ ပြီပဲ"

နှင်းနု ခေါင်းငုံ့ရင်း သက်ပြင်းချလိုက်မိသည်။ နေကောင်း သွားတာနှင့်ပဲ သတင်းသွားမမေးရတော့ဘူးလား အမေရယ်ဟု စိတ် ထဲမှ မေးလိုက်မိသည်။ နှုတ်ကတော့ ဘာမှ ဖွင့်ဟမပြော ဖြစ်ခဲ့ပေ။

"သမီးသာ ကိုယ့်ကိုယ်ကို ဂရုစိုက်ပြီး နေစမ်းပါကွယ် အမေတို့အဖေတို့ကို စိတ်ပူအောင်မလုပ်ပါနဲ့"

နှင်းနုမှာ မိခင်ဖြစ်သူ၏ စကားကြောင့် စိတ်ပျက်အား လျော့သွားမိသည်။

"သမီး ဘာမှမဖြစ်တော့ပါဘူး အမေရယ် ဘာမှလည်း မစိုးရိမ်ပါနဲ့ အခု"

"အို သမီးဘာပဲပြောပြော အမေစိတ်မချနိုင်ဘူး သမီးအဖေ သမီးအတွက် သိပ်ပြီး စိတ်ဆင်းရဲနေ ရှာတယ် သိရဲ့လား"

ခေါ်စိန်မြမှာ ပြောပြောဆိုဆို နှင်းနုရှေ့မှ ထွက်သွား တော့၏ နှင်းနုမှာ ခေါင်းငုံ့ရင်း ဝေ့သီလာသော မျက်ရည်စများကို လက်ညှိုးလေး နှင့်တို့သုတ်ကာ နေရာတွင် မလှုပ်မယှက် ငြိမ်သက်စွာရပ်ရင်း သူ့ကိုသာ တမ်းဆွတ်သတိရနေမိတော့သည်။



ခုချိန်မှာ သူ နှင်းနုကို မျှော်နေရှာရှာမည်။ သူ ဘယ်လို နေရှာလိမ့်မလဲ ဟူသော အတွေးက သူမရင်ကို ကြီးစွာသော ပူဆွေး သောကကိုဖြစ်စေလျက် စိတ်ဆင်းရဲနေရလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

နှင်းနုမငိုမိအောင် အတန်တန်ထိန်းချုပ်နေသည့်ကြားက မျက်ရည်ပေါက်တွေက တလိမ့်ချင်းလိမ့်ဆင်းကျလာသည့်အခါ တွင်မတော့ တသိမ့်သိမ့်ရှိုက်ငိုမိတော့သည်။

"မင်း သမီးကို အိမ်ထဲခေါ်သွားစမ်း မစိန်မြ အခန်း ထဲက ထွက်မလာစေနဲ့"

ဟူသော အဖေ၏ တစ်ချက်လွှတ်အမိန့်အောက်တွင် သူမမှာ ချစ်သူကို တွေ့ချင်မြင်ချင်ပါရက် အမေဆွဲခေါ်ရာနောက်သို့ ကသုတ် ကရက်ပါလာကာ ကျောခိုင်းလိုက်ရသောအဖြစ်သည် အလွန်မှ ရင်နင့် စရာကောင်းလှ၏။

ထို့အတူ နှင်းနု၏ ဖခင် ရှေ့သို့ရောက်နေရသော ကိုသိန်းတန်



မှာလည်း မျက်နှာငယ်လေးနှင့် နှင်းနုနှင့်တွေ့ခွင့်ရရန် အပြင်းအထန် ကြိုးပမ်းလျှက်ရှိနေရလေသည်။

"ပြန်ပါတော့မောင်ရင် ဘယ်လိုမှမဖြစ်နိုင်တော့လို့ ပါ"

"ကျွန်တော် နှင်းနုနဲ့တွေ့ပါရစေ ဦးလေးရယ် သူရော ဒီအစွဲအလမ်းကြီး အခုထိ ထားနေတုန်းပဲလား၊ ကြောက် ရွံ့နေတုန်းပဲလားဆိုတာ ကျွန်တော် သိချင်သေးတယ် တကယ်ဆို"

သူ မည်သို့ပြောစေကာမူ ဦးတင်ဝင်းကတော့ ခေါင်းကို ဖြည်းလေးစွာ ခါရမ်းရင်း

"ကျုပ်ပြောတာကို လက်ခံပါ မောင်ရင်၊ တစ်ခါဖြစ်တုန်း ကလည်း ကျုပ်မယုံခဲ့ဘူး၊ နှစ်ခါဖြစ်လာတော့လည်း တိုက်ဆိုင် မှုပဲလေဆိုပြီး ဖြေသာခဲ့တယ်၊ သုံးကြိမ်အထိ ပြီးတော့ ဘယ်လိုမှမခံစားနိုင်တော့ဘူး၊ ဒီအဖြစ်အပျက်တွေကြောင့် ကျုပ်သမီးလေးဟာ ပတ်ဝန်းကျင်မှာ ခေါင်းမဖော်နိုင်ခဲ့ဘူး၊ ကိုးနှစ်စာသင့်နေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် လူတော မတိုးရဲတာကို မြင်ရတာ ကျုပ်တို့ဘယ်လောက်ရင်နာရလဲ မောင်ရင် ကိုယ်ချင်းစာကြည့်စမ်းပါ"

နှင်းနုဖခင်သည် များစွာ စိတ်ထိခိုက်ပုံပေါ်နေသည်။ မိဘတစ် ယောက်၏ စိုးရိမ်ပူပန်မှုနှင့် ချစ်သူတစ်ယောက်၏ ယူကြုံးမရသောက မည်သည်က ပိုသာမည်လဲဟု သူနှိုင်းယှဉ် မပြတတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ၏ မိဘများခံစားနေရသော ခံစားမှုထက် မလျော့သော အပူမီးက ရင်တွင်း၌ လောင်မြိုက်ပြာကျတော့မတတ် ပူဆွေးသွားစေလေသည်။

"ဒါ တကယ်တော့ တစ်ယူသန်အစွဲတွေပါ ဦးလေးရယ်.. ဒီအတိုင်း ကျွန်တော်တို့ လက်မြှောက်အရှုံးပေးလိုက်ရမှာ လား အဲဒါ.. အဓိပ္ပါယ်မရှိဘူးလို့ ထင်တယ်"

"မလုပ်ပါနဲ့မောင်ရင် ကျုပ်သမီးလေးအသက်ကို ရင်းပြီး မစမ်းသပ်ပါရစေနဲ့တော့ မောင်ရင်တို့ ခေတ်ပညာ တတ်တွေ ဟာ ဒီလိုပဲ ဘာကိုမှ အယုံအကြည် မရှိဘူး၊ တကယ် ဖြစ်ပြီဆို ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား မီးဆိုတာ မလောင်ခင်က တားတာပဲ ကောင်းပါတယ် မောင်ရင်.. ကျုပ် သမီးကို တကယ် မေတ္တာရှိရင် မေ့ပစ်လိုက်ပါ"

အဆုံးစွန်သောစကားကို ပြောလိုက်သော ဦးတင်ဝင်သည် သူ့အား ပြောဆိုခွင့်မပေးနိုင်တော့သလို နေရာမှ ထထွက်သွားလေ တော့၏။

သူ စိတ်ဓါတ်ကျစွာ ခေါင်းကို ခါရမ်းပစ်လိုက်သည်။ အိမ်ပေါ်မှ နေ့ကွေးလေးလံစွာနှင့် ဆင်းခဲ့ပြီး ခြံစည်းရိုးနား အရောက် တွင် နှင်းနုကို တွေ့လိုတွေ့ငြား လှည့်ကြည့်မိသေးသည်။ သို့သော် နှင်းနုကို မပြောနှင့်၊ သူမ၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

ခြံစည်းရိုးမှ မန်ကျည်းပင်ကြီးကို ဘာရယ်မဟုတ် မော့ကြည့် လိုက်မိစဉ် မန်ကျည်းပင်အုပ်အုပ်ကြီးမှာ လေမတိုးဘဲ ရုတ်တရက် ယိမ်းထိုးလှုပ်ရှားသွားသည်ကို သူတွေ့လိုက်ရသည်။ ကြောက်ရွံ့တုန်လှုပ် ခြင်းမဖြစ်ဖူးသော သူပင် ကျောထဲက စိမ့်သွားသလို ဖြစ်မိ၏။ မန်ကျည်းပင်ကြီး ယိမ်းထိုးလှုပ်ရှားသွားပုံမှာ မကောင်းဆိုးရွား တစ်ကောင် ဟားတိုက်ရယ်မောလိုက်သလို ဖြစ်နေသည်ဟု ထူးခြားစွာ ထင်မြင်လိုက်မိလေသည်။ သူဒေါသ ထွက်သွားပြီး တောက်တစ်ချက် ခေါက်ပစ်လိုက်မိသည်။

ဒေါသဖြစ်ခြင်း၊ နာကျင်ကြေကွဲခြင်းတို့ကြောင့် သူ့ရင်သည် တဆစ်ဆစ်နာကျင်လျှက်ရှိ၏။

ဒီအတိုင်းဆို သူ့ဘက်က နောက်ဆုတ်အရှုံးပေးဖို့သာ ရှိ တော့သည်။ ချစ်ရင်းနှင့် နစ်မွန်းသွားရသော ချစ်သူ၏ အဖြစ်ဆိုးကို သူမမြင်တွေ့လိုချေ။ ထို့ကြောင့်...

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မောင်ချို မောင်ချို"

"ဗျာ လာ လာပါပြီ အစ်ကို"

သူ့အသံက အတော်လေးမာသွားသည်ထင်၏။ မောင်ချိုမှာ သုတ်ခြေတင်ပြေးလာပြီး သူ့ရှေ့မှာ မျက်နှာငယ်လေးနှင့် ရပ်နေသည်။

"လက်နှစ်ဖက်ရှေ့မှာကာပြီး စုံရပ်မနေနဲ့ မနေ့က ငါသိမ်းခိုင်းထားတဲ့ ပစ္စည်းတွေ သွားသိမ်းပြီးရင် ကိုဇော်လင်းကိုဒီစာ သွားပေး"

ကိုသိန်းတန့်စကားအဆုံး မောင်ချိုမှာ လက်ကို ရှေ့မှာပဲထားရမလို နောက်ကို ပစ်ရမလို ယောင်ချာချာဖြစ်နေရင်းမှ သူပစ်ချပေးသော



စားပွဲပေါ်မှ စာရွက်ခေါက်ကိုယူကာ ချက်ချင်း လှည့်ထွက်သွားလေသည်။ တံခါးဝသို့ရောက်သောခါမှ တစ်ခေါက်ပြန်လှည့်လာကာ ...

"အစ်ကို"

ဟု မရဲတရဲ ခေါ်ပြန်လေသည်။ သူ စားပွဲပေါ်လက်ထောက်ရင်း ခေါင်းငုံ့နေရာမှ ဆတ်ခနဲ မော့ကြည့်လိုက်၏။

"ဘာလဲ"

"အစ်ကို တကယ်ပဲ သွားတော့မှာလားဟင်၊ တကယ်သွားတော့မှာပေါ့နော်"

မောင်ချို့စကားအဆုံး သူ မျက်မှောင်ကျုံ့ပစ်လိုက်မိသည်။

"ငါက မင်းကို နောက်ရမှာလား၊ ရုံးဝန်ထမ်းတွေကိုရော လျှောက်နောက်နေရမှာလားကွ"

သူ့အော်သံကြောင့် မောင်ချိုမှာ ပုခုံးကလေးကျုံ့သွားလေ၏။

"အဲ အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး အစ်ကို၊ ကျွန်တော့်စိတ်ထဲမှာ မယုံနိုင်လွန်းလို့ပါ အစ်ကိုဒီအဖြစ်အပျက်ကြီးကို စိတ်နာသွားတယ်ဆိုရင်တောင် ကျွန်တော်မြို့လေးကိုတော့ စိတ်မနာပါနဲ့ ပြီးတော့ မမေ့ပါနဲ့လို့ ပြောချင်လို့ပါ အစ်ကို နယ်ပြောင်းဖို့လျှောက်ခဲ့တာ အဖြစ်ဆိုးကြီးကို စိတ်နာနေလို့လို့ ကျွန်တော်ထင်တယ်လေ၊ ဒါပါပဲ အစ်ကို၊ ကျွန်မတော် စာသွားပေးလိုက်ပါဦးမယ်"

မောင်ချိုသည် သူ့အား မပြောစဖူးသော စကားရှည်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ပြောကာ အခန်းထဲမှ ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေတော့သည်။ ကိုသိန်းတန်မှာ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချရင်း သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်မိသည်။

တကယ်တော့ သူ ဘယ်အရာကိုမှ စိတ်မနာပါချေ။ စိတ်ထိခိုက်ကြေကွဲစရာကောင်းလှသော အဖြစ်ဆိုးကြီးကို အရှုံးပေးလိုက်ဖို့ တနည်းအားဖြင့် ရှောင်တိမ်းခြင်းဖြင့် အနိုင်ယူဖို့ သူဒီအရပ်မှ ထွက်သွားခြင်းသာ အကောင်းဆုံးဖြစ်မည်ဟု ထင်မိသည်။ ထို့ကြောင့်သာ သူ နယ်ပြောင်းရန် အထက်သို့ လျှောက်လွှာတင်လိုက်ခြင်းဖြစ်သည်။ ယခု သူ ပြောင်းရတော့မည်။

မတွေးချင်သော အတွေးတို့က အာရုံထဲသို့ အလုအယက်တိုးဝင်လာကြပြန်သည်။ မျက်စိမှိတ်ထားလည်း အာရုံထဲတွင် နှင်းနု၏ မျက်နှာ၊ နှင်းနု၏ အရိပ်အယောင်ကိုသာ မြင်တွေ့နေရခြင်းသည် အလွန်ရင်နင့်ဖွယ်ကောင်းလှသည်။ သူမ၏ ခေါ်သံတို့သည်လည်း နားထဲတွင် အဖန်တလဲလဲကြားယောင်လာလေတော့၏။

"ကိုကြီး"

"ဟင်"

သူမျက်လုံးဖွင့်ကြည့်လိုက်မိစဉ် သူ့ထံသို့ အပြေးကလေးလှမ်းလာသော နှင်းနုကို တွေ့လိုက်ရသည်။

"ကိုကြီး"

"နှင်း နှင်းနု"



အိမ်မက်မဟုတ်တော့သည့် သူ၏အဖြစ်အပျက်တို့က ထူးခြားမြန်ဆန်လွန်းသည်။ အတွေးထဲတွင် အိမ်မက်လိုလို ကြားနေရသော သူမ၏ ခေါ်သံနှင့်အတူ သင်းထုံမွှေးပျံ့သည့် သနပ်ခါးရနံ့လေးပါ နှာခေါင်းထဲသို့ တိုးဝင်လာသည့်အခါ သူရင်သည် မီးရထားအစင်းပေါင်း မြောက်မြားစွာဖြတ်ကျော် ခုတ်မောင်းသွားခြင်းခံရသလို ခုန်လှုပ်လျက်ရှိတော့၏။

"ကိုကြီးရယ်"

သူ့ရင်ခွင်ထဲသို့ အားကိုးတကြီး ပျော့ပျောင်းစွာ မှီနွဲ့ကျလာသော နှင်းနု၏ ခန္ဓာကိုယ်နွေးနွေးအိအိလေးကို တင်းကျပ်စွာဖက်ထားရင်း သူ့နှုတ်မှ ပြောစရာစကားတို့ ပျောက်ရှသွားကုန်၏။

"နှင်းနုလေ.. ကိုကြီးနဲ့မခွဲနိုင်ဘူး သိလား.. နှင်းနုအိမ်ကထွက်ပြေးခဲ့ပြီ.. နှင်းနုကို တစ်ခါတည်းခေါ်သွားပါတော့နော်"

"နှင်းနု ကိုယ်နဲ့ တကယ်လိုက်ရဲပြီလား.. သေသေချာချာရော ဆုံးဖြတ်ပြီးပြီလား"

"နှင်းနု သေသေချာချာ ဆုံးဖြတ်ပြီးမှ ထွက်လာခဲ့တာ ဖြစ်ချင်ရာဖြစ် နှင်းနု ဂရုမစိုက်ဘူး၊ ကိုကြီးနဲ့ ခွဲရပြီး အသက်ရှင်နေတော့ရော ဘာထူးမှာလဲ.. ဘဝက ဘာအဓိပ္ပာယ်ရှိဦးမှာလဲ ကိုကြီးရယ်"

"ဒါဆို ကိုကြီးနဲ့ လိုက်ခဲ့တော့မယ်ပေါ့နော် တကယ်ပဲလား

www.burmeseclassic.com

www.burmeseclassic.com



ကွာ''

''နှင်းနု မညာပါဘူး ကိုကြီးရယ် နှင်းနု ကိုကြီးနဲ့ ခွဲရရင် ရင်ကွဲပြီးသေလိမ့်မယ်''

''ဩော်… နှင်းနုရယ်''

မိန်းကလေးတန်မဲ့ စွန့်စားမည့်သူက စွန့်စားရဲပါသည် ဆိုသော ချစ်သူကို သူမထားရက်နိုင် တစ်ခါတည်း အပြီးအပိုင် ခေါ်သွားဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချလိုက်၏။

အချစ်ဖြင့် အရာအားလုံးကို ရင်ဆိုင်မည့်သူတို့နှစ်ဦးမှာ သတ္တိခွန်အားတို့ အလိုလိုရှိလာလေတော့သည်။

* * *

## အခန်း (၂၉)

''ကိုကြီး အထုပ်အပိုးတွေ ပစ္စည်းတွေ ဘာလို့ မယူခဲ့တာလဲဟင်''

နှင်းနု၏ စကားအဆုံးတွင် ကိုသိန်းတန်က ပြုံးရင်း

''နှင်းနုတစ်ယောက်လုံးပါလာပြီပဲ ကျန်တဲ့ပစ္စည်းတွေက ဘာအရေးကြီးလဲ''

ဟု ပြန်ပြောလိုက်လေသည်။ သူတို့သည် ကားလမ်းသို့ သွားရန် မီးရထားလမ်းဟောင်းလေးအတိုင်း တစ်ယောက်လက်တစ်ယောက်တွဲကာ လျှောက်လာကြခြင်းဖြစ်လေသည်။

''နှင်းနုက ကိုကြီးကိုသာပြောနေတာ နှင်းနုမှာလည်း ဘာမှ မပါခဲ့ဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲနော်''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကောင်းတာပေါ့"

"ဟွန်း ဘာကောင်းတာလဲ.. လူချည်းသက်သ
ခိုးရာလိုက်ပြေးလာတော့ ကိုကြီး မိဘတွေက အထ
သေးမှာပေါ့၊ ဘယ်လိုကောင်မလေးလဲဆိုပြီး"

"ဘာမှအထင်သေးစရာမရှိဘူး ကိုယ်ရွေးရင် ဘယ် တော
မမှားဘူးဆိုတာ အိမ်က ယုံပြီးသား သိရဲ့လား"

ကိုသိန်းတန့်စကားအဆုံးတွင် နှင်းနုက သဘောကျ
တခစ်ခစရယ်လေသည်။

"ကိုကြီး ဒီရထားလမ်းကြီးအတိုင်းလျှောက်နေတော့
လား.. ရန်ကုန်ကို ဘာကားနဲ့ သွားမှာလဲဟင်"

"ဒီကနေ ခပ်ဝေးဝေးလျှောက်ရင် အဝေးပြေးကားလမ်
ကို ရောက်တယ်၊ အဲဒီကနေ ကားကြုံနဲ့ ပြန်ကြတာပေ
အစကတော့ လိုက်ရဲ့တယ်၊ သတ္တိရှိတယ်ဆိုပြီး နှ
ကြောက်နေပြီလား"

နှင်းနုက သူ့စကားကို ပြန်မဖြေဘဲ ခေါင်းကို အသာ
ယမ်းပြရင်း မီးရထားသံလမ်းပေါ်မှ အထစ်ကလေးများကို ငုံကြ
လျှက် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာလေသည်။ ရထားလ
၏ ဘေးတစ်ဖက်တစ်ချက်မှာ ချုံနွယ်ပိတ်ပေါင်းများ၊ ဆူးပင်မျာ
ကို ငေးကြည့်ရင် တစ်ယောက်လက်တစ်ယောက် အားကိုးတကြ
ဆုပ်ကိုင်လျှောက်လှမ်းလာသော သူတို့နှစ်ဦး၏ ရင်ထဲတွင် ဘယ



လောက်ပဲ ကြမ်းတမ်းခက်ခဲတဲ့ ခယောင်းလမ်းဖြစ်နေပါစေ၊ နောက်ဆုတ်ရန် စိတ်ကူးမရှိတော့ပါချေ။

"ဟော်"

ရှူးရှူးကျယ်လောင်စွာကြားလိုက်ရသော နှစ်ယောက်စလုံး နောက်သို့ အထိတ်တလန့် လှည့်ကြည့်လိုက်မိကြသည်။

"ရထားလာနေပြီ"

ဆိုသော အသိကြောင့် တစ်ဖက်လမ်းသို့ အပြေးအလွှား ဖြတ်ကူးရန် ကြည့်လိုက်သည်။ သူတို့ လျှောက်နေသောလမ်း၏ ဘေးကပ်ရပ်တွင် ကုန်းထိကရုံးရှိုင်းပင်များက တောထနေ၏။

"လာ.. နှင်းနု.. ရထားလာနေပြီ ဒီလမ်းက ရထားက
လာခဲပါတယ် ခုမှ ဘယ်လိုဟာ"

တစ်ဖက်သို့ကူးရန် အရှိန်ယူခိုက်တွင် ဆူးခြံနှင့် သူ့အင်္ကျီစမှာ ငြိနေကြောင်းတွေ့လိုက်ရလေသည်။

"ကိုကိုကြီး"

နှင်းနုမျက်နှာလေးက ချက်ချင်းပင် သွေးဆုတ်ဖြူရော သွားသည်။

ပိုပြီးကျယ်လောင်သည့် ရထားဥသြဆွဲသံက သေမင်း တမန်အော်သံလို သူ့နားထဲသို့ အရှိန်ပြင်းစွာ ဝင်ရောက်လာသည်။

ဆူးကို ဖြုတ်သည်။ ဘယ်လိုမှမရချေ။ ချွေးစေများ ချိုလာ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"နှင်းနု သွား"

ရထားခေါင်းကို လှမ်းမြင်နေရချေပြီ၊ နှင်းနုကိုယ်လေးကို ရထားလမ်းနှင့် လွတ်ရာသို့ တွန်းထုတ်ပစ်လိုက်သည်။

"ကိုကြီး မြန်မြန်လုပ်ပါ ဟိုမှာ ရထားက နီးလာပြီ"

နှင်းနု ဘယ်လောက်ပင် အော်အော် သူက အခုထိ ဆူးခြုံမှ ထွက်မလာသေးချေ။

"ဘော်"

ရထားဥသြသံကျယ်ကျယ်နှင့်အတူ သူမ၏ အာရုံထဲတွင် လျှပ်စီးလက်သလို ဝင်းခနဲဖြစ်သွားသည်။

တစ်စုံတစ်ယောက်၏ ဟားတိုက်ရယ်မောသံကြီး၊ တောင်စောင်းမှ အရိပ်မည်းမည်းကြီးနှင့်အတူ ဆွဲချခြင်းခံလိုက်ရသလို ပြုတ်ကျသွားခဲ့သော လူတစ်ယောက်၊ ဝုန်းခနဲ သစ်ကိုင်းကျိုးသံနှင့်အတူ တစ်ကိုယ်လုံး လျှပ်စစ်ဝါယာကြိုးများရစ်ပတ်ကာ မရှုမလှ ဆုံးသွားသော နောက်ထပ်မြင်ကွင်းတစ်ခု။

အားလုံးကို ရုပ်ရှင်ပြကွက်လို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်လာသည်။

"ကိုကြီး ကိုကြီး မသေရဘူး"

သူမ၏ အော်သံက ရထား ဥသြသံနှင့်ပြိုင်တူထွက်ပေါ်လာသည်။ မျက်နှာချင်းဆိုင်က လာနေသော ရထားကြီးကို ကြည့်ကာ



သူမဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပုံမျိုးဖြင့် သူမကြောက်ရွံ့တုန်လှုပ်နေရာမှ မျက်နှာက တည်ငြိမ်သွားသည်။

"ကိုကြီး"

"နှင်းနု မလာနဲ့ ဟာ"

အမှတ်တမဲ့မို့ သူနှင့် ရထားကြားသို့ ပြေးဝင်လာသော နှင်းနုကို မတားဆီးလိုက်နိုင်ချေ။ နှစ်ယောက်လုံးမျက်စိစုံမှိတ်ရင်း နောက်ဆုံးထွက်သက်ကိုသာ စောင့်စားရန်ရှိတော့သည်။

"ဘော်ပူ"

"ဟာ"

"အို"

ရုတ်တရက်ဖြုတ်မရအောင် ရှုပ်ယှက်ခတ်ငြိနေသော ဆူးခက်တို့မှာ ဆန်းကြယ်စွာပင် သူ့ဖာသာပြုတ်ထွက်သွားတော့သည်။ ကိုသိန်းတန်မှာ နှင်းနုကို ပွေ့ရင်း ရထားလမ်းတစ်ဖက်သို့ရှောင် ဖယ်ကာ တစ်ရှိန်ထိုးပစ်လှဲချလိုက်တော့သည်။

ရထားကြီးမှာ သူတို့ဘေးမှ အရှိန်ပြင်းစွာ ခုတ်မောင်းဖြတ်ကျော်သွားလေ၏။ သူတို့နှစ်ယောက်မှာလည်း အတူတွဲလျက်က တာရိုးစောင်းတစ်ဖက်သို့ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားရလေသည်။

သို့သော် သူမတို့အတွက် အန္တရာယ်များက မပြီးဆုံးနိုင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းနုအရဲစွန့်ပြီး မျက်စိဖွင့်အကြည့်တွင် တာခြေမှ ကျောက်တုံးကြီး တစ်တုံးကို တွေ့လိုက်ရ၏။ ကျောက်တုံးကြီးမှာ သူမတို့လိမ့်ကျသွားမည့်လမ်းအဆုံးတွင် ရှိနေလေသည်။ ကျောက်စွယ်အစွန်းတို့မှာ အရိုန်ဖြင့်ပြေးဝင်လာမည့် သားကောင်ကို ကြိုစောင့်နေသည့်အလား။ ထိုလမ်းကြောင်းအတိုင်း တည့်တည့်သာ ကျဆင်းသွားပါက ကိုသိန်းတန်၏ ခေါင်းနှင့်ကွက်တိပင် ဝင်ဆောင့်မိပေတော့မည်။

နှင်းနုသည် ဖျပ်ကနဲ သူမကိုယ်ကို တစ်ပတ်လှိမ့်ချရင်း ကျောက်တုံးရှိရာသို့ ဦးတည်ပေးလိုက်သည်။

"နှင်း /... နု"

ကိုသိန်းတန်၏ စိုးရိမ်တကြီးအော်သံကို ကြားရပြီး သူမ၏ ခေါင်းသည် အောက်မှ တစ်စုံတစ်ရာနှင့် သွားဆောင့်မိသံ၊ ဒုတ်ခနဲ ကြားလိုက်လေတော့၏။ သူမအရာအားလုံးကို စိတ်ချသွားသလို သူ့အသက်ကို ကာကွယ်လိုက်နိုင်သည်။

"နှင်းနု"

ဟု စိုးရိမ်တကြီး အော်ခေါ်ရင်း ပွေ့ထူလိုက်သည့် ချစ်သူ့လက်ထဲတွင်ပင် လောကသည် မှောင်အတိကျသွားပြန်တော့သည်။

* * *

## အခန်း (၃၀)

ထိုအဖြစ်အပျက်များလွန်လေပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ ရန်ကုန်မြို့ရှိ မြို့နယ်တစ်ခုအတွင်းတွင် ထူးခြားသော မင်္ဂလာပွဲလေးတစ်ခု ကျင်းပနေသည်ကို တွေ့ရလေတော့သည်။

ထိုမင်္ဂလာပွဲ၏ ထူးခြားချက်မှာ တစ်သက်မှာ တစ်မင်္ဂလာသာဆောင်ရသော သတို့သမီးလေးမှာ အလှဆုံးဖြစ်နေရမည့်အချိန်တွင် အစွမ်းကုန်မလှနိုင်ရှာဘဲ နဖူးတွင် ပတ်တီးဖြူဖြူကလေး စည်းထားသောကြောင့် မင်္ဂလာဆောင်လာကြသော ပရိတ်သတ်မှာ အံ့ဩပြီး အချင်းချင်း လက်တို့ကာ ဘယ်လိုပါလိမ့်ဟု မေးကြလေသည်။

"ဟာ ... သတို့သမီးက ဘယ်လိုဖြစ်တာလဲ၊ သိန်းတန်မင်း ကောင်မလေးနဖူးမှာ ပတ်တီးကြီးနဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးလှိုင်တို့အုပ်စုရောက်လာသောအခါ နှင်းနုကို ကြည့်ပြီး တအံ့တသြမေးကြလေတော့သည်။ ကိုသိန်းတန်မှာ ဖြစ်ကြောင်းကုန်စင် ရှင်းမပြနိုင်သေးသော်လည်း ဒဏ်ရာရလာပုံ အသေးစိတ်ကို မေးသမျှ လူတိုင်းကို ပြောပြရလေ၏။

"ဟာ မင်းတို့ အဖြစ်ကတော့ စံပါပဲကွာ.. ဒဏ်ရာတောင် အကင်းမသေသေးဘူး ချက်ချင်းထပြီး မင်္ဂလာဆောင်ရတယ်လို့"

"နောက်ထပ် ဒီလိုထပ်ဖြစ်မှာ ငါမလိုချင်တော့ဘူးကွာ.. လက်ထပ်ပြီးမှ အတူသေရရင်လည်း သေပါစေတော့ ကျေနပ် တယ်.. ဒီလောက်များပြားတဲ့ အန္တရာယ်တွေကိုတောင် အချစ်စစ်နဲ့ ကျော်ဖြတ်နိုင်ခဲ့သေးတာပဲ"

ကိုသိန်းတန်မှာ သူငယ်ချင်းများနှင့် စကားကောင်းနေစဉ် သူ့မိဘများ ရောက်လာကာ

"သား ဟိုမှာ မင်းယောက္ခမတွေ လိုက်လာကြတယ် ထွက်ကြိုလိုက်ဦး"

ဟု လာပြောလေသည်။ ထိုအခါ နှင်းနုမှာ မျက်နှာပျက်သွားပြီး

"ဒုက္ခပါဘဲ ကိုကြီးရယ်.. နှင်းနုတို့ ဘယ်နှယ်လုပ်ကြမလဲဟင်.. အဖေတို့အမေတို့က အစိုးရိမ်လွန်ပြီး နှင်းနုကို ပြန်ခေါ်သွားကြရင် ဒုက္ခပါဘဲ"

ဟု ပြောလိုက်လေသည်။



"ဘာမှမပူပါနဲ့ကွာ.. ယောက္ခမတွေကို ကိုယ်, ကိုယ်တိုင် စာရေးအကြောင်းကြားလိုက်တာ.. သူတို့ ခေါ်ချင်တိုင်း ခေါ်လို့လည်း မရပါဘူး၊ နှင်းနုက ကိုယ့်မိန်းမဖြစ် နေပြီလေ"

ထိုအခါ နှင်းနုမှာ မျက်နှာလေး နီရဲသွားကာ သူ့ကို မျက်စောင်းထိုးလိုက်၏။

"သွား ဟုတ်လည်းမဟုတ်သေးဘဲနဲ့ ဘာမိန်းမလဲ .. မဟုတ်တဲလျှောက်ပြောနေတယ်"

ထိုစဉ် သူတို့အနီးသို့ ရောက်လာသော မောင်ချိုက

"ဟာ.. အစ်ကိုတို့က အခုထိ လင်မယားမဖြစ်သေးဘူးလားဗျ.. တစ်ပတ်လောက်ပဲ ကြာနေမှ.. ညံ့ပါ့ဗျာ"

ဟု ဝင်ပြောလိုက်ရာ ကိုသိန်းတန်က ရက်ကိုးရက်ကန်းနှင့် ရယ်နေလေတော့သည်။

"အမလေး သမီးရယ်.. မိုက်လိုက်တာကွယ်.. မသေကောင်း မပျောက်ကောင်း"

နှင်းနုအမေ ဒေါ်စိန်မြမှာ သမီးဖြစ်သူအား တွေ့လိုက်သည်နှင့် စိုးရိမ်တကြီး ပွေ့ဖက်ကာ ထိုသို့ပြောလိုက်လေ၏။ နှင်းနု၏ ခေါင်းမှ ပတ်တီးဖြူဖြူလေးကို ကြည့်ကာ စုတ်တသပ်သပ်နှင့် ရှိနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့က.. မောင်ရင်နဲ့ သဘောမတူစရာမရှိပါဘူး ကွယ်.. ဒါပေမယ့် ဟိုအဖြစ်ဆိုးကြီးကြုံမှာစိုးလွန်းလို့သာ တားခဲ့ရတာပါ.. ခုလိုဆိုတော့လည်း စိတ်ချရပါပြီ"

နှစ်ဖက်မိဘများ၏ အခြေအနေမှာ ပြေပြေလည်လည် အေးအေးချမ်းချမ်းရှိသွားသော်လည်း သူတို့ရင်ထဲတွင် တစ်စုံတစ်ခု ဖြစ်လာလေမည်လားဟုတွေးကာ တထိတ်ထိတ်နှင့် မင်္ဂလာအချိန်ကို ဖြတ်သန်းရလေသည်။

ကိုသိန်းတန်သည် ချွေးစေးများနှင့် အေးစက်နေသော နှင်းနုလက်ဖျားလေးကို မလွှတ်စတမ်း တင်းတင်းဆုပ်ကာ အသံတိတ် အားပေးနေရလေသည်။

သို့သော် နယ်မြေဒေသ ဝေးသွားခြင်းကြောင့်လား မပြောတတ်။ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ဘဲ မင်္ဂလာပွဲမှာ အေးအေးချမ်းချမ်း ပြီးဆုံးသွားလေတော့သည်။

* * *

## အခန်း (၃၁)

သမီးနှင့်သားမက်က တစ်ရက်နှစ်ရက်လောက် နေသွား ပါရန် အတန်တန်တားသော်လည်း ဦးတင်ဝင်းနှင့် ဒေါ်စိန်မြမှာ မင်္ဂလာပွဲပြီးသည့်နေ့၌ပင် အိမ်သို့ ပြန်ခဲ့ရလေ၏။

ခမည်းခမက်များထံတွင် အကျိုးအကြောင်းပြောပြီး သမီးလေးကို အပ်နှံကာ နောက်အေးအေးဆေးဆေးမှ ပြန်လာပါမည့်အကြောင်းကိုလည်း စိတ်ကျေနပ်အောင် ပြောခဲ့ရသေးသည်။

သူတို့ ထိုသို့ပြန်လာခြင်းသည် ထူးဆန်းသော အဖြစ်အပျက်များကို မျက်ဝါးထင်ထင်တွေ့မြင်စေရန် တစ်စုံတစ်ရာက တွန်းအားပေးခြင်းပေလားမပြောတတ်။

ထိုနေ့က နှင်းနု၏ မင်္ဂလာဦး ညပင် ...

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမမိဘနှစ်ပါး၏ အိမ်လေးမှာတော့ ကြောက်မက်ချောက်ချားဖွယ် ညတစ်ညပင် ဖြစ်ခဲ့လေသည်။

ထိုညက လေတွေမိုးတွေ သည်းထန်စွာ ရွာနေခဲ့သော ကြောင့်အတိုးကြီး၊ အသွားကြီးလင်မယားမှာ မှန်အိမ်မှိန်မှိန် ထွန်းရင်း တံခါးများအလုံပိတ်ကာ အိပ်ရာသို့ စောစောဝင်ခဲ့ကြ၏။ သို့သော် ညသန်းခေါင်လောက်ရောက်သောအခါ အိမ်ရှေ့မန်ကျည်းပင်ကြီးဆီမှ ရုတ်တရက် ကျီးပြိုသံကို ကြားလိုက်ရသောကြောင့် နှစ်ယောက်လုံး အိပ်မရဘဲ နိုးလာကြလေတော့သည်။

"ဝုန်း ရှုတ်"

"ဖြောင်း ဖြောင်း"

အိမ်ရှေ့မန်ကျည်းပင်ကြီးမှာ တစ်စုံတစ်ခုက စိတ်ကြိုက်ချိုးဖဲ့ဖျက်ဆီးနေသလို တဝုန်းဝုန်း၊ တဖြုန်းဖြုန်း အသံများမှာ နားကွဲလုမတတ် ဆူညံနေတော့သည်။

"ကို ကိုတင် ... ကြားလား ဟင်"

"ကြားပါတယ် မစိန်မြရယ်၊ ကျီးတွေပြိုကတည်းကငါ အိပ်လို့မရတော့တာ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူးဟ"

"ဟုတ်ပ၊ ကျွန်မလည်း ထွက်မကြည့်ရဲဘူးတော့၊ လေလည်း ငြိမ်သလောက်ရှိပါပြီ သစ်ပင်ကြီးက တဝုန်းဝုန်းနဲ့ ကျွန်မဖြင့် ကြက်သီးတွေတောင်ထတယ်"



"ကိုင်းကွာ ဖြစ်ချင်ရာဖြစ် ထွက်မကြည့်ရဲတဲ့အဆုံး ပျော်အောင်သာ အိပ်ပေတော့ဟေ့၊ ငါတို့သမီးလေး ဘာမှမဖြစ်ပါစေနဲ့လို့သာ မေတ္တာပို့ပေး"

ထိုစဉ် မန်ကျည်းပင်ကြီးထဲမှာ တဝုန်းဝုန်း၊ တဖြောင်း ဖြောင်း အသံများကို ဆူညံစွာ ကြားရပြန်လေသည်။

ငိုသံလိုလို၊ ညည်းသံလိုလို မပီမသ၊ မသဲမကွဲကြားရသောအခါ လင်မယားနှစ်ယောက်မှာ အိပ်မပျော်နိုင်ဘဲ ဘုရားစာများ၊ အန္တရာယ်ကင်းပရိတ်များကိုသာ ရွတ်ဖတ်ရင်း မိုးစင်စင်လင်းသွားရလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

နောက်တစ်နေ့မနက် မိုးလင်းသည့်အခါ

ထူးဆန်းသည့်အဖြစ်အပျက်တစ်ခုကို သူတို့ တွေ့မြင်လိုက်ရလေတော့သည်။ မန်ကျည်းပင်ကြီးမှာ အမြစ်မှကျွတ်ကာ လမ်းဘက်သို့ ဦးလှည့်လျက် တုံးလုံးကြီး လဲကျနေလေတော့သည်။

အပင်မှာ အိမ်ဘက်သို့ ကိုင်းနေသော်လည်း လမ်းဘက်သို့ လဲနေသည်မှာ တမင်တွန်းလှဲထားသလိုပင်။

သို့သော် သစ်ပင်ကြီးသည် အငြိုးကြီးမားလှပေသည်။ သူ တစ်ပင်တည်း လဲကျနေခြင်းမဟုတ်ပါချေ။ ခုနှစ်ဆစ်သစ်ခွပန်းကလေး ကပ်စိုက်ထားသော သရက်ပင်ကိုပါ သူနှင့်အတူ အပါခေါ်သွားတော့၏။



ထိုပန်းကလေးရှိသော သရက်ပင်ကိုမှ တမင်တကာ ရွေးပြီး တိုက်လှဲသွားသည့်သဖွယ်ပင်။ ထိုအဖြစ်ကို ကြည့်ရင်း…

“ဩော် လူကို ဒုက္ခ မပေးရတော့ ပန်းပင်ကလေးကို အငြိုးတကြီးသတ်သွားတာပါလား”

ဟု သူတို့ နှစ်ယောက်မှာ ညည်းညူလိုက်မိလေတော့၏။

www.burmeseclassic.com